
www.burmeseclassic.com



(ကျေးလက်ပျော်ဟာသလုံးချင်းဝတ္ထုသစ်)

# ကိုရွှေတောသား

## အပျိုကြီးတို့ရဲ့မေတ္တာ

www.burmeseclassic.com

www.burmeseclassic.com

ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ်သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။

★ ပြည်တွင်းပြည်ပမှအတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။

★ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ❀ | ၅၀၁၃၆၆၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ❀ | ၅၀၀၁၉၃၀၂၁၀ |
| ပုံနှိပ်ခြင်း | ❀ | ပထမအကြိမ်၊ ဖေဖော်ဝါရီ၊ ၂၀၁၀ |

ထုတ်ဝေသူ

ဦးအောင်စိုး(စိုးစာပေတိုက်)၊

အမှတ်(၁၂)၊ သရဖီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

❀

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးကျော်ရင်(ရွှေခြသေ့်ပုံနှိပ်တိုက်)

၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

❀

အုပ်ရေ

၅၀၀

❀

တန်ဖိုး

၁၅၀၀

ထုတ်ဝေသည့် စာအုပ် ကတ်တလောက်အညွှန်း(CIP)

၈၀၈.၈၃

ရွှေတောင်သား၊ ကို

အမျိုးကြီးတို့မေတ္တာ/ကိုရွှေတောင်သား - ရန်ကုန်၊

စိုးစာပေ။ ၂၀၀၉။ ၂၀၀ - စာ။

၂၇.၃ စင်တီမီတာ X ၂၀ စင်တီမီတာ


www.burmeseclassic.com

www.burmeseclassic.com

# ကိုရွှေတောသား

# အပျိုကြီးတို့မေတ္တာ

ကျေး လက် ပျော် ဟာ သ လုံး ချင်း ဝ တ္ထု သစ်

www.burmeseclassic.com

www.burmeseclassic.com

# ပါဠိသက်ပုဒ်စာအုပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

ဟာသစာရေးဆရာ ကိုရွှေတောသားဆိုတဲ့ငနဲက အပျိုကြီးတွေအကြောင်းကို စာဖတ်သူတို့ပြုံးရွှင်ကြည်နူးနိုင်စေဖို့ လုံးချင်းဝတ္ထုတစ်အုပ်ရေးမယ့်အကြောင်း၊ နီးစပ်ရာအပျိုကြီးတွေရဲ့ အတွင်းရေးတွေကို မသိမသာ လေ့လာအကဲခတ်နေတဲ့အကြောင်း၊ သူလေ့လာသိရှိထားသမျှတွေကို အမည်နာမ၊ နေရပ်ဒေသတွေလွှဲလို့ရေးမယ့်အကြောင်းကြားရတော့ မတော်လို့များ ကျွန်မအကြောင်းသူရေးတဲ့စာအုပ်ထဲပါသွားရင် ဒုက္ခဆိုပြီး ရင်တမမ ဖြစ်နေရတာအမှန်ပါ။

ကိုယ့်အကြောင်းတော့ ဟုတ်ပါရဲ့၊ ဒါပေမယ့် အမည်နာမတူ၊ နေရာဒေသတွေ လွှဲထားလေတော့ (တကယ်တော့ လူလည်ကြီးလုပ်တာပါ ... နော) ဒင်းကို ဘယ်လိုမှအမှုနဲ့ချေလို့ ရမှာမဟုတ်ဘူး။ အသရေဖျက်မှုအတွက် ရှေ့နေငှားပြီး တွယ်ဖို့ရာလည်း



မလွယ်လှဘူး၊ စာရေးဆရာတွေများ တယ်ကြောက်ဖို့ကောင်း။ ဒါကြောင့်လည်း စာရေးဆရာဆိုရင် ဝေးဝေးကကို ဝေရှာမဏီပဲ။

တကယ်လို့များ သူ့ အဲသည်စာအုပ်ထွက်လာရင် ကျွန်မတော့ လန်ဒန်မြေပဲယိုစားပြီး ငိုပစ်လိုက်မလားမပြောတတ်ဘူး။

ဘုရားသိကြားမ,လို့ ဥုဖွ ... ကျွန်မအကြောင်းတွေ လွှဲပါစေ ဖယ်ပါစေ ...။



www.burmeseclassic.com

ကျွန်မရဲ့နာမည်လား …

မြမဥ္ဆူ …တဲ့။

ဇာတိက ကျူမငေးကာ။ လက်ရှိမှာတော့ "ရွှေကြည်ရာမြွက်နုရာ"ဆိုသလို မြို့ပြရန်ကုန်ရဲ့တစ်ဖက်ကမ်းက ဒလဘက်ကို ရောက်နေတယ်။ မ်တတ်နိုင်ဘူးလေ …ဘဝဆိုတာက "ပျော်ရာမှာမနေရ တော်ရာမှာနေရ"ဆိုတဲ့စကားက အရှိသားကလား။

ဒလဆိုတာ ဆိုးတော့မဆိုးပါဘူး။ ရန်ကုန်ဘက်ကို သွားချင်တဲ့အခါ စက်သမ္ဗန်နဲ့ဖြစ်ဖြစ်၊ ကူးတို့ကူး ဖက်သင်္ဘောကြီးတွေနဲ့ဖြစ်ဖြစ် မနက်ကိုးနာရီကနေ ညကိုးနာရီအထိ အလွယ်တကူ အဖိုးနည်းဝန်ပါ ကူးသန်းနိုင်တာပဲ။ တစ်ခုတော့ရှိတာပေါ့လေ … မိုးတွင်းရောက်ရင် ဗွက်နဲ့ကြုံပြီ။ နွေအခါ ရေအခက်အခဲလေး ရှိတတ်တာမျိုးပါ။ ဒါလည်း တဖြည်းဖြည်းနဲ့တော့ ပြေလည်စပြုလာပါပြီ။



ကျွန်မ 'ကျူမငေးသူ မြမဥ္ဆူ'ရဲ့ အသက်လား။ အဟွန်းဟွန်း … ဘာရှိဦးမှာလဲ၊ နှစ်ဆယ်ကျော်လို့ ဆယ့်ငါးနှစ်ထပ်ပေါင်းလိုက် (၃၅)နှစ်ပဲ ရှိပါသေး။ ကိုင်း …သည်တော့ အသက်ကြီးသွားပြီလို့ မဆိုနိုင်ပါဘူးနော် …

အဲသည်လို အသက်ဘာမှုမကြီးသေးတာတောင်မှ ကျွန်မနေတဲ့ ရပ်ကွက်ထဲ လမ်းထဲက 'အပျိုကြီး …အပျိုကြီး'နဲ့ မထိခလုတ် ထိခလုတ် ခေါ်တတ်ကြလေရဲ့။ စိတ်ထဲမှာတော့ ဘယ်အခေါ်ခံချင်ပါ့မလဲ။ စွံသင့်တဲ့အချိန်မှာမစွံခဲ့လို့ သည်အသက်အရွယ်ထိ ရောက်လာခဲ့တော့လည်း ဘာမှခွန်းတုံ့ပြန်မနေတော့ပါဘူး။ တေတေကလေးနိုတ်လို့ တိတ်တိတ်ကလေးနေခဲ့ရတာပေါ့။

"ဟဲ့ …သမီး၊ ညည်းအသက်အရွယ်က မငယ်တော့ဘူး။ အရပ်ထဲက 'အပျိုကြီး …အပျိုကြီး'လို့ခေါ်နေကြလေတော့ ကိုယ့်ထက်ငယ်တဲ့ မြီးကောင်ပေါက်မလေးတွေနဲ့ သွားတုဖို့ရာ မစဉ်းစားလေနဲ့၊ ကြပ်ကြပ်သတိထား …"

အမေက ကျွန်မကို အဲသည်လိုသတိပေးတယ်။

အမေ့ရဲ့သတိပေးစကားနဲ့အညီ ကျွန်မလည်း အပျိုကြီးဆိုတဲ့အကြောင်း ဖျှပ္ပတ်နဲ့ညီအောင် တကယ့်ဆိုက်နဲ့ကိုက်နဲ့နေရတာပဲပေါ့။

တကယ်တော့ …ကြင်ဖော်မှာ ကြင်ဖော်ဘက်ကယ်နဲ့ သည်ယှက်ကာ တူစုံမန္တရတဲ့ဘဝဆိုတာ အတိတ်ကံဝင့်ကြွေးပါပေဟာ သို့မှားလားမသိဘူး။ အရင်းခံ အမှန်အတိုင်းပြောရရင် သားသမီး

www.burmeseclassic.com

www.burmeseclassic.com



တွေ့စုံအညီနဲ့ ကိုယ့်ငယ်ပေါင်းသူငယ်ချင်းမတွေကို မြင်လေတိုင်း အပျိုကြီးဘဝက ကျွတ်ချင်တာအမှန်ပါပဲ။ ဒါပေမယ့် ... လင်မရနိုင်တာ၊ ဖူးစာဘက်ကို မရနိုင်တာက ခက်နေတယ်။ အဲသည်အခါမှာ 'ဟန်ကိုယ့်ဖို့ မာန်သူ့ဖို့'ဆိုသလို ခပ်တည်တည်,ခပ်တင်းတင်း နေရတာကိုက စိတ်ထဲမတော့ အမွန်းကြပ်သား။

အဲသည်မှာ 'လိုတာမရ ရတာမလို'ဆိုတဲ့ စကားလုံးကြီးကလည်း ကျွန်မလိုဘဝတူတွေကို အပျိုကြီးအကန့်ထဲကို တွန်းပို့လိုက်သလားမှမသိဘဲ။

ကြည့် ...

ကျွန်မမှာလည်း ခံစားတတ်,ချစ်တတ်တဲ့နှလုံးသား ရှိတာပဲ။

မရှက်မကြောက်စတမ်း ဝန်ခံရရင် ကျွန်မလို နှစ်ဆယ်ကျော်, သုံးဆယ့်ငါးအရွယ်တူတွေအပေါ် ရင်ခုန်တာပေါ့။ နှလုံးသားလိပ်ပြာ တောင်ပံခတ်တာပေါ့။ မုန်ရွှေပြုပြတင်းရယ်က မယ်ခုမှော်တာပေါ့။

ဒါပေမယ့် ... ကျွန်မနဲ့ရွယ်တူ ယောကျ်ားသားတွေဟာ ဘယ်လိုများနားလည်ရမှန်း မသိတော့ပါဘူးရှင်။ သူတို့ရဲ့အာရုံတွေဟာ၊ မာတ်တွေဟာ ကျွန်မတို့လို သက်တူရွယ်မျှတွေအပေါ်မှာ မဟုတ်တော့ဘူးရှင့်။ ပင်လယ်တောင်ဖြတ်ကူးလိုက်ချင်တဲ့ ဆိတ်ကလေးတွေအပေါ်ပဲ အာရုံကျနေတာ၊ မာတ်ကျနေတာ ... စိတ်ကိုမှ ပေ်ပေါနဲ့ထုချပ်နေကြတဲ့။ ဒါတောင် အသက်သိပ်ကြီး



သေးတာ မဟုတ်သေးဘူးနော်။ ပမာနိုင်းနှိုင်းရရင် နွားတောင်မှ အိုပြီဆိုရင် မြက်နုမှ ကြိုက်သတဲ့။ ဟွန်း ... ဟွန်း ...။

ဒီလိုဆိုတော့ ... ကိုယ်နဲ့ရွယ်တူ ကိုယ့်ထက်အသက်ကြီးသူတွေက စိတ်မဝင်စားကြဘူး။ ဒါဆို စိတ်ဝင်စားသူတွေ မရှိတော့ဘူးလားလို့ မေးကြလိမ့်မယ်။ ဘယ်မရှိဘဲနေမှာတဲ့လဲရှင် ...

ရှိပါရဲ့ ... ရှိကိုရှိပါရဲ့ ...

အဲ ... ရှိတဲ့အရွယ်ဆိုတာ ကျွန်မတို့ထက် အသက်ခေါက်ချိုးမကငယ်တဲ့ လူပျိုပေါက်စကလေးတွေ။ သူတို့က အချစ်ကို လက်တည့်စမ်းချင်ကြတယ်။ ချိုပေါက်စမို့ ချိုသွေးစရာ ရှာတတ်ကြတယ်။ အံမယ် ... ဘယ်ကအတတ်ကောင်းတွေ ဆည်းပူးထားသလဲမသိဘူး။ ခြေဆင်းတွေ၊ ပရိကံတွေ၊ ပတ်ပျိုးတွေတောင် လုပ်မနေကြတော့ဘူး။ 'လူပျိုပေါက်စလက် ဝက်မြီး'ဆိုလားပဲ။ အင်မတန်မှသွက်ကြတယ်။ ကွင်းရိုလို့များကတော့ ခြေစွမ်းအင်မတန်ပြချင်ကြတာ။ ကန်ရိုလို့ကတော့ ဒိုင်ဗင်ပစ်ပြီး ကူးချင်တတ်ကြတာ။ ဒါပေမယ့် ... ရွက်ကျပင်ပေါက်လို တည်တည်ငြိမ်ငြိမ်ရှိတာမျိုးမှ မဟုတ်ဘဲ၊ သွေးဆူတုန်း အရေးတယူမဆုံးရှိတဲ့ ဝတီလေးတွေ။ အစာဝလို့ ရိုးအီသွားပြီဆိုရင် လှည့်တောင်မကြည့်တတ်ကြလို့ ကိုယ့်ထက်ငယ်သူများတော့ ဘယ်လောက်ပဲရိုးရိုးသားသား ချစ်ပင်ပျိုးလို့ ချစ်မိုးရွာပါတယ်ပြောပြော မယုံကြည်ပေါင်၊ အလေးတယူမပြုပေါင်။ ကိုယ်က သနားပြီး လက်ခံလိုက်မယ်ဆိုပါစို့၊ အရပ်ကဘာပြောကြမလဲ။

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မနှယ် ... ကိုယ့်အရွယ်မှ အားမနာပါး
မနာ၊ ကလေးကို မုန့်ပေးကျိုက်တယ်"

အဲသည်လိုမျိုး ကဲ့ရဲ့စကားတင်း ပြောကြဆိုကြမှာက အသေအချာ။ ဒီတော့ ကျွန်မတို့လို အပျိုကြီးစာရင်းဝင်တွေအတွက် ကိုနှုံးသေပေါက်ခွံ့ဖို့ရာ ဖူးစာဖက်ချစ်သက်ဝေတွေကတော့ 'အုန်းသီးအရွတ်ကဲ့ အဆံချောင်'တဲ့ 'ဘုန်းကြီးလူထွက် ဉာဏ်ပြောင်'တွေပါပဲ။

ကျွန်မသူငယ်ချင်း ကလောက မကြွယ်တို့၊ သုဝဏ္ဏက မြပန်းခင်တို့ဆိုရင် အုန်းသီးအရွတ်တဲ့ ဘုန်းကြီးလူထွက်တွေနဲ့ အိမ်ထောင်ကျပြီး သူတို့မိန်းမသားတွေကိုယ်တိုင် ဦးစီးဦးဆောင်ပြုလို့ ပဲပြုတ်ရောင်းကျွေး၊ ငါးရောင်းကျွေးနဲ့ အပျိုကြီးဘဝကို နိဂုံးချုပ်ခဲ့တာ။

ကျွန်မအနေနဲ့ မှန်တဲ့အတိုင်းပြောရမယ်ဆိုရင် ဘုန်းကြီးလူထွက်ဆိုတာကို စိတ်ကုန်လွန်းလို့ ခတ်ကြိုးကိုကိုင်ဆို ကိုင်လိုက်ချင်တော့တယ်။ အဲသည်လူပြန်တော်တွေဆိုရင် ဒိုးဆလဲ ဒင်းဆလဲပါပဲ။

လူပြန်တော် အတော်များများက အတော်ကွတီးကွကျပုဂ္ဂိုလ်တွေ။ မျက်စိမှိတ်လိုက်လို့များကတော့ အခန့်မသင့်ရင် ငရဲမှာ ပူးတွဲတရားခံအဖြစ် ပါမသွားနိုင်ဘူးလို့ မပြောနိုင်ဘူး။ ဘာကြောင့်ဆို ရေစက်ချတရားဟောရင်းက ရလာတဲ့ငွေတွေ၊ သူတစ်ပါးရေစက်ချလှူဒါန်းထားတာတွေ မပါဘူးလို့ မပြောနိုင်ဘူး။ ကျွန်မသူငယ်ချင်း ကလောက မကြွယ်နဲ့ဖူးစာဘက် လူပြန်တော်ဦးဆိုးဝေကြီးဆိုရင် မဟာဘုတ်တို့၊ သုံးတန်ပေါ်နိစ်တို့နဲ့ ဗေဒင်ဆရာလုပ်



နေတာ။ သုဝဏ္ဏက မြပန်းခင်ရဲ့လူပြန်တော်ကြီးကတော့ သုဝဏ္ဏက ဆရာပြည့်သိမ်းဆိုပြီး ဆေးကုနေလေရဲ့။ ဒါကြောင့် ဘုန်းကြီးလူထွက်နဲ့ဖူးစာဖက်လို့များကတော့ ဗေဒင်ဆရာကတော်၊ ဆေးဆရာကတော်လောက်သာဖြစ်မှာမို့ ကျွန်မအဖို့တော့ 'တော်ပါရှင်တန်ပါရှင်'ထဲကပါပဲ။ သည့်အတွက် မကြွယ် (ကလော)ကတော့ အပြောရှာသား။

"အေး ... အဲဒါကြောင့် ညည်း အပျိုကြီးဖြစ်နေတာ၊ သိပ်ပြီးတော့လင်စံရွေးမနေနဲ့၊ လင်စံရွေးရင် လင်ခွေးနဲ့ ညားတတ်တယ်၊ တို့ကတော့ လင်ရတဲ့အပေါ် စိတ်မညစ်ပေါင်။ ပူတူတူးလေးယိုစုံကြော်ငြာလို 'စားပြီးရင်းစားချင်ပဲ' တဲ့"

"အပျိုကြီးဘဝ ကျော်ဖို့ရာကတော့ အုန်းသီးအရွတ်အဆံချောင်တဲ့ ဘုန်းကြီးလူထွက်တွေနဲ့တော့ မဆုံပါရစေနဲ့ မကြွယ်ရယ်၊ တော်ကြာမှ 'အပျိုလိုမနေမိလို့ ကိုယ်ရှိတယ်လေး'ဖြစ်နေပါဦးမယ်"

တကယ်ပါ ... ဘုန်းကြီးလူထွက်များတော့ ဖူးစာကိုမဖက်ချင်တာ အမှန်ပါပဲ။ ကျုံမငေးမှာ ကလေးဘဝတုန်းက အဒေါ်မရွှေချစ်က ဘုန်းကြီးလူထွက် ဦးခင်စိုးနဲ့ အိမ်ထောင်ကျခဲ့တယ်။ နွားမောင်းတာတောင် ပါဠိအနက်က မလွတ်ချင်ဘူး။ 'ဟယ် ... သည်နွား၊ သယ် ... ထိုနွား'လုပ်သေးတယ်။ အိမ်ကို သက်ငယ်မိုးတော့လည်း တစ်ဖက်က အတည့်၊ တစ်ဖက်က ပြောင်းပြန်။ သည်တော့ ဘုန်းကြီးလူထွက်ဆိုရင် 'ဝေရာမဏီသိက္ခာပဒံ'ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



အဲသည်အတွက် ...ဆေးဆရာလူပြန်တော် သုဝဏ္ဏက ဆရာဦးပြည့်သိမ်းရဲ့ကတော် ကျွန်မရဲ့သူငယ်ချင်း မြပန်းခင်က စောဒကတက်ပါသေး။

''အေး...ညည်း အဲဒါကြောင့် ငှက်ပျောတုံးဖက်ပြီး
သေရမယ့် အပျိုကြီးဖြစ်နေတာ''တဲ့။

ဩော် ...သီချင်းလေးတစ်ပုဒ်ထဲကလို ...

''ပတ်ဝန်းကျင် xxx အသိုင်းအဝိုင်းကကွယ် xxx
ပြောချင်တာတွေလဲ xxx ပြောကြပါစေကွယ် xxx''

ဆိုသလို ဘယ်သူတွေဘယ်လိုပြောပြော ဘာပဲပြောပြော ကျွန်မကတော့ လိုတာမရလို့ကတော့ ရာသက်ပန် အပျိုကြီးအလံကို လွှင့်ထူထားမှာ။

တကယ်ပြောတာ ...အဟုတ်။





ဒါပေမယ့်လည်း ဖူးစာကံဆိုတာက အခက်သားကလား။

'လှံထမ်းလာတာ မြင်ရပေမယ့် ကံထမ်းလာတာတော့ မြင်ရ'တဲ့။

ဟုတ်ပ။ တကယ်ဟုတ်တာပ။

'အကြောင်းကံများကရယ် ပေါင်းဖို့ဖန်လာတယ် ဒီဘဝမှာ ဩရလေတယ်ကွယ်'ဆိုသလို အချိန်တန်တော့လည်း နွားပိန်ဟာ ...န်ခဲ့ပေပြီပဲ။

''အပျိုကြီးရေ ...မနက်ဖြန် ဝါဆိုလပြည့်နေ့မှာ ရန်ကုန်ဘက်ကမ်းမှာရှိတဲ့ ဘုရားစုံကို သွားဖူးကြမယ်၊ အဲဒါ လိုက်ပါကြမယ့်ကလေးတွေကို ဦးဆောင်ထိန်းသိမ်းပေးပါ''တဲ့။

www.burmeseclassic.com

www.burmeseclassic.com



သည်ကတည်းက ကိုယ့်နေရာ‚ကိုယ့်အဆင့်အတန်းကို ကျွန်မ ရိပ်စားမိနေပါပြီ။ ပြောမယ့်လို့ပြောတာမဟုတ်ဘူး။ ကျွန်မ နေတဲ့လမ်းက လူတော်တော်များများဟာ အဲသည်လိုမျိုး တစ်ရ တစ်ဝေးတည်း သွားရောက်ပျော်ကြရမယ့်ပွဲတွေကို ဖန်တီးလေ့ရှိကြ တယ်။ တန်ခူးဆိုတဲ့ သင်္ကြန်ကအစ တပေါင်းဆုံးတဲ့အထိ ရှန်ကျန် တက်ပြီး ပျော်ပွဲစားထွက်တာမျိုးတွေ၊ ဘုရားဖူးတာမျိုးတွေ (လိမ်ဥ တူးအောလည်း ပါပေသပေါ့)ကို လုပ်တတ်ကြတာကလား။ အဲသည် လို ပွဲတွေတိုင်း ကျွန်မကလည်း ပါချင်ချင်ရယ်။

အခုကတော့ ... ဝါဆိုလပြည့်နေ့။

ကျွန်မတို့တောမှာဆိုရင် ဝါဆိုလပြည့်နေ့ရောက်တဲ့အခါ သူငယ်ချင်းအပေါင်းအဖော်တွေ တစ်စုတစ်ဝေးနဲ့ ရွာနီးချုပ်စပ်က တောတွေထဲတိုးပြီး သဘာဝအတိုင်းပေါက်ရောက်ရှင်သန်မှုးဖွင့်နေ ကြတဲ့ သဘာဝအရိုင်းပန်းကလေးတွေကို ဝါဆိုပန်းအဖြစ်သတ်မှတ် ရှူးယူကြတယ်။ အနိုင်လိုက်မဟုတ်ရင် သီတန်တာသီ၊ ကုံးတန်တာ ကုံးပြီး ရွာဦးစေတီ၊ ဘုရားရုပ်ပွားတော်တွေမှာ ကပ်လှူကြတယ် တကယ့်ကိုပျော်စရာကြီးပါ။

အဲ ... ခုလိုမျိုး မြို့ပြရန်ကုန်ရေိယာကို ရောက်လာတဲ့ အခါကျတော့ တောမှာတုန်းကလို မဟုတ်တော့ဘူး။ စိတ်အေး ဝါသနာတူရာတွေစုစည်းပြီး သမ္ဗန်ကိုစင်းလုံးငှား။ ကမာကသူ ချောင်းအတိုင်း ရန်ကုန်မြစ်ပြင်ကိုထွက်၊ ပန်းဆိုးတန်းဘက်ကူး ပြီးတော့မှ ဗိုလ်တထောင်ဘုရား၊ ဆူးလေစေတီ၊ ရွှေတိဂုံစေတီ ကမ္ဘာအေးစေတီ၊ ကိုးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ငါးထပ်ကြီး



ရွှေဘုံတော်မြတ်စေတီ၊ မင်းဓမ္မကုန်း အစရှိသဖြင့် အလျှဉ်းသင့်တဲ့ ဘုရားပုထိုး တန်ခိုးကြီးစေတီတော်တွေမှာ ပန်းဝယ်ကပ်ကြ၊ ရေ သပ္ပာယ်ကြ၊ ရှိခိုးဖူးမြော်ရင်း ဆုမွန်ကောင်းတွေတောင်းကြ၊ ပြီးတော့ အရိပ်အာဝါသကောင်းကောင်းမှာ ပါလာတဲ့စားကောင်းသောက် ဖွယ်ရာတွေကို တပျော်တပါး စုဝေးဝိုင်းဖွဲ့စားသောက်ကြနဲ့ အင် မတန်ကို ပျော်စရာကောင်းတဲ့နေ့ကလေးတွေပဲပေါ့။

အဲ ... အဲသည် ဝါဆိုလပြည့်နေ့တစ်နေ့မှာပဲ ကျွန်မရဲ့ နှလုံးသားတံခါးချပ်တွေဟာ သံချက်တွေအနိုင်အမာထိုးထားပါ လျက်နဲ့ သူ့အလိုလိုပွင့်သလိုမျိုးဖြစ်တော့တာပဲ။ ဆီမထည့်ဘဲ ပေယျာလကန်ထားရစ်ခဲ့တဲ့ ပဏ္ဏာချက်တွေဆိုရင်လည်း ပွင့်ချင်လိုက် တာမှ တကျိုကျိုဖြစ်လို့။

ဘာလဲ ... ကျွန်မတင်စားပြောဆိုနေတာကို ဘူးလုံးနား မထွင်းဖြစ်နေကြသလား။ ဒါဆိုရင်လည်း ... ပြောင်ပဲပြောတော့ မယ်လေ။

အဲသည်နေ့မှာ ကျွန်မရဲ့ဘဝ၊ ကျွန်မရဲ့နှလုံးသားထဲကို ဝင်ရောက်လာမယ့် လူညိုယဉ်တစ်ယောက်ကို စတွေ့တာပဲရှင်။ အဲဒီကစတွေ့တာပဲ ဟီဟိလို့ပြောလိုက်ရင် တော်တော်လေးရှုပ်ထွေး သို့ ပြောကြမယ်လားမသိ။

ထုံးစံအတိုင်း ကျွန်မတို့အားလုံး တစ်စုတစ်ဝေးကြီး သမ္ဗန် ဆိပ်ကို ဆင်းခဲ့ကြတယ်။ အဆင်ပြေတဲ့သမ္ဗန်တွေပေါ်ကို သူ့အစုနဲ့ သူ တက်လိုက်ကြတယ်။ အံ့မယ် ... ဖူးစာဖက်က တစ်ရေးနိုးသလို ဘယ်ပြောရမလား မသိဘူး။ လူညိုယဉ်ကိုယ်တော်ချောက ကျွန်မ

www.burmeseclassic.com

www.burmeseclassic.com



စီးတဲ့သမ္ဘန်ပေါ်ပါလာတယ်။ သူ့ကို တစ်ခါမှမမြင်ဖူးပါဘူး။ ဘာဖြစ်လို့ ဒီကနေ့ကျ ပါလာရတာလဲ။ ကျွန်မတို့လမ်းထဲ ရပ်ကွက်ထဲမှာလည်း တစ်ခါဖူးမျှ မမြင်ဖူးပါဘူး။ ဘယ်သူ့ဘယ်ဝါနဲ့သိကျွမ်းလို့ ပါလာရပါလိမ့်။

ကျွန်မက ရှုးစမ်းတဲ့အကြည့်နဲ့ကြည့်လိုက်တော့ မမျှော်လင့်ဘဲ ကိုအဂ္ဂါကိုညိုယဉ်နဲ့ အကြည့်ချင်းဆုံသွားတယ်။ ကျွန်မရင်ထဲ ဘာပြောကောင်းမလဲ။ ဒိန်းခနဲကို ဆောင့်တက်သွားတော့တာ

အင်း ... လူပုံက သေသေချာချာကြည့်လေ၊ ဥပဓိရုပ် ဖြူးလေ။

မျက်ခုံးထူထူ၊ မျက်လုံးမျက်ဖန်ကောင်းကောင်း၊ ပါးပြင် စွံ့စွံ့၊ နှာတံက ပေါ်ပေါ်၊ အသားက ကြေးနီရောင်ခပ်ညိုညို မင်းသားကြီးကျော်ဆွေဆောင်းတတ်တဲ့ ဦးထုပ်မျိုးကိုဆောင်းထား တော့ ကြည့်ရတာ ညို့ဓာတ်ရှိတယ်လို့ဆိုရမှာပဲ။ ပြင်ပဝေဟာသုတ တွေ အတော်အသင့်ဖတ်ထားတော့ အင်္ဂဝိဇ္ဇာနည်းနဲ့ ခန့်မှန်းကြည့် ရတာ မဆိုးပါဘူး။ လူသူ့ပရိသတ်အပေါ် ဩဇာပေးနိုင်တဲ့အနေ အထားမျိုး။ အင်း ... လက်ဖဝါးပြင်ကြည့်ရရင်ဖြင့် ကြာသပတေး ဂြိုဟ်ခုံတို့၊ သောကြာဂြိုဟ်ခုံတို့ မောက်၊မမောက် သိနိုင်မှာပါ ဒါလည်း ... တစ်နေ့ကျရင် သိနိုင်မှာပဲမဟုတ်လား။ အဟင်းဟင်း ကျောချမ်းဖို့ကောင်းလိုက်တာ။

ကမာကသွယ်ချောင်းကနေ ရန်ကုန်မြစ်ပြင်ကျယ်ကြီးတို့ တူးတော့မယ်အလုပ်မှာ ကျွန်မနံဘေးမှာရှိတဲ့ ပုရှူးမက ...



"ဪ ... ဒါနဲ့ အန်တီမြမဥ္ဇူကို သမီးရဲ့လေးလေး နဲ့ မိတ်ဆက်ပေးရဦးမယ်"

ဆိုပြီး ကိုယ်တော်ချောလူညိုယဉ်ကြီးနဲ့ ကျွန်မကို မိတ် က်ပေးတော့တာပါပဲ။ လက်စသတ်တော့ သင်းတို့က တူမနဲ့ လေးဖြစ်နေတာကိုး။

"လေးလေးရေ ... ဒါ ပုရှူးမတို့လမ်းထဲက အန်တီ မြမဥ္ဇူတဲ့၊ နာမည်လေးက လှသလို၊ လူကလဲ လှတယ် နော်၊ ပြီးတော့ ... အပျိုကြီး"

"အယ် ..."

ပုရှူးမရဲ့စကားက ကျွန်မရဲ့မျက်နှာတစ်ခုလုံး ထူပူသွားစေ လားမသိဘူး။ သေချာတာက မျက်နှာတစ်ပြင်လုံး ရဲတက်သွား ယ်ဆိုတာပါပဲ။

"သိရတာဝမ်းသာပါတယ် ... မမြမဥ္ဇူ၊ ကျွန်တော့် နာမည် ကိုမောင်လွှမ်းသောင်းပါ၊ တောင်စွန်းကနေ အလည်ရောက်လာတာပါ"

အပြောအဆိုက ယဉ်ကျေးသိမ်မွေ့လှပါဘိ။

ပြီးတော့ ... သတ္တုဓာတ်လား၊ သံလိုက်ဓာတ်လား၊ ဘာ တ်လဲတော့ မပြောတတ်ဘူး။ တစ်ဖက်သား (အထူးသဖြင့်) န်မအပေါ် ဆွဲဆောင်နိုင်တာကတော့ ရာနှုန်းပြည့်ကို သေချာ ယ်။ သည်လိုနဲ့ပဲ တောင်စွန်းက ကိုမောင်လွှမ်းသောင်းနဲ့ ကျွန်မ မငေးက မြမဥ္ဇူတို့ စတင်သိကျွမ်းခဲ့ရတယ်။

ရှက်လည်းရှက်မနေတော့ပါဘူး။

www.burmeseclassic.com

www.burmeseclassic.com



သူနဲ့အကြည့်ချင်းဆုံ စကားလက်ဆုံကျမိတဲ့နောက်ပိုင်း ကျွန်မရဲ့မသိစိတ်မှာ သူ့အပေါ် အာရုံညွှတ်သွားခဲ့ပါတယ်။ ခေတ် ဟောင်းသီချင်းလေးတစ်ပုဒ်ထဲကလို ...

"မြင်မြင်ချင်းပင် ××× ဘာကြောင့်များ ချစ်ချင်တယ်
ဘဝဟောင်းက ××× ပျို့ဆုတောင်းကြောင့်ထင်တယ် ××
ယုံကြည်ပါသနော် ××× မောင့်ကိုသာ အစဉ်တကယ်
ချစ်လက်စ မကုန်ဘူးကွယ် ×××"

ဆိုတာလေ။

ဒါကြောင့် ရှေးပညာရှိတွေ ဆိုခဲ့ကြတာကလား။ မိန်းမများ ဟာ ချစ်မိပြီဆိုရင် ဘာကိုမှခွဲခြားမမြင်ကြတော့ဘူးတဲ့။ ကျွန်မက တော့ အဲလိုဟုတ်ပေါင် ... ကျွန်မနဲ့ဖူးစာဖက်မယ့်သူက အုန်းသီး အခွံထွက်မဟုတ်ရင် တော်ပြီ။ ဒါဆိုရင် ကျွန်မအပေါ် 'ဟဲ့ ... မြမဋ္ဌ။ ညည်း ငါတို့လို လရေးသေတ် လင်တစ်ယောက်တောင် ရအောင်ယူနိုင်လား'ဆိုပြီး တင်တင်စီးစီးပြောတတ်တဲ့ မကြွယ် (ကလော)တို့၊ သုဝဏ္ဏမြပန်းခင်တို့ကို 'ဟဲ့ ... ရှိပြီဟဲ့ ... ရှိပြီ ငါရတဲ့လင်ဟာ နင်တို့ရတဲ့ အုန်းသီးအခွံထွက် အဆံချောင်တွေ မဟုတ်ဘူး'လို့ ကောင်းကောင်းကြီးကို မော်ကြွားပစ်လိုက်မှာ။

အိမ်ထောင်ပြုတယ်ဆိုတာ မိန်းမသားတစ်ယောက်အနေနဲ့ သူ့ဘဝကို ယောကျာ်းသားတစ်ယောက်ရဲ့ရင်ခွင်မှာ ထာဝရရာသက်ပန် မြှုပ်နှံလိုက်ရခြင်းပါပဲ။ သည်တော့ ... အနေှာင်းသေချာဖို့ရာ အတွက် အစကောင်းဖို့လိုလိမ့်မယ်။ ဒါကြောင့်လည်း တောင်စွန်းက ဆိုတဲ့ ကိုမောင်လွှမ်းသောင်းဆိုတဲ့ လူညိုယဉ်ကြီးကို ခေါင်းအုံး



ခြေအဆုံး သေသေချာချာ လေ့လာထားဖို့လိုတာမို့ နေကာမျက်မှန် တတ်တပ်ပြီး ဆောင်ထားတဲ့ဦးထုပ်ကနေ မျက်နှာ၊ လည်ပင်း ရင်ဘတ်၊ ဝမ်းဗိုက်၊ အဲ ... ထား ထားပါတော့၊ စီးထားတဲ့ဖိနပ် အထိ အကဲခတ်လေ့လာကြည့်လိုက်တဲ့အခါ အပြစ်ကလေးတစ်စက် တောင်မှ ရှာလို့မတွေ့ပါဘူး။

သည်လိုနဲ့ ရန်ကုန်မြစ်ကိုဖြတ်ပြီး ပန်းဆိုးတန်း နန်းသီတာ သမ္ဗန်ဆိပ်ကိုရောက်တယ်။ လူတွေ အလျှိုအလျှို ဆင်းသွားကြ တယ်။ နောက်ဆုံးဆင်းမှာက ... ကျွန်မ။

'လေ့အဆင်း မြင်းအတက်'တဲ့။

ခက်ခဲတဲ့သဘောကို ဥပမာပေး ပြောဆိုတာပါ။ ဒါကို သတိမထားလိုက်မိတဲ့ကျွန်မက သမ္ဗန်ဦးပေါ်မှအဆင်း လှိုင်းတစ်ချက် ဆောင့်မှာ ဟန်ချက်ပျက်သွားတော့တယ်။

"အိုး ... အမေ့ ..."

ကျွန်မကို လှမ်းဖွေ့ထားလိုက်သူကတော့ တောင်တောင် အိ တွေးမနေကြပါနဲ့တော့။ တောင်စွန်းက ကိုမောင်လွှမ်းသောင်း လွှမ်းသောင်းကြီးပဲပေါ့။

သူကလည်း တော်တော်နဲ့မလွှတ်သလို၊ ကျွန်မကလည်း ကြာကြီးငြိမ်နေမိလေတော့ ပါလာတဲ့လမ်းသူလမ်းသားတွေ တာ လက်ခုပ်လက်ဝါးတွေတီးပြီး 'ဟေး ... လူပျိုကြီးနဲ့ အပျို ... လူပျိုကြီးနဲ့ အပျိုကြီး'လို့ အော်ဟစ်ကြမှပဲ လူချင်းခွာမိ တယ်။

"အိုင် အမ် ဘဲရီးဆောရီး"တဲ့။

www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း ... ယဉ်ကျေးလိုက်တာ၊ ရည်မွန်လိုက်တာ မတော် ... သာမန်လူဆိုရင် 'မတော်လို့နော် ... ခွင့်လွှတ်ပါ'လို့ ပြောမှာပဲ။ အဲ ... ဘုန်းကြီးလူထွက်ဆိုရင် 'အို ... ကန်တော့ ကန်တော့၊ ခန္တီစ သည်းခံလော့ ဒကာမလေး'လို့ နှုတ်ကထွက်မှာပေါ့။ ကြည့်စမ်း ... ခုကျတော့ ဘိုလိုကိုမှတ်ထည့်လိုက်တာ သည်ကတည်းက တောင်စွန်းကိုလွမ်းသောင်းကြီးဟာ ဘိုစာတတ်တဲ့သူ ဖြစ်ရမယ်။ ကျွန်မစိတ်ထဲ အထင်ကြီးမိတာနဲ့အမျှ အမှတ်တွေတောင်မှ ပိုပေးမိသေး။

"နိုး ပလော်ဘလမ်၊ ကိစ္စမရှိပါဘူးရှင်၊ ဩော် ... ဒါထက်၊ ဘုရားတွေဖူးပြီးလို့ အနားယူအပန်းဖြေ ထမင်းစားကြတဲ့အခါ ကျွန်မတို့ဝိုင်းမှာ လာစားပါနော်၊ ကျွန်မ ဖိတ်ခေါ်ပါတယ်။ ပြီးတော့ ... တစ်ယောက်စာမက အပိုတွေထည့်လာလို့ပါ"

"သိုင်းခရူ့ ဘဲရီးမတ်ချ်"

လုပ်လာပြန်ပါပြီ။ ကျွန်မစိတ်ထဲ အထင်မကြီးကြီးအောင် လုပ်လာပြန်ပါပြီ။ ဒါနဲ့ပဲ သူနဲ့ကျွန်မ ရင်းနှီးသွားတယ်ဆိုပါတော့။ သူ့တူမ ပုစ္စမကလည်း 'တို့လေးလေးတော့ အန်တီမြမညွှန့်တွေ့ ရျန်လျော့သွားပြီဟေ့' ပြောင်နောက်သွားပြီး တခြားအုပ်စုနဲ့ပါသွားတယ်။ သည်တော့လည်း ကျွန်မနဲ့သူနှစ်ယောက်ပဲ ဘုရားရင်ပြင်တော်ပေါ် ရောက်ခဲ့ကြတယ်။ ဘုရားရှိခိုးပြီး ဆုတွေပန်ကြတယ်

စောင်းတန်းကအဆင်းမှာ သူကပဲ အတင်းခေါ်လို့ အအေးဆိုင်ထိုင်ခဲ့ကြတယ်။ ဆီးကြိုရည်နှစ်ခွက်မှာပြီး အေးအေးလူလူ စကားတွေပြောခဲ့ကြတယ်။



"မဒိုက်ဘူးလားဟင် ... နေရိပ်ထဲရောက်နေပြီပဲ၊ ဦးထုပ်လေးဘာလေး ချွတ်ပါလား။"

"ကိစ္စမရှိဘူး ... မြ ကို အဲသည်လိုပဲနေတတ်လို့ပါ"တဲ့။

ကြည့်စမ်း ...

အတော်သွက်တဲ့လူ။ အခေါ်အဝေါ်တွေ ပြောင်းလဲပစ်လိုက်တာ။ ကျွန်မကို 'မြ'တဲ့၊ သူ့ကျတော့ 'ကို'တဲ့။ အင်းလေ ... ကျွန်မကိုယ်တိုင်ကလည်း သည်လိုပဲဖြစ်စေချင်တာကြောင့် သူ့အပြောလေးတွေမှန်သမျှ စောင်းဆတ်သံကို နားသောတဆင်နေရသလိုပါပဲ။

အဲသည်မှာ စကားတွေဆိုဖြစ်ကြတော့ ရိုက်မစစ်ရပါဘဲနဲ့ သူ့စကားတွေထဲမှာ ဝန်ခံချက်တွေပါလာတယ်။

အိမ်ထောင်မရှိ လူပျိုကြီးဖြစ်တဲ့အကြောင်း။

ငွေကြေးဥစ္စာ အဆင်ပြေချောင်လည်တဲ့အကြောင်း။

သူ့မှာ လိုအပ်နေတာက စိတ်တူကိုယ်တူ ဘဝအဖော်မွန်ပဲဖြစ်ကြောင်း။

သည်လောက်ပြောရင်ဖြင့် ခေတ်ပေါ်အချစ်ဝတ္ထုစာအုပ်တွေ နောကျေနေအောင်ဖတ်ခဲ့ဖူးတဲ့ ကျွန်မအဖို့ သည့်ရှေ့စွန်ညို့ကြီး ဘာကိုလိုလို့ ဝဲနေသလဲဆိုတာ သဘောမပေါက်ဘဲရှိပါ့မလား။ ပုစ္စမတို့အုပ်စု အအေးဆိုင်ထဲဝင်လာတော့ နောက်ထပ်တစ်မျိုးတိုးတော့မယ့် သူ့စကားတွေဟာ တုံ့ခနဲရပ်သွားတယ်၊ တော်လောက်ပါပြီလေ။ သည်လောက်ဆိုရင်ပဲ အတော်ကလေးခရီးရောက်ခဲ့တာကလား။

www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့တွေ အနာဂတ်ကာလတွေ ရှိပါသေးတယ်။

အဲဒီအခါကျရင် ရဲရဲကြီးသာဖွင့်ပြောပေရော့။ ကျွန်မက လည်း ပုတ်သင်ညိုကလေးကို လက်ညှိုးထိုးပြဖို့ရာ အဆင်သင့်။

နောက်များမကြာခင် သူနဲ့ကျွန်မဟာ ကြင်ဖော်မှာကြင် ဖော်ဘက်တွေ ဖြစ်သွားကြမယ်။ အိမ်ထောင်ရှင်ဘဝရောက်ကြပြီး သူ့အေသတောင်စွန်းဆီ၊ ကျွန်မဒေသ ကျုံမငေးဘက်ဆီကို ခွေးမြီး မျိုးပြု မျက်နှာပန်းလှလှ သွားကြမယ်မဟုတ်ဘူးလား။

ကျွန်မအတွက်တော့ မျှော်လင့်ချက်တွေပြည့်တော့မယ်။

ပျော်ရွှင့်ရက်တွေနဲ့ ပေါင်းစည်းရတော့မယ်။

ဝါမဆိုရတော့ဘဲ အပျိုကြီးဘဝက လွတ်မြောက်ရတော့ မယ်။

သည်အခါကျမှ တိုင်ပေါ်အလံစိုက်ပြီး ငါမငါလို့ ရင်တော့ ဝင့်ကြွားပစ်လိုက်မယ်၊ ဟွန်း ... ဘာရမလဲ။

မြမညျှလေ ... မြမညျှ၊ ကျုံမငေးသူ မြမညျှ။



ညနေစောင်းပြီမို့ ကျွန်မတို့တစ်အုပ်စုလုံး ဒလဘက်ကမ်း ကူးကြဖို့ရာ ပန်းဆိုးတန်းနန်းသီတာသမ္ဗန်ဆိပ်ကို ချီတက်ခဲ့ကြတယ်။

သမ္ဗန်ဆိပ်ကိုရောက်တော့ ပုစွန်ဆီရောင်နေလုံးကြီးက အနောက်ဘက်ကို ခေါင်းစိုက်နေပါပြီ။ တစ်နေကုန်ရေချိန်ကလည်း လွန်ခဲ့ပေသကိုး။

ရေထရက်မို့လားမသိဘူး၊ မြစ်ရေတွေတိုးနေတယ်၊ ဒါဆို ကမာကသွယ်ချောင်းရေလည်း ကိုးမှာအမှန်ပဲ၊ အားလုံး သမ္ဗန် အသီးသီးပေါ်တက်ကြပြီး ဒလဘက်ကမ်းဆီ ထွက်ခဲ့ကြတယ်။

မြစ်လယ်ရောက်တော့ မိုးသက်လေကြောင့်ထင်ပါရဲ့၊ လှိုင်းတွေက တအိအိနဲ့၊ သမ္ဗန်ဟာ မြောက်တက်သွားလိုက်၊ နိမ့်ဆင်းသွားလိုက်၊ စီးနေကျမဟုတ်ရင် အသည်းတယားယား ရင်တမိုမိုဖြစ်မှာ အမှန်ပဲ။ ကျွန်မကတော့ ငယ်ငယ်ကလေးထဲက လှေသမ္ဗန်တွေနဲ့ ယှဉ်းနှီးနေ

www.burmeseclassic.com

www.burmeseclassic.com



တဲ့သူဆိုတော့ လှိုင်းစီးရတာကိုက ဖိမ်တစ်ခုလိုဖြစ်နေတာ။ ပျော်ရွှ
ကိုနေတာ။ ပျော်ပေမပေါ့။ သမ္ဗန်ပေါ်မှာက ကျွန်မရဲ့လူညီယှဉ်
ကြီး ပါလာခဲ့ပေသကို။ သမ္ဗန်ပေါ်မှာ မောင်သင်းနွယ်ဆိုတဲ့ ချာတိတ်
ကလေးက ဘုရားဈေးတန်းက ဝယ်လာတဲ့ ဘာဂျာကလေး
ထုတ်ပြီး သီချင်းတစ်ပုဒ်ကို မှုတ်နေတယ်။ နားယဉ်နေတဲ့သီချင်း
မို့လား မပြောတတ်ဘူး။ လက်ခုပ်တီးတဲ့သူက တီး၊ လိုက်ဆိုတဲ့
သူက ဆိုနဲ့။

"××× ချစ်အဏ္ဏဝါ ××× ချစ်ဝဲဂယက်မယ် ×××
အတူတွဲလို့ကွယ် ××× ပျော်ချင်တယ် ချစ်ဗိမာန်ခရီးဝယ်
ချစ်ရေယာဉ်စီးမယ် ××× အဏ္ဏဝါလှိုင်းတွေကြားမယ်
ချစ်ယှဉ်တွဲလို့ ချစ်ပွဲဝင်မယ်ကွယ် တူမောင်မယ် ချစ်ကြည်
မြစ်ပြင်သီတာဝယ် ××× "

သည်လိုနဲ့ပဲ ကျွန်မတို့ရဲ့သမ္ဗန်က ကမာကသွယ်ချောင်း
ဝင်လာတော့တယ်။

"ဟာ ... ဟိုရှေ့မှာ ကနစိုတုံးကြီးမျောလာသဟ၊
အတော်ပဲ တစ်လစာထင်းတော့ ဖူလုံပြီ"

သမ္ဗန်ဦးမှာရှိနေတဲ့ ဦးပေတုံးကြီးက အချိုအချောင်ပွပေါ်
တိုးပဟေ့ဆိုပြီး ဝမ်းသာအားရ မျောလာတဲ့ကနစိုတုံးကြီးကို
အဆယ်လိုက်မှာ ဟန်ချက်မညီဘူးထင်ပါရဲ့။ ဝုန်းဆို ... ချောင်း
ထဲကို ဖင်ဘူးတောင်းထောင်ပြီး ပြုတ်ကျသွားတော့တာကလား

"ဟာ ... ဦးပေတုံးကြီး ငါးဆင်းစမ်းပဟာ ..."



ချောင်းရေဟာ အတော်ကလေးနက်တယ်ထင်ပ။ ဦးပေတုံ
ကြီးခမျာ ကနစိုတုံးကြီးနဲ့လွဲချော်ပြီး ယက်ကန်ယက်ကန်ဖြစ်လို့

"ဟ ... ရေမှကူးတတ်ရဲ့လား။ လုပ်ကြပါဦးဟ ...
ဆယ်ကြပါဦးဟ ..."

ရေကူးတတ်တယ်ထင်ပ။ မြုပ်တော့မသွားဘူး။ ဒါပေမယ
ရေစီးနဲ့မျောပါမသွားဖို့ရာ မနည်းကြိုးစားပြီး သမ္ဗန်ရှိရာ ချဉ်းက
နေရတယ်။ ရုတ်တရက်ဆိုတော့ ကျွန်မတို့သမ္ဗန်ပေါ်ကလူဝေ
လည်း ဘာလုပ်လို့ဘာကိုင်ရမှန်းမသိ ဖြစ်နေတယ်။ ဒီအချိန်မှ
လေကလည်း နည်းနည်းထန်လှပြီ။

သည်အခိုက် ကျွန်မရဲ့လူညီယှဉ်တောင်စွန်းကိုလွမ်းသော
ကြီးဟာ သမ္ဗန်ဦးစွန်းကိုသွားပြီး ဦးပေတုံးကြီးကိုကယ်တင်ဖို့ အဂ
ဉာဏ်ပေးတော့တယ်။ တကယ်အားကိုးရတဲ့လူကြီးပါပဲလား။

"အယ် ..."

မမျှော်လင့်တဲ့မြင်ကွင်း။

လေက ဆောင့်တိုက်လိုက်တဲ့အတွက် ကိုလွမ်းသော
ဆောင်းထားတဲ့ဦးထုပ်က လေထဲလွင့်သွားတယ်။ ခေါင်းမှာ ဆံ
တွေပြောင်ပြီး ခေါင်းတုံးကြီးဖြစ်နေတယ်။ ဒါကို ကာယကံရှ
သတိထားမိဟန်မတူဘူး။

"ဟဲ့ ... ဟဲ့ ... ဒကာကြီး ကျုပ်ဆီ လက်ကမ်း
လက်ကမ်း၊ ကျုပ်နဲ့မမီရင် မီတဲ့တကာဆီလက်ကမ်း"

သမ္ဗန်ပေါ်ကလူတွေခမျာ ငိုအားထက်ရယ်အားသန်
သလို ဝါးခနဲပွဲကျသွားတယ်။ သည်တော့မှ ကိုလွမ်းသောင်းလ

www.burmeseclassic.com



သူ့အဖြစ်ကိုသူ သတိထားမိဟန်တူပါရဲ့၊ ရှက်ကိုးရှက်ကန်းကြီးကို ဖြစ်လို့။

ကျွန်မ ... ကျွန်မ ... ဘာလုပ်ရမှန်းမသိတော့ဘူး။

ကျွန်မရဲ့စိတ်ကူးယဉ်ကမ္ဘာလေးဟာ ခေါင်းတုံးပြောင်ကြီးနဲ့ လူဝတ်လဲလာတဲ့ လူပြန်တော်အုန်းသီးအခွတ်ကြီးကြောင့် ပျက်စီးသွားခဲ့ရပါပကော။

ဒီလိုနဲ့ပဲ တစ်ဝါဆိုရတော့မယ်။

ဝါမဆိုလို့ မဖြစ်ဘူးလေ။ ကျွန်မမှ ဘုန်းကြီးလူထွက်ကို မကြိုက်တာ။ ဒီအကြောင်းကို ကိုရွှေတောသားသိရင် ကျွန်မ အပျိုကြီးဖြစ်ရခြင်းကို ဘယ်လိုများအောချဦးမယ်မသိ ...။



[illegible]

www.burmeseclassic.com

www.burmeseclassic.com

## ၅

အသက်အပိုင်းအခြားကို ပြန်လည်တွက်စစ်လျှင်ဖြင့် သုံးဆယ့်ငါးကျော်၍ လေးဆယ်တွင်းသို့ပင် ချဉ်းနင်းဝင်ရောက်လာပြီဖြစ်သည့် မတင်ကြီး။

အမည် မတင်ကြီး ဖြစ်သော်လည်း သူမအဖို့ အသက်အရွယ်ကို အကြောင်းပြု၍ ဒေါ်တင်ကြီးဟု အခေါ်ခံနေရပြီဖြစ်၏။ ခေါ်မည်ဆိုလျှင်လည်း ခေါ်ရပေမည်သာ။ လက်ရှိ သူမနေသည်က အသက် (၁၈)နှစ်ထဲဝင်ပြီဖြစ်သည့် အမေ့ဘက်က တူမကလေး မနှင်းရည်နှင့်။ အဒေါ်နှင့်တူမ ဆက်ဆံရေးကြောင့် ရပ်ထဲရွာထဲက မတင်ကြီးအား ဒေါ်တင်ကြီးဟု ဝိုင်းပြုပြုလေရာ လင်ဆိုလျှင် ယင်ဖိုတောင်မသမ်းဘူးသေးသော သူမအတွက်တော့ အပျိုကြီးဆိုသည့် ဂုဏ်ထူးပိုသေသက အလိုလိုနေရင်း ကပ်ပါလာလေ၏။



ခုတလော ဒေါ်တင်ကြီးတစ်ယောက် ခေါက်ထီးကို ချိုင်းကြားညှပ်လျက် အတော်ကလေး လမ်းသလားလျက်ရှိ၏။ ဒါကို အကဲခတ်မိသူတွေ အကဲခတ်မိကြ၏။ အောင်နက်တို့၊ ဘိုဖြူတို့၊ ငနီတို့အုပ်စုဆိုလျှင် တုတ်တုတ်ခဲခဲ ခြေသလုံးသားကြီးကို အပြတ်ကိုက်ဖဲ့ပစ်ရန် တင်းနေကြပေပြီ။

"ဟေ့ ....ဒေါ်တင်ကြီးတစ်ယောက် ခုတလော ဆတ်ကော့လတ်ကော့ဖြစ်နေပါလားအေ့ ..."

"ဟုတ်ပါရဲ့ ... မျက်နှာချေတွေကလဲ ဖွေးလို့ မျက်ခုံးကိုလဲ မီးသွေးခဲနဲ့ဆွဲထားလိုက်သေး။ သင်းကို ခုတလော ကြည့်ရတာ မင်းသမီးကိုက် အတော်ကလေးဖမ်းနေတယ်"

"ရှုပိုးထိုးတယ်လို့ ပြောစမ်းပါအေ ... တူမဖြစ်တဲ့ နှင်းရည်ကလေးက ပိပိပြားပြားရှိသလောက် အဒေါ်လုပ်တဲ့ လူကျတော့ ဘယ်အကြောတွေထနေသလဲမသိဘူး"

ပတ်ဝန်းကျင်ဆိုသည်က သည်လိုမျိုး။

မလိုလည်းပြော၊ လိုလည်းပြောကြ၏။ ခုလည်း ဒေါ်တင်ကြီးတစ်ယောက် သူ့ထမင်းသူစားပြီး ငါ့မြင်းငါစိုင်း ငါ့လှေငါထိုးလုပ်နေခြင်းအပေါ် အပြစ်က မလွတ်ချင်။

ကိစ္စမရှိ။

ဘယ်သူတွေ ဘယ်လိုပဲ ချီးမွမ်း၊ ချီးမွမ်း ကဲ့ရဲ့စကားတင်း ဆိုဆို ဒေါ်တင်ကြီးကတော့ နကမ္ပတိ လုံးဝတုန်လှုပ်မည်မဟုတ်ပါချေ။ မကြာခင်ကာလအတွင်း သူမ၏ဘဝအခြေအနေသည် ကောက်ထိုးမိုးမျှော် ကောင်းတော့မည်ဖြစ်သည့်အတွက် စိတ်ဘဝင်လေဟပ်ကာ လမ်းသလားနေခြင်းဆိုလျှင် မမှား။

www.burmeseclassic.com

www.burmeseclassic.com



တစ်လောက ဘယ်သူ့ဘယ်ဝါ မြှောက်ပင့်ပေးလိုက်သည် မသိ။

အမှန်အတိုင်းဆောကျ် အလောအတိုင်းမှန်ရသည်။

ဓာတ် ဆရာကျွကျ

ဆိုသည့် အတတ်ဟောဗေဒင်ဆရာကြီး ဆရာကျွကျထံ ရောက်ရှိသွားကာ ဗေဒင်မေးခဲ့ဖူးသည်။

"ဟာ . . . ငါ့တူမကြီးရဲ့ဇာတာစန်းလဂ်က မကြာခင် ကာလအတွင်း ပွင့်ထွက်တော့မှာပါကလား။ ကောင်းလိုက်တာဗျာ . . . ကောင်းလိုက်တာ စုတ်ရောလာဘ်ရော မြို့ ပြီးတော့ဝင်မယ့်ကိန်းပဲ၊ အပေါးပေါး . . ."

"လာဘ်ဝင်တယ်ဆိုတာတော့ သဘောပေါက်ပါတယ် ဆရာ၊ အဲ . . . စုတ်ဝင်တယ်ဆိုတာက ဘာကိုပြောတာလဲဟင်"

"ဩော် . . . ငါ့တူမကြီးက ဗေဒင်ကို မမေးဖူးဘူးကိုး။ မှတ်ထားကွယ့် . . . စုတ်ဝင်တယ်ဆိုတာ အိမ်ထောင်ကျကိန်းရှိတယ်လို့ပြောတာ"

"အို . . ."

အပျိုကြီးဒေါ်တင်ကြီးရင်ထဲ သူ့အလိုလို ဆောင့်တက်သွားတော့၏။ တစ်ကိုယ်လုံးလည်း ခြေမကိုင်မိ၊ လက်မကိုင်မိသလိုနှင့် တုန်တုန်ယင်ယင်။ ပြီးတော့ နားထဲမှာလည်း ကြားမဝသလိုနှင့်

"တ . . . တကယ်ပြောနေတာလား . . . ဆရာရယ်"



"ဒီမှာ . . . ငါ့တူမ ဆရာကျွကျဆိုတာ ဇော်သပညာရပ်နဲ့ မှန်တဲ့စကားဆိုရင် ဘုရားဆို ဖရုံမသီးရအောင် ဟောလာတဲ့သူပါ။ ဆိုင်းဘုတ်မှာ ရေးထားတာကိုပဲကြည့်၊ အမှန်အတိုင်းဟောသလို အဟောအတိုင်း မှန်ရမယ်လို့ ရဲရဲကြီးအာမခံထားတာ"

"ကျွန်မ ဆရာ့ရဲ့ပညာကို မယုံလို့မဟုတ်ပါဘူး။ ကျွန်မ အဖြစ်ကိုကျွန်မ မယုံတာပါ၊ ကျွန်မဟာ . . . ခုထိ အိမ်ထောင်မကျသေးတဲ့သူပါ . . . ဆရာ"

"ဩော် . . . ခက်ပါဘိ တူမရယ်၊ အဲဒါကြောင့် ဆရာကလဲ ကျိန်းသေပေါက်ကွက်တိ ဟောချက်ထုတ်လိုက်တာပေါ့၊ တူမကြီးဟာ သိပ်မကြာခင်ကာလတစ်ခုမှာ ကိုယ်နဲ့အသက်လယ်ပယ်တန်းလောက်ထဲက လူရည်သန့် ရာထူးရာခံရှိတဲ့ တစ်နည်းအားဖြင့် အရာရှိတစ်ယောက် ဒါမှမဟုတ် တူမကြီးကို ကတော်အဖြစ် တင်မြှောက်ပေးနိုင်တဲ့ ပုဂ္ဂိုလ်တစ်ဦးဦးနဲ့ ကျိန်းသေပေါက်ကို လက်ဆက်ရမှာဗျား . . ."

"ဝမ်းသာလိုက်တာ . . . ဆရာရယ်၊ တကယ် . . . တကယ်ပဲ"

"ဝမ်းသာရမှာပေါ့ကွယ်၊ လောကမှာ အလံမရှိသော ရထား၊ တံခွန်မရှိသောဘုရားဆိုတာ မတင့်တယ်သလို လင်မရှိတဲ့မိန်းမဆိုတာလဲ မတင့်တယ်ဘူးတဲ့၊ ခု . . . တူမ အဖို့ စုတ်ဝင်တဲ့အခါ ကတော်ဆယ်ပါးထဲမှာ ကတော် တစ်ပါးမဟုတ်တစ်ပါးတော့ ဖြစ်မှာအသေအချာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဟဲးဟဲး ... ကျွန် ကျွန်မ ကတော်ဖြစ်ရတော့မယ်"

ဆရာစက်သကဏ္ဍကထံမှ ပြန်လာပြီးကတည်းက ဒေါ်တင်ကြီးအဖို့ ဝမ်းသာလုံးဆို့သည့်စိတ်ကို ငြိုသိပ်၍မရနိုင်တော့ဘဲ လမ်းသလားသည့်အခါ သလားတော့၏ အိပ်တွင်းပုန်းပြီး တစ်ကိုယ်တည်း စိတ်ကူးယဉ်သည့်အခါ ယဉ်ကြည့်၏။

ထိုခဏ ဖြန့်ဆေနဲ့ဆိုသလို သူမ၏အာရုံအတွင်း လက်ခံဖြစ်သွား၏။

"ငါ့နယ်နော် ... အရာရှိဆိုလို့ ဘယ်သူများဖြစ်မယ်မှတ်သလဲ၊ ကြေးတိုင်နဲ့မြေတာရင်းက အရာရှိလူပျိုကြီးဦးတုတ်ပေါပဲဖြစ်ရမယ်၊ ဒီလူကြီး ငါ့အိမ်မှာ ကြိတ်ပိုင်းအဖြစ် ဖဲလာကစားပြီဆိုရင် ငါ့ကိုကြည့်တဲ့အကြည့်က သိပ်မရိုးသားဘူး ...

စကားပြောရင်လဲ မထိခလုတ် ထိခလုတ်နဲ့ ပိုကာဆွဲနေရင်း လက်ထိပ်လက်အောက်ကျနေတဲ့အခါ ဒူးကလေးတနှံ့နှံ့နဲ့ ငါ့ဘက်တိုးတိုးလာတတ်တယ်၊ ကြည့်စမ်း ... ခုမှ ငါသဘောပေါက်တော့တယ်၊ ဟွန်း ... ဒီလူကြီးရဲ့အပြုအမူတွေက မရိုးသားတာအမှန်ပဲ၊ တိုးလာပြီဆိုရင် ငါ့ပေါင်ကို သူ့ဒူးကြီးနဲ့၊ အို ... သူ့မတော်တဆပုံဟာအသည်းကိုယားစရာ ..."

တကယ်လည်း အဖြစ်ကမှန်နေသည်။ သည်လိုမျိုး ဒူးတင်ပေါင်တင်ဖြစ်လာလျှင် မျက်စောင်းကိုခဲပစ်လိုက်ရသည်။ သည်တော့မှ သတိထားမိဟန်တူကာ ကိုယ်ရှိန်သပ်သွားတော့သည်။



ပိုကာဝိုင်းက လူနည်းလည်း မကောင်း၊ လူများလည်း မကောင်း၊ ကွက်တိအနေအထားလောက်မှ ကစားရှကောင်းသည်။ လူနည်းလျှင်ဖြစ်စေ၊ လူများလျှင်ဖြစ်စေ တစ်ခါတစ်ရံ ကိုးမီးဝိုင်းတို့၊ နှစ်ဆယ့်တစ်ပေါက်တို့ဘက် လှည့်ကစားကြသည်။ ခင်မင်ရင်းနှီးသူအချင်းချင်း၊ ဝါသနာတူတွေအချင်းချင်း လက်တို့သတင်းပေးဝိုင်းဖွဲ့ကာ ကစားကြသည်မို့ ဘာမျှအနှောင့်အယှက်မရှိခဲ့။

သည်လိုကစားနေရင်းမှ ရယ်ပွဲဖွဲ့ချင်စရာ ဖြစ်ရပ်တွေကလည်း အများသား။

"ဟဲ့ ... မကြည်၊ မနှေ့က ကိုးမီးဝိုင်းမှာ အတော်ထိသွားတယ်ဆို"

"မှထိ ခံနိုင်ရောလားဟယ်၊ သေချင်းဆိုးကုလားက ခဏခဏတက်တက်ဆောင့်တာကိုးဟဲ့ ..."

"အဟိ ... ခွိ ခွိ ..."

ဘုခဏခဏကျသည့်ကိစ္စ။

နှစ်ဆယ့်တစ်ပေါက်ဝိုင်း၌ ဒိုင်လုပ်သည့် တရုတ်မကျင်လီကျတော့ စကားမပီကလာပီကလာဖြင့် သူ့ဖဲဆင်ကိုကြည့်ပြီး ထိုးသားတွေ စိတ်ကယောက်ကယက်ဖြစ်စေရန် ပရိယာယ်သုံးတတ်သည်။

"ကိုင်း ... သွေးကယောင်ရင် ဘေးရှောင်နီကာယ၊ စတ်တိရှိမှ ထိုးကယ၊ ထိုးစားတွေနော်၊ အောက်ကြည့်ထိုး အောက်ကြည့်ထိုး ..."

www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်ကဲ့ပါ . . . မကျင်လီ၊ ကျွန်တော်တို့လဲ အပေါ် ကြည့်ပြီးထိုးကြတာမှ မဟုတ်ပါဘူး။ အောက်ကိုကြည့်ပြီးမှ ထိုးကြတာပါ''

ယောကျ်ားသားတစ်ဦးက အတည်ပေါက်ဝင်ဖောက်လိုက်တော့ တစ်ဝိုင်းလုံး ဝါးခနဲပွဲကျသွားတော့သည်။

သည်လိုမျိုး ဒေါ်တင်ကြီးအိမ်၌ ဖဲဝိုင်းရှိပြီဆိုလျှင် ကစားမည့်သူများက ပျော်ပွဲစားထွက်လာသည့်အလား စားသောက်ဖွယ်ရာများကို ချိုင့်ကြီးချိုင့်ငယ်များဖြင့် ယူဆောင်လာပြီး စုဝေးဝိုင်းဖွဲ့စားသောက်ကြသည်။ ပြီးတော့ ဝိုင်းဖွဲ့ကစားသည်။ ငွေကြေးအတန်အသင့်မက ချောင်လည်ပြီး စီးပွားရေးမဆန်သည့်တို့ကြောင့် သူတို့ဝိုင်းသည် လက်ပံပင် ဆက်ရက်ကျသကဲ့သို့မဟုတ်။ ဣန္ဒြေရရှိပျော်ရွှင်ဖွယ်ကောင်းလှသည်။ စိတ်အပန်းလည်း ပြေရသည်။ အခြားအခြားသောသူတွေက စားသောက်စရာပါလာကြသော်လည်း ဦးတုတ်ပေါကတော့ တစ်ကိုယ်တည်း လူပျိုကြီးပီပီ ချက်ပြုတ်မလာတော့ဘဲ ဒေါ်တင်ကြီးအား သူ့အတွက်ချက်ပြုတ်ပေးထားရန် ငွေကြေးကြိုတင်ပေးထားသလို၊ ရံဖန်ရံခါ၌ မနှင်းရှည်ကလေးအား ခေါက်ဆွဲတို့၊ ကြရည်တို့ကိုလည်း ဝယ်ခိုင်းတတ်သေး၏။ ဝိုင်းရှိသောနေ့များ၌ ဒေါ်တင်ကြီးတို့တူအရီးအဖို့ အစားအသောက်ရိုးရိုးလည်း စားရ၏။ အကောက်ငွေလည်း ရ၏။ ကိုယ်တိုင်ဝင်ကစား၍ အနိုင်ကလေးများရလာလျှင် ပို၍ပင်တွက်ခြေကိုက်သေး၏။

ကြိတ်ဝိုင်းက အမြဲတမ်းတော့မဖြစ်တတ်။

သို့ပေမယ့် လူပျိုကြီးဦးတုတ်ပေါကတော့ ဒေါ်တင်ကြီးတို့ အိမ်ရောက်လျှင် အဝင်အထွက်ပြုစမြဲပင်။ ဝိုင်းမဖြစ်ဘဲ တူအရီး



နှစ်ယောက်သာရှိလျှင် အိတ်ကပ်ထဲမှ ငွေအချို့ထုတ်၍ မနှင်းရှည်ကလေးအား တစ်ခုခုသွားဝယ်ခိုင်းတတ်၏။ မနှင်းရှည်ထွက်သွားပြီး နှစ်ဦးသားကျန်ပြီဆိုလျှင် ဦးတုတ်ပေါ၏မျက်နှာသည် သံပရာတစ်ဝက်၊ ထန်းလျက်တစ်ခြမ်း ဖြစ်လာတတ်၏။

"အဟမ်း . . . ပြောမယ့်သာပြောတာမဟုတ်ဘူး . . . မတင်ကြီးကိုကြည့်ရတာ ခုတလော တစ်နေ့တခြား လှလှလာသလိုပဲ"

"အို . . ."

ကြေးတိုင်နှင့်မြေစာရင်းအရာရှိ လူပျိုကြီးဦးတုတ်ပေါ၏ ခိုတ်တိတ်တိတ်စကားကြောင့် ဒေါ်တင်ကြီးခမျာ မျက်နှာကလေး ရဲက်သွေးဖျန်းကာ ဘဝင်စို ရင်ဖိုသွားရသည်။

"တကယ်ပြောတာပါ . . . မတင်ကြီးရယ် . . . ကျုပ်ဘယ်တော့မှမုသားစကား မဆိုပါဘူး၊ ကျုပ်ရင်ထဲမှာ အနှစ်နှစ်အလလ ချုပ်တီးထားရတဲ့စကားကို ကျုပ်ဖွင့်ပြောပြချင်တယ်''

ပြောသာပြောလိုက်စမ်းပါတော့ရှင် . . . ဟု ဖွင့်ဟလိုက်ချင်သော်ငြား လင်ဆို ယင်ဖိုတောင်မသမ်းဘူးသေးသည့် အပျိုကြီးက ဣန္ဒြေကိုစောင့်စည်းကာ နှုတ်ကို အာစေးထည့်ထားရင်း နားစ်ဘက်ကို အစွမ်းကုန်ဖွင့်ထားမိလေတော့၏။

"ဟောဗျာ . . . မနှင်းရှည်လေး ခြံထဲဝင်လာပြီ၊ မဖြစ်ပါဘူး။ နောက်ရက်ရောက်တော့မှပဲ ရင်ဖွင့်တော့မယ်"

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်တင်ကြီးအဖို့ ပါးစပ်ဝနားရောက်ခါနီး အစာပြုတ်ကျသွားသည့်ပမာ ဟတ်ကော့ကြီးဖြစ်သွားရလေသည်။ သည်လိုမျိုးအဖြစ်ကြောင့်လည်း ဒေါ်တင်ကြီးအဖို့ မရိုးမရွနှင့် နေမထိထိုင်မသာဖြစ်ရသည်။

ကိစ္စမရှိ။ မှန်တာကိုပြော၍ ပြောတာမှန်ရမည်ဆိုသော ကေ်ာသ ဆရာကဏ္ဍကတဲပညာရပ်ကို သူမ အကြီးအကျယ်ယုံ၏သည်။ မကြာခင်ကာလ သူမ တိုင်း၍ရက်ခဲ့သော ပက္ကလာသည် ဦးတုတ်ပေါ၏မေတ္တာမိုးအရွာနှင့်ဆိုလျှင် အဆင်သင့်ပဲမဟုတ်ပါကလား။

သည်လိုမျိုး ဦးတုတ်ပေါထံမှ စကားစတွေထွက်လာတော့ သည်လူကြီး သူမအပေါ် မရိုးဘူးဆိုခြင်းမှာ ထင်ရှားလာလေ၏

"မရိုးဘူးဆိုလဲ တစ်ခါတည်းပဲ ဆန်းပစ်လိုက်ပါတော့ လား။ ခုဟာက ဆန့်တင့်ငင့်နဲ့ လူကိုဘယ်လိုနေရမှန်းကို မသိဘူး"

သည်သို့ စိတ်ထဲအလိုမကျဖြစ်လို့ ဦးတုတ်ပေါ ဘယ်နေ့ ဘယ်စခန်းဆီမှ သူမထံ မြန်းကြွလာလေမည်နည်းဟု၍ ငံ့လင့်စောင့်စား မျှော်မောနေတော့မည်။

ယောက်ျားကြိုက်က စိုက်စိုက်လာ၏။

မိန်းမကြိုက်က မျှော်တော်ဇောနှင့်မောရပါပကော။

သိပ်မမျှော်လိုက်ရ။

သကောင့်သား လူပျိုကြီးဦးတုတ်ပေါတစ်ယောက် ဆင်ကလေးလိမ်ကျစ်လိမ်ကျစ်နှင့် ရောက်လာ၏။



"ဟော . . . မတင်ကြီးတစ်ယောက်တည်းပါကလား။ မနှင်းရည်ကလေးကော မမြင်ပါလား"

"မမြင်ဆို ရွာကိုခဏပြန်သွားတယ်လေ၊ မသကာ တစ်ပတ်လောက်ကြာရင် ပြန်ရောက်လာမှာပါ"

"အေးဗျာ . . . ဒီစကားက မနှင်းရည်မရှိမှ ကျွပ်နူတ်က ဖွင့်ဟပြောဆိုလို့ကောင်းမှာ"

အမယ်လေး လေး . . . ဘဝင်ချိုရင်ဗိုကာ လင်္သိုနေသူအတွက်တော့ တကယ့်ကိုအရသာ။ ကြားချင်လှပါသည့် သည်စကား။ သည်စကားကို ကြားလိုလှ၍ နေ့စဉ်ရက်ဆက် မွှေလည်တိုင်ဖော့ရိုး ကျိုးလုလု စောင့်မျှော်နေရသည့်အဖြစ်။

"ပြောမယ်,ပြောမယ်နဲ့ ချိန်ဆနေရတာနဲ့ အချိန်တွေ အလဟဿဖြစ်ဖြစ်ကုန်တော့တယ်"

"အချိန်နဲ့ဒီရေဟာ လူကိုမစောင့်တဲ့ရှင့်"

"ဟုတ်တာပေါ့ဗျာ . . . သိပ်ဟုတ်တာပေါ့။ ဒါကြောင့်လဲ ဘယ်သူဘယ်ဝါမှမရှိတုန်း ကျုပ်ရင်ဖွင့်ပြောချင်တာလေးတွေ ပြောချင်တယ် မတင်ကြီးရယ်"

"ပြောစရာရှိတာ ပြောမှပေါ့ရှင်၊ 'ဆိုရေးရှိက ဆိုအပ်လှ၏'တဲ့၊ 'ဆိုစမျှားလျှာ။ ထားပချေမိ၊ ငါဝန်ရှိသတဲ့'။ 'မပြောမပြီး မတီးမမြည် မချည်မတင်း'တဲ့။ ဒီလောက်ခင်မင်ရင်းနှီးနေကြတဲ့ဥစ္စာ ပြောစရာရှိတာပြောမှပေါ့ရှင်"

ဒေါ်တင်ကြီးက ရေစီးရေလာကောင်းအောင် မြောင်းကလေးကို သွယ်ဖောက်ပေးလိုက်သည်။ တစ်ဆက်တည်းဆိုသလို

www.burmeseclassic.com

www.burmeseclassic.com



ပင် ရဲရဲတောက်အာမခံခဲ့လေသော ဇော်သဆရာကတ္တာကဏ်မျက်နှာ ကိုလည်း ဒိန်းဆို ပြေးမြင်လိုက်မိပြီး 'ကတော် ကတော် မြေစာရင်း အရာရှိကြီးရဲ့ကတော်'ဆိုသည့် ဂုဏ်ထူးဝိသေသများကိုပါ ကွက်ခနဲ သတိရမိလိုက်၏။

"အခုကျုပ်ပြောမှာက ဘဝတစ်ခုလုံးနဲ့သက်ဆိုင်တဲ့ အိမ်ထောင်ရေးကိစ္စဆိုတော့ ကျုပ်ရဲ့ပြောစကားမှာ အမှား အယွင်းကလေးများ ပါသွားခဲ့ရင် ..."

"အို ... ပြောမှာသာပြောပါ ဦးတုတ်ပေါ်ရယ် ... လောကမှာ အမှားဆိုတာ ဘယ်သူမှကင်းကြတာမဟုတ် ပါဘူး။ မှားတော့လဲ အမှန်ကိုပြင်ကြရတာပေါ့"

"အေးဗျာ ... ကျုပ်စိတ်ထဲ မတင်ကြီးဟာ ဒီလောက် တောင်မှ စိတ်သဘောထားနှလုံးသား ပြည့်ဝလိမ့်မယ်လို့ ထင်မထားမိခဲ့ဘူး။ ခုတော့လဲ တကယ်ပြည့်ဝတာ မျက်မြင် ဒိဋ္ဌမို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသဗျာ"

"ဟုတ်ကဲ့ရှင် ..."

ဦးတုတ်ပေါ်ထံမှ လိုရင်းအချက်မရောက်နိုင်သေးသည့် အတွက် ဒေါ်တင်ကြီးမှာတော့ 'လက်ဖက်ကောင်းစားချင် ပလောင် တောင်တက်နေ'ဆိုသည့်ထုံးကို နှလုံးမူကာ စိတ်ရှည်လက်ရှည် သည်းခံနေရလေတော့သည်။

"ဒီလို မတင်ကြီးရဲ့ ..."

"ဟုတ်ကဲ့"



"အရေးကိစ္စ ကိစ္စအရေးတွေ ရှိကြတဲ့အနက် အိမ် ထောင်ရေးဆိုတဲ့ကိစ္စက တကယ့်တကယ်ကျ အခက်သား ကလား"

"မှန်တာပေါ့ရှင် ... ခက်လို့လဲပဲအပျိုမရှာခဲ့တာပေါ့"

"ဟုတ်ပ ... ကျုပ်လဲ အပျိုမရှာခဲ့ဘူး။ ဒါပေမယ့် သေသေချာချာတွေးကြည့်ရင် အဲဒါသိပ်မှားတယ်၊ လောက မှာ လူသားလာဖြစ်ပြီး လူဆန်တဲ့အလုပ်ကိုမလုပ်၊ လူသား မျိုးဆက်ကို ချန်မထားနိုင်ရင် လူသားဝတ္တရား မကျေပွန် တဲ့လူလို့ သတ်မှတ်ရမှာပဲ"

စကားအသွားအလာတွေက အပျိုကြီးအတွက် ရင်ဖိုစ ကောင်းပါဘိ။ တဖြည်းဖြည်းနှင့်တော့ လိုရင်းကိုရောက်တော့မည်ပ

"ဒီတော့ ... ဘဝမှာ တစ်ကိုယ်တည်းအထီးကျန် မနေဘဲ ဘဝအဖော်မွန်ကို ရှာရမယ်၊ နှစ်ဦးပေါင်းပြီး ဘဝ တစ်ခုကို တည်ဆောက်ရမယ်"

"ဟုတ်ကဲ့"

"အဲ ... အဲဒီမှာခက်တာက တစ်မိသားနဲ့တစ်မိသား ဆွေမတော်မျိုးမစပ် အိမ်ထောင်ပြုကြတဲ့အခါ နှစ်ဖက် စလုံးက ... စိတ်ထားသဘောထားတွေ ထပ်တူညီနေမှ ကောင်းတယ်ခင်ဗျ"

အပျိုကြီးအဖို့ ရင်ထဲမှာ လှိုက်တက်၍လာသည်။ ဆံ ခြောက်နှစ်တစ်ရက်လျှော့ အပျိုဖျန်းကလေးမှာ မျက်နှာကိုအော သိုင်ငုံ့လျက် အကြောင်းမဲ့ လက်သည်းတွေကို ခြစ်နေမိလာသည

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်ကတော့လေ မေတ္တာသက်ဝင် ချစ်ခင်စွဲလမ်း နေမိတာ ကြာပါပြီ၊ ကျုပ်မေတ္တာသက်ဝင် ချစ်ခင်သလို မျိုး ကျုပ်အပေါ် ပြန်လည်ပြီးမေတ္တာသက်ဝင် ချစ်ခင်မယ် ဆိုရင်ဖြင့် ..."

စကားကို တုံ့ခနဲရပ်သည်။ ပြီးတော့ ... ဒေါ်တင်ကြီးကို ရွှန်းရွှန်းစားစားကြည့်သည်။ ဒေါ်တင်ကြီးအဖို့ ဘာပြန်ပြောရပါမည် နည်း။ အခြေအနေက လိုရင်းသို့ရောက်ခဲ့သည်မှာ မှန်၏။ သို့ရာ တွင် အလွယ်တကူ ခေါင်းညိတ်လိုက်လျှောလိုက်ပါက မိန်းမရွေး ကျမှာလည်း စိုးရပါသေး။ သည့်အတွက် ချွဲချွဲပျစ်ပျစ်နှင့် စကား တုံ့ပြန်လိုက်တော့၏။

"ဒါကတော့ ကိုတုတ်ပေါရယ် ... အိမ်ထောင်ရေး ကိစ္စဆိုတာ တိမ်မယောင်နဲ့နက်သလို လွယ်မယောင်နဲ့လဲ"

ချွဲချွဲပျစ်ပျစ်စကားသံတို့မှာ ရှေ့သို့ဆက်မည့်ဆဲဆဲ ဦးတုတ် ပေါက စကားဝင်နှောက်လိုက်ချေ၏။

"ဒီမှာ မတင်ကြီး ... အိမ်ထောင်ရေးကိစ္စမှာ တိမ် မယောင်နဲ့ပဲနက်နက်၊ လွယ်မယောင်နဲ့ပဲခက်ခက် တစ်ဦး က ချစ်နေ,မေတ္တာရှိနေတာကို ကျန်တစ်ယောက်က ပြန် ချစ်၊ ပြန်မေတ္တာရှိဖို့ပဲ အရေးကြီးပါတယ်။

အိမ်ထောင်ရေးဆိုတာ ကြီးတယ်၊ ငယ်တယ် မဟုတ် ပါဘူးဗျာ၊ မနှင်းရည်ကလေးက အသက်ငယ်သေးတယ် ဆိုတော့ အိမ်ထောင်ရေးရာကို နိုင်နိုင်နင်းနင်း ရှိဦးမှာ



မဟုတ်ပါဘူး။ အရေးကြီးတာက မတင်ကြီးရဲ့တူမ မနှင်း ရည်ကလေးအနေနဲ့ ကျွန်တော်ချစ်သလို ကျွန်တော့်ကို ပြန်ချစ်ဖို့လိုပါတယ်"

"ရှင် ..."

"ဟုတ်ပါတယ် ... မတင်ကြီးရယ်၊ အသီးလိုရင် အပင်ကိုချိုင်ရသလို ခုလိုမျိုး တူမအပေါ် မေတ္တာသက်ဝင် ချစ်ခင်မိလို့ လိုချင်လာတော့လဲ အဒေါ်ဖြစ်သူကို တိုင်ရတဲ့ သဘောပါပဲဗျာ ..."

မျှော်လင့်ထားသည်က တခြား၊ ကြားလိုက်ရသည်က တခြားမို့ ဒေါ်တင်ကြီးလည်း ရင်အစုံကိုဖိကာ မျက်နှာကြီးတစ်ခုလုံး နီမြန်းလာပြီး ဦးတုတ်ပေါအား စူးစူးရဲရဲကြည့်လိုက်၏။

"ဟင်း ဟင်း ဟင်း ... ဟင်း ဟင်း ဟင်း ..."

ဒေါသကြောင့် ပွင့်အန်လာသောအသံအား ဦးတုတ်ပေါ လည်း လန့်ဖျပ်သွားလေခြင်းကြောင့် ပါးစပ်ကိုဖြဲ၊ မျက်နှာချိုသွေး ကာ ...

"အဟီး ... သွား သွား သွားပါဦးမယ် နော် နော် နော် ..."

ဟု လေပြည်ထိုးရင်း နောက်ဆုတ်,နောက်ဆုတ်နှင့် အိမ် ပေါ်မှဆင်းကာ လစ်ချသွားပါလေတော့၏။ သည်လိုမလုပ်၍လည်း မဖြစ်။ အိမ်ပေါ်မှာက သူတို့နှစ်ဦးတည်းရှိသည့်ဥစ္စာ။ အကယ်တန္တ အပျိုကြီးက ဥပါယ်တံမျဉ်ဖြင့် ကျူးသွင်းလျက် ၎င်းအား အမိဖမ်း လိုက်ပါက မှန်းချက်နှင့် နမ်းထွက်တို့ လွဲရမည်မဟုတ်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

တွေးမိလေတိုင်း 'အမှန်အတိုင်းဟော၍ အဟောအတိုင်းမှန်ရမည်'ဆိုသော ဂေါသဆရာကလျာကကို တန့်နဲ့ဖြစ်ရသည်။ ဒေါ်ပွရသည်။ ဟောတာ တခြား၊ လက်တွေ့ဖြစ်နေတာက တခြား။

"ဩော် ... ခက်ပါဘိ တူမရယ်၊ အဲဒါကြောင့် ဆရာကလဲ ကျိန်းသေပေါက်ကွက်တိ ဟောချက်ထုတ်လိုက်တာပေါ့။ တူမကြီးက သိပ်မကြာခင်ကာလတစ်ခုမှာ တူမကြီးဟာ 'ကတော်'စာရင်းဝင်မှာဗျ ... 'ကတော်'စာရင်းဝင်မှာ"

သည်အသံကို ပြန်လည်ကြားယောင်တိုင်း ဆရာကလျာကအား မေတ္တာသုတ်တစ်စောင်လုံးကို ပုဒ်ထီးပုဒ်မမကျန် ကြုံ့ကြုံ့ပြီး အတုံးလိုက်အတစ်လိုက် ပို့လွှတ်လေတော့၏။



နောက်တစ်ရက်ရောက်တော့ စိတ်လေလေနှင့်နတ်ကတော်ကျင်ရီမထံ ရောက်သွားခဲ့ချေ၏။

"အောင်မယ်လေးလေး .... ကောင့်မရယ် .... ညည်းနှယ် .. စောစောစီးစီး ငါနဲ့လာတွေ့ပါလားဟဲ့ ... ဒီလိုကိစ္စမျိုးဆိုရင် ကျင်ရီမကိုသာ အားကိုးလိုက်စမ်းပါ၊ ကျင်ရီမတို့က မပိုင်ရင် ခြင်တောင်မှမရိုက်ဘူး"

"အားကိုးပါတယ် ... ကျင်ရီမရယ်၊ ငါ့ကိုလေ လင်အမြန်ရအောင် လုပ်ပေးစမ်းပါ"

"မပူပါနဲ့ ... ကောင်မရယ်၊ ဒီလောက်များတော့ အေးအေးပါ၊ ညည်းကို ကတော်စာရင်းဝင်အောင် လုပ်ပေးမယ်၊ ဟုတ်ပလား ..."

"ကျေးဇူးပါပဲအေ ..."

ထိုခဏ ကျင်ရီမလည်း နတ်ပွဲရှေ့သို့သွားကာ တတွတ်တွတ်ရွတ်ဖတ်ရင်း မကြာခင် တုန်တုန်ယင်ယင်ဖြစ်ကာ လက်ညှိုးနှစ်ချောင်းကို မိုးပေါ်တဆတ်ဆတ်ထိုးလျက် ...

"ဟဲ့ ... နှမတော်၊ ဘာတွေဘယ်လိုဖြစ်ပြီး စိတ်သောကတွေ ရောက်နေရတာလဲကွယ်"

"မှန်လှပါ၊ ကျွန်တော်မျိုးမ လင်လိုချင်လို့ပါဘုရား"

"ဘာ ... လင်လိုချင်လို့"

"မှန်ပါ့ ... ကိုယ်တော်လေး"

"တော် တန် တိတ် ... ဒီစကား ဒီမှာတင်ရပ်၊ နှမတော်ဖြစ်ချင်နေတဲ့ဆန္ဒကို ငါကိုယ်တော်လေးသာ သိပလို့

www.burmeseclassic.com

ဆေး၊ ဒီရပ်ဒီရွာကလူတွေ ကြားသွားလို့က နမတော်ဟာ 'အပျိုလိုမနေမိလို့ ကိုယ်ရိတယ်လေး'ဆိုတဲ့ကိန်း ဆိုက်သွားလိမ့်မယ်၊ ဒီရပ်ဒီဝန်းကျင်တစ်ပိုက်မှာ ကဇော်စိန်လင်းတို့၊ ငမူးညွန့်တင်တို့၊ ဘိန်းစားငပိန်တို့က ဒါမျိုးကို ချောင်းနေတာ"

"မှန်ပါ့ ..."

"ဒီတော့ ... နမတော်ရဲ့စိတ်သောကတွေ ကင်းရှင်းပ,ပျောက်သွားရအောင် နမတော်လေးကို ကိုယ်တော်လေးက တော်ကောက်ပြီးယူမယ်"

"အား ... အားကိုးပါရစေဘုရား"

နောက်မျှားမကြာမီမှာတော့ သည်ရပ်သည်ရွာဝန်းကျင်၌ နတ်ကတော်ကျင်ရှိမနှင့်အပြိုင် နတ်ကတော်တစ်ပါး ပေါ်ပေါက်လာချေ၏။

ရင်းကား နတ်ကတော်ဒေါ်တင်ကြီးပင် ဖြစ်ပါလေသတည်း။



# [illegible]

www.burmeseclassic.com

အမည်သညာ ခေါ်စရာကား မေရီလင်း ဖြစ်၏။

သူမနှင့်ကျောင်းနေဘက်သူငယ်ချင်း တော်တော်များများ ချစ်သူတွေရ၊ ဖူးစာတွေဖက်၊ သားတွဲလွဲ သမီးတွဲလွဲတွေ ဖြစ်နေကြသည့်တိုင် သူမကတော့ ချစ်ရေးချစ်ရာကို မစဉ်းစား။ အိမ်ထောင်ပြုဖို့မဆိုထားနှင့် ချစ်သူရည်းစားထားရမှာကိုပင် အာရုံထဲမရှိသည့် အာဂဆတ်ဆတ်ကြဲပေတည်း။

သူမအသက်လည်း မသေးတော့။

မသေးဆို ... အပျိုကြီးစာရင်းဝင်ပြီပဲ။

မေရီလင်းမှာ ထူးခြားတာတစ်ခုရှိသည်။ ဒါက သူများတွေလို သမားရိုးကျ လောကြီးထိုးရိုးရိုးမတွေးဘဲ ကပြောင်းတိကပြောင်းပြန်၊ ကမောက်ကမ၊ ဆန်းဆန်းပြားပြား တွေးတတ်ခြင်းပါပေ။ တွေးသည်မှ ကိစ္စကြီးကြီးမားမားမှရယ်မဟုတ်။ ဘာမဟုတ်သည့် အသေးအဖွဲ့ပင်ဖြစ်ပါစေ အာရုံထဲထားပြီး တွေးတတ်ခြင်းပဲဖြစ်၏။



"ဘယ်အရာမဆို ထုတ်လို့ရရင် သွင်းလို့ရမယ်ဆိုတာ ငါတော့ လက်မခံဘူး။ စဉ်းစားကြည့်လေ ... သွားတိုက်ဆေးကို ညှစ်ပြီးကာမှ အသုံးမလိုလို့ ပြန်သွင်းချင်ရင် သွင်းလို့ရသလား"

အဲသည်လိုမျိုး တွေးတတ်၏။ တစ်ခါက အနုပညာရေးရာနှင့်ပတ်သက်၍ ဆွေးနွေးပြောဆိုရာမှ စာပေ၌ အဓိကကျသော အကြောင်းအရာနှင့် ပုံသဏ္ဌာန်ကိစ္စသို့ ရောက်သွားခဲ့၏။ ဦးဆောင်ဆွေးနွေးသူက အကြောင်းအရာသာ အဓိကကျကြောင်း၊ ပုံသဏ္ဌာန်က အရေးမပါကြောင်း အခိုင်အမာအဆိုပြု၏။ ထိုအခါ မေရီလင်းဘာပြောမည်ထင်ပါသနည်း။

"ဒါဆိုရင် ... မော်တော်ကားတစ်စီး ဆိုပါစို့ ... အဲ ... ရထားလဲ အကျုံးဝင်တာပါပဲလေ၊ အဲဒီမှာ ခရီးသွားနိုင်ဖို့ ခရီးရောက်ဖို့ဆိုတဲ့အကြောင်းအရာဟာ အဓိကပေါ့ ... ဟုတ်လား"

"ဟုတ်တာပေါ့ ... မေရီလင်းရယ်၊ အဲဒီအကြောင်းအရာဟာ အဓိကပဲပေါ့"

"အဲဒါဆို မော်တော်ကားရဲ့ဘီး၊ ရထားရဲ့ဘီးတွေဟာ ပုံသဏ္ဌာန်ထဲမှာ အကျုံးဝင်မှာပေါ့"

"သေချာတာပေါ့ ... အဲဒါက ပုံသဏ္ဌာန်အရ ဘည့်ဆောက်ထားတဲ့ဥစ္စာပဲ"

"ဒီလိုဆို ... ပုံသဏ္ဌာန်ဆိုတာ အရေးမကြီးဘူးပြောထားတဲ့ အဲဒီဘီးတွေကို အဝိုင်းမလုပ်ဘဲ လေးထောင့်လုပ်မယ်ဆိုရင်ကော ..."

www.burmeseclassic.com

www.burmeseclassic.com



"အယ် ..."

တစ်ဖက်သားတွေခမျာ မေရီလင်း၏စကားအတွက် ဘာမျှ ချက်ချင်းမတုံ့ပြန်နိုင်ပါ။ ပါးစပ်အဟောင်းသားဖြစ်သွားရသည်။ ကြိုကြိုဖန်ဖန်တွေးတတ်၍လည်း သူငယ်ချင်းတွေက လက်မြှောက်ထားရသည်။

"လူတွေ လမ်းသွားတဲ့အခါ ဘယ်တစ်လှမ်း ညာတစ်လှမ်းမသွားဘဲ သားပိုက်ကောင်တွေလို ခုန်ပြီးသွားကြရင် ခရီးပိုရောက်လိမ့်မယ်ထင်တယ်"

ဟာ့ချ်တစ်မျိုး။

"မင်းတို့ပြောပြောနေကြတဲ့ ပတ်ဝန်းကျင်၊ ပတ်ဝန်းကျင်ဆိုတဲ့နေရာမှာ ပတ်ဝန်းကျင်ဆိုတာ ချိုးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း မကင်းဘူးတဲ့၊ ဒီလိုဆိုရင် ... ဆွံ့အနေတဲ့လူ၊ နားမကြားတဲ့လူ၊ မျက်စိကွယ်နေတဲ့လူတွေဟာ ပတ်ဝန်းကျင့် အသိုင်းအဝိုင်းနဲ့ မသက်ဆိုင်တဲ့လူတွေပေါ့ ... ဟုတ်လား"

ဟာ့ချ်တစ်ဖုံ။

"တစ်မိသားနဲ့တစ်မိသား ဆွေမတော်မျိုးမစပ် ပေါင်းဖက်ကြပြီး တစ်ယောက်ကိုတစ်ယောက် နှိပ်စက်တဲ့လူက နှိပ်စက်၊ နှိပ်စက်တာကို ခံတဲ့လူကခံဆိုတော့ အဲဒါကို တရားတော်နဲ့ကြည့်ရင် ပြုသူအသစ် ဖြစ်သူအဟောင်းလို့ မဆိုနိုင်ဘူးလား၊ ဒါထက် ... အတိတ်ဝဋ်ကြွေးရှိလို့ ပေးဆပ်နေရတယ်၊ ပြုမူနေရတယ်လို့ ဆိုရမလား"



ဟာ့ချ်တစ်သွယ် အမယ်မယ်သော အတွေးအခေါ်တွေသည် သူမအပေါ်လွှမ်းမိုးလွန်းလှ၍ မေရီလင်းသည် သူမ၏အသိုင်းအဝိုင်း၌ သူမသည် လူတကာက ငေးကြည့်ရလောက်သည့် (အထူးသဖြင့် ဤသို့ယမိန်းမချင်းကပင် အမှတ်ပေးရသည့်) မိန်းမချောမိန်းမလှ တစ်ဦးဖြစ်ပါလျက် သူမအပေါ် မေတ္တာသက်ဝင်ကာ လိပ်ပြာတောင်း ခတ်ကြသည့် ပုရိသတို့ဆိုသည်မှာလည်း မရေမတွက်နိုင်။ သို့ရာတွင် သူမသည် ယောကျ်ားသနာတွေအပေါ်၌ စိတ်ဝင်စားခြင်း အလျဉ်းမရှိခဲ့။ ဘိုဆန်ဆန်နှင့်ချောမောလှပသော သူမအား မေတ္တာစကားပြောလာကြသူတွေအပေါ် ခါထုတ်ပစ်လိုက်သည်သာတည်း သည့်အတွက် ခင်မင်ရင်းနှီးကြသည့် ပြောမနာဆိုမနာသူငယ်ချင်းတွေက မကောင်းမြစ်တာ ကောင်းရာညွှန်လတ်ကြကုန်သည်။

"မေရီလင်းရယ် ...

ယှဉ်ကိုကြိုက်နေတဲ့သူတွေဆိုတာ အများကြီးပဲ၊ အားလုံးနီးပါးဟာ သူ့အရည်အချင်းနဲ့သူ ပြည့်စုံကြတဲ့သူတွေချည်း ပါပဲ၊ အဲသည်ထဲက တစ်ယောက်ယောက်ကို ပြန်ကြိုက်လိုက်ပါလားဟယ် ..."

""ဟင့်အင်း ... နီး ဆောရီးပဲ ..."

"ဟဲ့ ... ကိုယ်တို့က စေတနာနဲ့တိုက်တွန်းနေရတာ၊ ကိုယ့်အသက်ကိုယ့်အရွယ်ကို ပြန်ကြည့်ဦး၊ အရွယ်တော် တစ်ဆိတ်မကဘူး၊ ဟိုင်းနေပြီ ..."

"ဟိုင်းတော့ဘာဖြစ်လဲ ..."

www.burmeseclassic.com

"ဟဲ့ . . . ဟိုင်းတော့ ဈေးကောင်းရတုန်းမရောင်းဘဲ ဈေးပေါင်ကျိုးမှရောင်းတာဆိုတော့ တန်ဖိုးကျမှာပေါ့ဟဲ့၊ ဒီအချိန်ကြိုက်ထားတာကောင်းတယ်၊ လုပ်ငန်းခွင်ရောက်မှဆိုရင် အရွယ်တွေကလွန်တော့ မဖြစ်သင့်တာတွေ ဖြစ်သွားမှာစိုးရတယ်"

"တော်စမ်းပါကွယ် . . . ယူတို့သာမနေနိုင်၊ မထိုင်နိုင် မအောင့်အည်းနိုင်လို့ ရည်းစားတွေထားကြ၊ လင်တွေယူကြတာ ယောကျ်ားတွေ ဘာအထင်ကြီးစရာရှိလို့လဲ . . . ကိုယ်ကတော့ နည်းနည်းလေးကိုမှ အထင်မကြီးပေါင်၊ အခု ကိုယ့်ကို ရည်စားစကား လာလာပြောကြတဲ့သူတွေဆိုတာ ဘာမှမထူးခြားဘူး။ ကိုယ်က တစ်ခုမဟုတ်တစ်ခုနဲ့ ထူးခြားမှုရှိတဲ့ယောကျ်ားကိုမှ အထင်ကြီးတာ၊ အဲသည်လို ယောကျ်ားမျိုးတွေ့မှပင် သူ့အချစ်ကို လက်ခံမှာ"

"ဟာ . . . ဒါဖြင့် ယင်းတော်ကပြောင်းလာတဲ့ ကိုဘည်တုံကြီးကို သဘောမကျဘူးလား။ သူက ကဗျာဆရာ စာရေးဆရာဟဲ့ . . ."

"ဒါများကွယ် . . . ဘာထူးခြားလို့လဲ၊ ယင်းတော်က တောင် မဟုတ်ဘူး၊ ရန်ကုန်တစ်ဖက်ကမ်း ဓနုတ်က ရောက်လာတဲ့ ကိုကိုဇော်ဆိုတာလဲ ကဗျာဆရာ၊ စာရေးဆရာပဲဥစ္စာ၊ အရှေ့ပိုင်းတက္ကသိုလ်က မြင့်မြတ်ဖြူစင်ဆိုတာလဲ ကဗျာဆရာ စာရေးဆရာပဲ၊ ကဗျာဆရာ စာရေးဆရာဖြစ်တာနဲ့တော့ ထူးခြားတယ်လို့ မဆိုနိုင်ပါဘူး"



"ဒါဖြင့် . . . ကိုကောင်းမြတ်ကြီးကို ကြိုက်လိုက်ပါလား။ အင်မတန်ကို စောင်းတီးတော်တဲ့ပုဂ္ဂိုလ်"

"အို . . . သွားစမ်းပါ၊ စောင်းတီးတော်တာများ သူ့တစ်ယောက်တည်းရှိတာဟုတ်လို့၊ ကိုသာယာတို့၊ ကိုပြင်စည်အောင်တို့လဲ စောင်းတီးတော်တဲ့နေရာမှာ တကယ့်အိတ်စပတ်တွေပဲဥစ္စာ"

"မင်းကွာ . . . စကားကို အင်မတန်ကတ်သီးကတ်ဖွဲ့ပြောတယ်၊ ဒါဆိုရင် ဘောလုံးကန်တော်တဲ့ တက္ကသိုလ်လက်ရွေးစင် ကိုမြင့်မားကြီးကော . . ."

"အမလေး . . . ကိုမြင့်မားကြီးမှ ဘောလုံးကန်တော်တာမဟုတ်ပါဘူး။ ကိုယ့်ကိုမကြာခဏစကားလိုက်ပြောတဲ့ စလေက ကိုအံ့မွှားကြီးလဲ ဘောလုံးကန်တော်တာပါပဲ၊ သူ့ဘယ်ခြေဟာ ဘယ့်ကလောက်ပြင်းသလဲဆိုရင် သူကစ်လိုက်တဲ့ဘောကို ရင်ခွင်ပိုက်ဖမ်းမိတဲ့ ဂိုးသမားတက်လူမော်ဆိုရင် မနည်းကိုနှာနှပ်ယူရတယ်၊ ကံကြီးပေလို့ အသက်မထွက်တာ၊ ဒီမှာ . . . ဒီမှာ . . . ဘာမှရှေ့မဆက်ရင် ကောင်းလိမ့်မယ်ထင်တယ် . . . ယူတို့အထင်ကြီးနေတဲ့ ယောကျ်ားသားပုဂ္ဂိုလ်တွေဆိုတာ တကယ့်တကယ်ကျ သူမသာ ကိုယ်အသုဘတွေချည်းပါပဲကွာ၊ ဘာမှထူးခြားတာမျိုးမရှိပါဘူး၊ ကိုယ်က မထူးခြားရင် ဆောရီးပဲ . . ."

မေရီလင်းကား သည်လိုမျိုးမိန်းမစားတည်း။

www.burmeseclassic.com

www.burmeseclassic.com

ယော ... ခုတော့လည်း မြဟ္ဘာပြည်က အပ်တစ်စင်းနှင့် လူ့ပြည်က အပ်တစ်စင်းတို့ ထိတွေ့ကြသလိုမျိုး ကမ်းမမြင်လမ်း မမြင် အပြောကျယ်လှသော မဟာသမုဒ္ဒရာရေပြင်၌ ပေါလော မျောပါနေသော ကမ္ဘာတ်ချွေအား လိပ်တစ်ကောင်က ရေမျက်နှာ ပြင်ပေါ်အတက် ဘွားခနဲ့ရွှပ်မိလျှက်သားဖြစ်သလိုမျိုး အံ့ဩဖွယ် ကြုံရလေပြီ။

မည်သို့သောအံ့ဩဖွယ်ရာပါတဲ့နည်း။

"ဟော့ ... ယူတို့ကြားပြီးကြပြီလား။ တို့ရဲ့ဂိုဏ်းပတ္တ များလွန်းတဲ့ အပျိုကြီးမေရီလင်းတစ်ယောက် အတွဲတွေ့ ဘာတွေရသွားပြီဆိုပဲ"

"ဟယ် ... ကျားသားနိုင်ကြီး။ ဟုတ်မှဟုတ်ပါ့မလား ဟယ် .. နားရှိလို့သာကြားရတယ်၊ ယုံနိုင်စရာကိုမရှိဘူး"



"ဟဲ့ ... မဟုတ်ဘဲနဲ့ ဒီသတင်းထွက်ပါ့မလား။ ဟိုတစ်နေ့ကဆို ... မြို့လယ်ခေါင်မှာ ပေါ်တင်ကြီးတွဲပြီး မိနီမတ်ကက်ထဲဝင်သွားတာတဲ့ ... အောင်မယ် ... ဘေးတိုက်ခပ်ခွာခွာလျှောက်တာတောင် မဟုတ်ဘူး။ လက် ချင်းတောင်မှ ချိတ်လို့ဆိုပဲ"

"အေး ... အဲဒါသင်ခန်းစာပဲ၊ လောကမှာ အစား ကို ကုန်အောင်စား၊ စကားကို ကုန်အောင်မပြောနဲ့တဲ့၊ အပြောကြီးတဲ့လူများ နောက်ဆုံး သူ့စကားနဲ့သူ သံသရာ လည်တတ်တယ်တဲ့"

မေရီလင်း၏ လျှပ်တစ်ပြက်ပေါ်ထွက်လာသည့်သတင်းက သူမ၏အပေါင်းအသင်း ရောင်းရင်းအသိုင်းအဝိုင်းတွင် လှုပ်လှုပ် ခတ်ခတ်ကလေး ဖြစ်သွားရသည်။ မဖြစ်ဘဲကောနေနိုင်မှာတဲ့လား။ လောကမှာ ဘယ်ယောကျ်ားကိုမှ လုံးဝဆိုလုံးဝ အထင်မကြီးတတ် သော မိန်းမသားတစ်ယောက် ယခုတော့ ဘယ်သို့များစိတ်ဓာတ် တွေ ပြောင်းလဲလာပါလိမ့်ဟု အကြီးအကျယ် စိတ်ဝင်စားစရာ ဖြစ်လာရသည်။

ထိုအချိန်မှာပင် တိုက်ဆိုင်လှစွာ မေရီလင်း ရောက်လာ သည်။

"ဟော့ ... ယူ့ကို ခရီးရောက်မဆိုက် မေးရဦးမယ်"

"ဘာများတုန်းကွ ... ဒီမှာ ခရီးပန်းလာရတဲ့အထဲ နေဦး ... ရေတစ်ခွက်အရင်သောက်လိုက်ဦးမယ်"

"သောက်ပါကွယ် ... သောက်ပါ သောက်ပါ ...

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တို့ကလဲ အင်မတန်ထူးခြားနေတဲ့အတွက် ဘယ်လိုမှ မအောင့်အည်းနိုင်တာနဲ့ ယူ့ကိုမေးချင်တာပါ''

''ကိုင်း ... ဘာသိချင်လဲ မေဒ ကိုယ်ကတော့ ပွင့်ပွင့်လင်းလင်းသမားပဲ''

''အေး .. သိချင်တာက မင်း အမျိုးသားတစ်ယောက်နဲ့ တွဲနေတယ်ဆို၊ ဘယ်လိုလဲ ... လက်ချင်းတောင်ချိတ်တယ်ဆိုတော့ သာမန်မိတ်ဆွေလောက်တော့ မဟုတ်နိုင်ဘူး''

''မှန်တယ် ... သူငယ်ချင်းတို့၊ ကိုယ် ချစ်သူတစ်ယောက်ရနေပြီ''

''ဟင် ...''

''ဟယ် ...''

''အို ...''

အားလုံးပင် မေရီလင်း၏ တိကျပြတ်သားမှုအပေါ်တွင် ပါးစပ်အဟောင်းသားဖြစ်သွားကြလေသည်။ မေရီလင်းကမူ သည်စကားပြောရသည်ကိုပင် အင်မတန်မှ ဂုဏ်ယူဝင့်ကြွားဟန်အပြည့်နှင့် ဖြစ်လေသည်။

''ဒါဖြင့် ... ယူ့အချစ်ကိုရတဲ့သူက သာမန်အမျိုးသားတွေနဲ့မတူဘဲ ထူးခြားနေတဲ့သူပေါ့ ... ဟုတ်လား''

''အောလ်ရိုက် ... သိပ်မှန်တာပေါ့၊ ယူတို့ကို ကိုယ်ပြောခဲ့ပြီးသားမဟုတ်လား။ ကိုယ်လက်ခံတဲ့သူက တစ်ခု



မဟုတ်တစ်ခု ထူးခြားနေမှ၊ သာမန်ဆိုရင် 'ဆိုး ဆောရီး' လို့ဆိုခဲ့တာလေ''

''ဟယ် ... ဒါ ဒါဖြင့် သူ့နာမည်က ဘယ်သူတဲ့လဲ၊ သူက ဘယ်လိုထူးခြားနေလို့လဲ၊ ပြောစမ်းပါဦး မေရီရယ်''

''အဟင်းဟင်း ... ယူတို့ ဒီလောက်သိချင်နေတော့လဲ ပြောရတာပေါ့ကွာ ... သူ့နာမည်က 'ကုမရအရောင်မမှိန်တဲ့ သုဝဏ္ဏမောင်ပိန်' တဲ့ကွ''

''ဟယ် ... နာမည်ကြီးကလဲ ရှည်လျားထွေပြားလိုက်တာ''

''အဲဒါကိုက ထူးခြားနေတာပဲလေ၊ နာမည်ကိုတောင် သူနေတဲ့သုဝဏ္ဏနဲ့တွဲစပ်ပြီး နဘေထပ်ထားတာ၊ စကားပြောရင်လဲ ကဗျာ ကာရန် ပါဠိသံတွေနဲ့ပြောတာ၊ အင်မတန်မှ သိပ်ကိုထူးတာပဲ၊ မင်းတို့မယုံရင် သူပေးထားတဲ့စာကိုကြည့် ...''

''မှန်း ... ပြစမ်း ... ပြစမ်း ...''

မေရီလင်းကမ်းပေးသည့်စာရွက်ကို ကမန်းကတန်းဖွင့်ဖတ်လိုက်ကြသည်။

''နေခြည်အဆင်းမှာတော့
ညှိုဖျော့ကာ မယှဉ်ဆိုက်ပါနဲ့
(ကိုယ်ချစ်တဲ့)
မေရီလင်းရေ ...

www.burmeseclassic.com

www.burmeseclassic.com



မင်းကိုမြင်။ ရှေ့မှာ
ဆင်ဝှေ့တံများ ဒီကောင်ရှုမြဲ
ထူးခြားတာတော့ အလှန်ပဲလေး
စားလည်း မင်းဆီက
သွားလည်း မင်းဆီက
အိပ်လည်း မင်းဆီက
အဲသည်ဆီကရဲ့
အရိပ်မိုးမို့၊ ကျွန်ုပ်ထိုင်ခဲ့
အုန်းမိုညွှန်းမျှန်း ရှာလှည့်လော၊

မင်းဆဲ့နှုတ်ဖျား ဆာငေါင်ကြောမှု
နားဆွဲချိုလှုပ် ချမ်းသဲစဉ်လေး
ကြားချင်သောရဲ့
ဆွေးကုတ်နေရင်း နားစွင့်မယ်
တုံ့ပြန်အသံလေး ပေးလှည့်ကွယ် ...။

တုမရှအရောင်မမှိန်တဲ့
သုဝဏ္ဏမောင်ပိန်

စာဖတ်ပြီးတော့ ပြုံးရုံသာမဟုတ်ကြ။ အားလုံးပင် တသော သောနှင့် ဝေါခနဲပွဲကျသွားလေတော့၏။

"ကဲ ... တွေ့ကြပြီမဟုတ်လား။ သာမန်ယောက်ျား တွေနဲ့မတူဘဲ ထူးနေတာ၊ ဒါက အကင်းပဲရှိသေးတယ်။



ဆံပင်ကို ဘေးနှစ်ဖက်ရိတ်ပြီး အလယ်မှာ လယ်ကန် သင်းဘောင်ကလေးလိုပဲထားတယ်၊ နားတစ်ဖက်မှာ နား ဋ္ဌောင်းပန်တယ်၊ မျက်မှန်တပ်ရင် တစ်ဖက်က နေကာ၊ ကျန်တစ်ဖက်က ဟာလာဟင်းလင်း။ ကွမ်းမစားဘူး၊ ဆေးလိပ်သောက်ရင် ပြောင်းဖူးဖက်ကိုမှဖွာတယ်၊ အဝတ် အစားဝတ်ရင် အောက်က ဘောင်းဘီတို၊ အပေါ်က ကော်လံကတုံးလက်ရှည်၊ အဲဒီမှာ နက်ကတိုင်လို့ခေါ်တဲ့ ကြောင်လျှာသီးလဲ ဆွဲထားသေး။ ဖိနပ်စီးရင်လဲ အရောင်း မတူ၊ အမျိုးအစားမတူတဲ့ ဆင်တစ်ဖက်၊ ကျွဲတစ်ဖက်မှ"

"ဟယ် ... မေရီရယ်၊ ဟုတ်မှလဲလုပ်ပါကွယ် ... ဝေကန္တ ... ယူ့လူဟာ ရူးသာကြီးစိတ်ရောဂါကုဆေးရုံက ထွက်ပြေးလာတာလားမသိဘူး"

"ဟာ ... မဟုတ်တာ၊ ကိုယ့်ဒီးယားပိန်က ဦးနှောက် တင်းပြည့်ကျပ်ပြည့်ရှိတဲ့ လူကောင်းတစ်ယောက်ပါကွယ်၊ ကိုယ်က ပေါင်းကြည့်လို့သိတာ"

"ဩော် ... ဒုက္ခ ... ဒုက္ခ ..."

သူငယ်ချင်းအပေါင်းအသင်းတွေက မေရီလင်းတစ်ယောက် အပျိုကြီးဘဝမှ ကျွတ်မည့်လွတ်မည့်အရေးအတွက် ဝမ်းမြောက် ဝမ်းသာဖြစ်ကြရသော်လည်း တင်းပြည့်ကျပ်ပြည့်တော့မဟုတ်ပါ။ မေရီလင်းအမြင်ဖြင့် ထူးခြားလှပါသည်ဆိုသော သကောင့်သား 'တုမရှအရောင်မမှိန်သည့် သုဝဏ္ဏမောင်ပိန်'သည် သာမန်လူတွေ နှင့် လုံးဝမတူသည့်အတွက် အထူးပင် ရင်မောရပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ကာလအားဖြင့် ဘာမျှတောင်မကြာလိုက်။

သံယောဇဉ်ရှစ် သုံးနှစ်သုံးမိုးဆိုသည်မှာ ဒဏ္ဍာရီသဖွယ် ဖြစ်နေခဲ့ပြီ။ 'စလယ်ဝင်ဖင်မမည်းခင်က ကွဲ'ဆိုသကဲ့သို့ မေရီလင်း နှင့် သုဝဏ္ဏမောင်ပိန်တို့ ကွာရှင်းပြတ်စဲသွားကြလေပြီဆိုသည့် သတင်း စကားက တောမီးသဖွယ် ပျံ့နှံ့ခဲ့ပေရာ မေရီလင်း၏အသိုင်းအဝိုင်း ခမျာ လွန်စွာမှ အံ့အားသင့်ကြကုန်၏။

မေရီလင်းကမူ ယင်ကောင်တစ်ကောင် ခေါက်နားပြီး ပျံ ထွက်သွားသည့်အလား ဘာမျှထူးခြားဟန်မပြ။ သည်လိုဖြစ်နေသော သူငယ်ချင်းတွေက သိချင်ကြလေလေဖြစ်တော့သည်။ သည်တော့ မေရီလင်းရောက်အလာကိုတောင်မှ စောင့်မနေတော့ဘဲ မေရီလင်း ရှိရာသို့ တစ်စုတဝေးတည်း ပေါက်ချသွားကြသည်။



"ဟေး ... ဘယ်လိုဖြစ်ကြတာလဲ မေရီရယ်၊ ယူ့ သတင်းကြားရတာ ကိုယ်တို့အဖို့ မထိတ်သာမလန့်သာ ရှိလိုက်တာကွယ်၊ ကိုယ်တို့သာ အဲလိုဖြစ်နေကြတာ ယူက တော့ အေးဆေးပါပဲလား"

"ဟုတ်တယ် ... ကိုယ်ကတော့ အေးဆေးပဲ"

"နေပါဦးကွယ် ... အသက်အရွယ်အရ အပျိုကြီး စာရင်းဝင်ပေမယ့် တို့သူငယ်ချင်းယူက ရုပ်လဲ ဘာမှပြော စရာမရှိပြီ၊ ခေတ်ပညာကလဲ တတ်သေး။ ယောကျ်ားသား တွေ မက်မောစရာ ထုနဲ့ထည်နဲ့အများကြီးကျန်နေသေး တာကို လူထူးလူဆန်း ဘယ်မိန်းကလေးမှ ဆေးဖော် ကြောဖက်မလုပ်ကြတဲ့ မောင်ပိန်လိုကောင်မျိုးက ပစ်သွား တယ်ဆိုတော့ ရာဇဝင်ရိုင်းလိုက်တာကွယ် ..."

"ဘာ ... ဘာ ... မောင်ပိန်က ကိုယ့်ကိုပစ်သွား တာ ... ဟုတ်စ ..."

"ဟုတ်တယ်လေ ... ကိုယ်တို့ပြောတာမဟုတ်ဘူး လားလို့"

"ဟား ဟား ဟား ... 'ရယ်ချင်လိုက်တာ ဖတ်ဖတ် မော ရင်ဘတ်နောက်က ကျော' ဆိုတာလိုဖြစ်နေပြီ၊ သည်ငနဲက ကိုယ့်ကိုစွန့်ပစ်တာ မဟုတ်ဘူးကွ၊ ကိုယ်က စပြီး ရက်ရက်စက်စက် စွန့်ပစ်လိုက်တာ၊ ကိုယ်စွန့်ပစ် တယ်လဲဆိုရော ခွေးအကြီး ထော်လာဂျီအကြိတ်ခံရတဲ့ မျက်နှာမျိုးနဲ့ ခရမ်းသီးမီးဖုတ်ထားသလိုမျိုး မှိုင်းညည်းသွား

www.burmeseclassic.com

www.burmeseclassic.com



တော့တာပဲ၊ ပြီးတော့ . . . မျက်ရည်လည်ရွှဲနဲ့ ကိုယ့်ကို မေးလိုက်တာ၊ သူ့မှာ ဘာအပြစ်တွေရှိပါသလဲ၊ ရှိခဲ့ရင် အပြစ်လွှတ်ထုချေမယ့်အကြောင်း . . . အယူခံဝင်ချင်တဲ့ အကြောင်း၊ လျှောက်လဲချက်ပေးချင်တဲ့အကြောင်း အို . . စုံလို့ပဲ၊ ဒါပေမယ့် သူဘာပြောပြော ကိုယ့်ခေါင်းထဲမဝင် တော့ဘူး၊ ဘာမှမကြားချင်တော့ဘူး၊ ရှင့်ကိုလဲ လုံးဝ မမြင်ချင်တော့ဘူး၊ သွားပါတော့လို့ အတင်းကာရော မောင်းထုတ်တာတောင်မှ ငနဲက . . .

'ဘယ်သူတွေ ××× ထောက်ထားမညှာလဲ ယောကျ်ား မှာလည်း အသည်းနဲ့ဆိုတာ ××× ပြောမယ့် ကြုံဖူးမှ သိကြမှာပါလေ' လုပ်သွားသေးကွ၊ အဟင်းဟင်း . . ."

မေရီလင်းက သူ့ဘာသာသူ သဘောကျရင်း တဟင်းဟင်း လုပ်နေသည်။ သူငယ်ချင်းတွေကမူ အံ့အားသင့်၍ ဘယ်မဆုံး ဘယ့်နှယ် . . . သည်လောကအတွင်းရှိ မည်သည့်ယောကျ်ားသား တွေနှင့်မတူ လူထူးလူဆန်း သုဝဏ္ဏမောင်ပိန်ကို သူမစိတ်ကြိုက် အထူးစပါယ်ရှယ် ရွေးချယ်ထားခဲ့ပြီးမှ ယခု သူမကိုယ်တိုင်ပင် ချစ်သူကို စွန့်လွှတ်လိုက်သည်ဆိုတော့ မောင်ပိန်မရှုးဘဲ မေရီလင်း များ ရူးနေသည်လား။

"ကိုယ်တို့မရှင်းတော့ဘူးကွာ . . . မင်း ဘာကြောင့် သုဝဏ္ဏမောင်ပိန်ကို စွန့်ပစ်လိုက်တယ်ဆိုတာကို ခြေခြေ မြစ်မြစ်ရှင်းပြပေးပါဦး . . ."



"ကြားချင်တော့ နားဆင်ပေါ့ကွာ . . .

ဖြစ်ပုံက ဒီလိုကွယ့် . . . ဟိုးလွန်ခဲ့တဲ့ လေးငါးရက် လောက်က ကိုယ်လဲ ဝမ်းအကြီးအကျယ်ချုပ်တာနဲ့ ဝမ် နှုတ်ဆေးစားထားမိတယ်၊ ဝမ်းနှုတ်ဆေးကလဲ ဘယ်က လောက်တောင် အာနိသင်ထက်သလဲမသိဘူး၊ တင်ပါး အိမ်သာဖလား ခွာရတယ်ကိုမရှိဘူး . . .

အဲဒီမှာ . . . ဖလားပေါ်ထိုင်ရင်း တောင်တောင်အီ လျှောက်တွေးရာက ကိုယ်ရဲ့ထူးခြားချစ်သူ သုဝဏ္ဏမော ပိန်ဆီ စိတ်ကရောက်သွားတယ်၊ စဉ်းစားရင်း တွေးကြ ရင်းနဲ့ ဒိုင်းဆို ကိုယ်လဲ ဒင်းကိုအဆက်ဖြတ်ဖို့ ဆုံးဖြ မိတော့တာပဲကွာ . . ."

"ဟယ် . . . နင့်ဟာက အရင်းမရှိ အဖျားမရှိ နေ တကာ အတွေးကိုခေါင်လွန်းပါတယ်၊ ဘာ့များအတွေးဝ လာလို့လဲ၊ မင့်လူ့ခမျာ အူကျနေလို့လား၊ လိပ်ခေါင်းထွ နေလို့လား၊ တို့တော့ ရှင်းကိုမရှင်းတော့ဘူး မေရီရယ်

"အေးလေ . . . အဲဒါကြောင့်ပဲ ရှင်းနေရတာ၊ ကို တွေးမိတာက တခြားမဟုတ်ဘူး၊ တုမရအရောင်မမှိန် သုဝဏ္ဏမောင်ပိန်ဆိုတာက ပြောတာဆိုတာ၊ သွားတ လာတာ၊ ဝတ်တာစားတာ၊ နေတာထိုင်တာတွေမှာ သာ ယောကျ်ားသားတွေနဲ့မှမတူတော့ ထူးခြားတာပဲဆိုပြီး ကို က လက်ခံလိုက်တာ . . .

www.burmeseclassic.com

www.burmeseclassic.com



၇

တကယ်တော့ . . . သူဟာလဲ ဒီပုတ်ထဲက ဒီပဲပဲကွာ ဘာကြောင့်ဆို သူ့အိမ်သာတက်ပြီဆိုပါတော့၊ အိအိးပါပြီ ဆိုပါတော့ သာမန်လူတွေအတိုင်း ဇလားပေါ်ခွထိုင်ပြီး ကိစ္စရှင်းကြမှာပဲ၊ သူလဲ ဒီလိုပဲရှင်းမယ့်လူလို့ သိလာမြင် လာတယ်၊ ဒါဆို . . . ကိုယ့်ရဲ့လူဟာ ဘာထူးတော့မှာလဲ၊ သူလိုကိုယ်လိုယောကျ်ားသားပဲ ဖြစ်နေမှာမဟုတ်လား။ ဒီတော့ . . . ကိုယ်ကပဲ စွန့်ပစ်လိုက်တာလေ''

''ဟာ . . . မေရီ ဒါတော့ မင်း စကားကတ်တာပဲ၊ အေး . . . အဲသည်လိုအခင်းသွားတဲ့ကိစ္စမှာ မင်းကဘယ်လို မျိုးထူးခြားရင် မောင်ပိန်ကို ပြန်ပြီးလက်ခံမှာတဲ့လဲ''

''အေး . . ကိုယ်တို့မင်းတို့လို သာမန်ဖြေရှင်းရုံဖြေရှင်း နည်းနဲ့မဟုတ်ဘဲ အုန်းပင်စိုက်ပြီးဖြေရှင်းတာမျိုးဆိုရင် တော့ ကိုယ့်ရဲ့စွန့်ပစ်မှုကို ရုပ်သိမ်းမိမလားပဲ''

မေရီလင်းတစ်ယောက် သူမ၏အမုန်းသဝဏ်လွှာကို ပြန် လည်ရုပ်သိမ်းခြင်းပြု မပြုကို မသိရ။

သိရသည်ကား . . . ယခုထိ တစ်ကိုယ်တည်းအပျိုကြီးဖြစ် ကာ သာချွဲအတွေးခေါင်ဆဲ၊ ပိန်ဦးဇာကြောင်နေဆဲ ဆိုခြင်းပါတည်း။



[illegible]

www.burmeseclassic.com

www.burmeseclassic.com

သည်ရစ်သည်ရှာတစ်ကြောမှာတော့ မပုတိုတို့က နာမည် တစ်လုံးတောင်မဟုတ်။ နာမည်နှစ်လုံးနှင့်နေသူဖြစ်၏။ နယ်နယ် ရရတော့ မထင်ကြပါလေနှင့်။

ပထမနာမည်တစ်လုံးက တစ်ကိုယ်တည်းအပျိုကြီးဆိုသော နာမည်။

နောက်နာမည်တစ်လုံးကတော့ ချစ်အကျိုးတော်ဆောင် (သို့တည်းမဟုတ်) အောင်သွယ်တော်ဆိုသည့် အမည်နာမပေတည်း။

ကိုယ့်ကိုယ်ပိုင်အရည်အသွေး၊ အစွမ်းအစမရှိကြသူတွေ အဖို့ မပုတိုသည် ဇာတ်တော်ကြီးဆယ်ဘွဲ့ထဲမှ မေခလာရယ်ပါ တည်း။ သူမ အောင်သွယ်ပေးသဖြင့် ဖက်တီးဝင်းမောင်နှင့် မြင့် မြင့်ရီတို့သည်လည်းကောင်း၊ မင်းပြားကိုရွှေမင်းနှင့် မိချယ်ရီတို့ သည်လည်းကောင်း၊ ကဇော်သမားမောင်ညွှက်နှင့် မိမန်းလေးတို့ သည်လည်း နှစ်ပြားဂဟေဆက်ခဲ့ကြလေပြီ။



"မပုတိုရယ် ... မပုတို စွမ်းဆောင်ပေးလို့ ဂေါ်မစွဲ ဖြစ်နေကြသူတွေ အသီးသီးအသကဆိုသလို ဒွိယ၊ ဒွိယ တွေ ဖြစ်သွားကြပြီ၊ တချို့ဆိုရင် သားသမီးတွေတောင် တိုးလို့တွဲလောင်းနဲ့၊ အဲ ... သူတစ်ပါးတွေရဲ့အိမ်ထောင် ကို ဖြစ်မြောက်အောင်စွမ်းဆောင်ပေးနိုင်တဲ့ မပုတိုအဖို့ ကိုယ့်ကိုကိုယ်ကျတော့ ဘာဖြစ်လို့ တစ်ကိုယ်တည်းအပျို ကြီးဖြစ်နေရတာလဲဟင် ..."

တစ်စုံတစ်ယောက်ကများ ထိုသို့ထိုပုံ အမေးရှိလာခဲ့ပါက သူမဘက်ကလည်း ဖြေဆိုဖို့ရာအဖြေက အဆင်သင့်။

"ဒါကတော့ဟယ် ... ဆံပင်ညှပ်သမားလိုပေါ့၊ ဆံပင် ညှပ်သမားအနေနဲ့ သူတစ်ပါးရဲ့ဆံပင်ကို ပုံစံအမျိုးမျိုး စိတ်တိုင်းကျ ကျင်ကျင်လည်လည် ညှပ်ပေးနိုင်ပေမယ့် သူကိုယ်တိုင်ကျတော့ သူ့ဆံပင်ကို သူမသနိုင်ဘူးလေ၊ ဒီသဘောပဲပေါ့ ..."

ဟူ၍ အကျိုးသင့်အကြောင်းသင့်ဖြေဖို့ရာ အဆင်သင့်ပါပဲ၊

အမှန်အတိုင်း စိတ်ထဲရှိသမျှ ရင်ထဲတည့်စု ခံစားမှုတို့အား မိုးရေပမာ သွန်ချပစ်လိုက်ရလျှင်ဖြင့် ရင်ခွင်ရပ်ဝန်းကြီးတစ်ခုလုံး မည်သည့်သောင်မျှမထွန်းတော့ဘဲ ရေပြင်ကျယ်ကြီးဖြစ်သွားမှာ သေချာသည်။ မပုတိုအဖို့ သူမသည်လည်း အသွေးနှင့်အသားနှင့် တည်ဆောက်ထားသော ခန္ဓာပိုင်ရှင်မို့ 'လရေးသေတ် လင်'ကို လိုချင်နေသည်မှာ သေမတတ်ပါပေ။

www.burmeseclassic.com



သို့ရာတွင် ကံကြမ္မာက သူမအပေါ်၌ လေစိမ်းတွေတိုက်ခဲ့သည်။ မစင်စိမ်းတွေ ပန်းခဲ့သည်။

အန္တတ္တသညာဆိုသည့် မပုတို အမည်နှင့်လိုက်လျောညီထွေရှိလောက်အောင် သူမအရုပ်က ပုခဲ့သည်။ မသကာရှိလှ သုံးပေခွဲသာသာလောက်။ အဲ . . . အရုပ်ကပုသလို ခြေတံလက်တံတွေကလည်း တိုတိုတောင်းတောင်း။ သည်တော့ . . . သူမအရုပ် သဘာဝရုပ်လက္ခဏာကပင် မပုတို ဖြစ်စေခဲ့သည်။

ဆန့်ကျင်ဘက်ပုရိသတို့၏ စိတ်ဓာတ်ကလည်း အဆန်းသားကလား။ 'စက္ခုရှုပေန သံဝါသ'ဆိုသည်ကို အရိုးစွဲနေကြသည် မိန်းကလေးတိုင်း အလှအပမက်မောတတ်ကြသလို ယောကျ်ားတိုင်းလည်း အလှအပကို မမက်မောသူ မရှိကြ။ သည်တော့လည်း ပုရိသတို့၏အာရုံသည် မပုတိုကို ကျော်ကျော်သွားကြသည်။ ဤ ကျော်မည့်သာကျော်ကြသည်။ တကယ့်တကယ် အခြေအနေ မကောင်းလျှင်ဖြင့် မပုတိုထံ လက်ဆောင်ပဏ္ဏာများဆက်သ အပူကပ်ကြသည်။ အကူအညီတောင်းကြသည်။ ထိုအခါမျိုးတွင် အပျိုကြီးမပုတိုကလည်း ကိန်းကြီးခန်းကြီးလုပ်မနေပါ။ 'အ အကျိုးဆောင် ကိုယ့်အကျိုးအောင်'ဆိုသည့် ဆောင်ပုဒ်ကို နှလုံး လျက် သူတတ်စွမ်းရာ အောင်သွယ်နည်းဗျူဟာများဖြင့် ကူညီပေး ခဲ့သည်သာပင်။

ခုလည်း . . . ကာလသားလူပျိုပေါက် မောင်သင်းနွယ်တစ် ယောက် ရောဗိုလ်ဆန်စက်မှ စပါးရွက်သူ မိဂွက်အပေါ်တွင် အ လမ်းကြီးစွဲလမ်းနေမိသည်ကတစ်ကြောင်း။ သူကိုယ်တိုင်လည်း



ဘယ်လိုမှအစွမ်းအစမရှိသည်ကတစ်ကြောင်း အကြောင်းကြောင်းကို အကြောင်းပြုပြီးသကာလ နောက်ဆုံး၌ ဂေါ်မစွံသူတို့၏ အားကိုးအားထားပြုရာ မပုတိုထံသို့ ဆိုက်ရောက်လာရလေသည်။

"ကူညီပါဦး . . . အစ်မပုတိုရယ် . . . အစ်မပုတိုသာ ကျွန်တော့်ကိုမကူညီဘူးဆိုရင် ကျွန်တော့်ဘဝဟာ မြေကြွင်းထဲကိုဝင်မိတဲ့ကျော်စံကေးလို ဘဝဆုံးရပါတော့မယ်၊ အစ်မပုတိုသာ ကူညီမယ်ဆိုရင် ကျွန်တော် ဘာလုပ်ပေးရမလဲ၊ ဆန်ကာပေါက်ဖြစ်နေပြီး ယိုင်ရွဲ့နေတဲ့ အစ်မပုတို့ရဲ့သေးပေါက်ခန်းကိုလဲ ပြင်ဆင်ပေးပါ့မယ်၊ အိမ်သာကျင်း တူးပေးဆိုတူးပေးပါမယ်၊ ခိုင်းချင်တာခိုင်းစမ်းပါ၊ ကျွန်တော် ဘာတစ်ခုမှဝန်မလေးပါဘူး။ ဒီတော့ မိဂွက်နဲ့နီးစပ်အောင် ကြိုးစားအောင်သွယ်ပေးပါနော်၊ ဟောဒီမှာ အစ်မပုတိုရေတော်ရင်စုပ်ရအောင် ကြံတစ်ချောင်းခုတ်လာခဲ့တယ် . . . စုပ် . . . စုပ် . . ."

မောင်သင်းနွယ်အဖို့ မိဂွက်တည်းဟူသော ညည်းစားကလေးတစ်ယောက်ရဖို့အရေးအတွက် ပုံသေနည်းအတိုင်း အောင်သွယ်တော်အပျိုကြီးမပုတိုထံ ရောက်လာခဲ့ရပါပြီ။

မောင်သင်းနွယ်ကား မိဂွက်အပေါ်၌ တစ်ခါဖူးမျှ မချစ်ခဲ့ဘူးသည့်အချစ်ဖြင့် နှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်းချစ်ခဲ့၏။ မိဂွက်အကြောင်းပြောရမည်ဆိုလျှင် စကားတွေက ရေပက်မဝင်။ သူ့ဘက်က လွန်လွန်ကျူးကျူး စွဲလမ်းတပ်မက်နေသော်လည်း အဖြစ်ရှိအောင် ဘာတစ်ခုမျှ မဆောင်ကြဉ်းတတ်။ ပိုးပန်းမှုအတတ်ပညာဆိုသည်မှာ ဝေလာဝေး။

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါများကွာ . . . ဘာခက်တာမှတ်လို့၊ အပျိုကြီး မပုတို ရှိနေတာပဲ၊ သူက အဲသလိုကိစ္စမျိုးဆိုရင် စိတ်ပါ လက်ပါနဲ့ အကျိုးဆောင်ပေးနေတာ၊ သူ့ဆီသွားကပ်ပြီး အကူအညီတောင်း၊ မင်းရဲ့ဆန္ဒတွေ ပြည့်စေရမယ် . . . သင်းနွယ်"

အပေါင်းအသင်းရောင်းရင်းတွေက မကောင်းမြစ်တာ ကောင်းရာညွှန်လတ်ကြသည့်အတွက် မပုတိုထံ ရောက်ခဲ့ရခြင်းပါ

အပြောအဆိုက မွန်မွန်ရည်ရည်။

မျက်လုံးမျက်ဆံကောင်းကောင်း၊ လွန်စွာမှ အလိုက်တသိ ရှိလှသူမို့လည်း မပုတိုအဖို့ မောင်သင်းနွယ်အပေါ် ကရုဏာသက် သွားရတော့သည်။ မောင်သင်းနွယ်၏အလိုက်တသိကူညီမှုကြောင့် အိမ်သာကျင်းအသစ်လည်း တူးပြီးသွားပြီ။ ယိုင်နဲ့နေသော သေး ပေါက်ခန်းလည်း တောင့်တောင့်တင်းတင်းလေး ဖြစ်သွားသည် ဒါတောင် အကျီလုံချည်တွေ လျှော်ပေးပါမည်လုပ်၍ မကောင်း တတ်လွန်းသဖြင့် မနည်းကိုတားထားရသည်။

"ဟင်းနော် . . . . ဒီလိုသဘောသဏ္ဌာရကောင်းတဲ့ မောင်သင်းနွယ်သာ မိဂွက်အပေါ်မျက်စိမကျဘဲ ငါ့အပေါ် မျက်စိကျလာရင် ဘယ့်ကလောက်များကောင်းလေမလဲ မသိဘူးနော် . . ."

မတွေးသင့်, မတွေးထိုက်, မတွေးကောင်းပေမယ့် ပကတိ ဖြစ်ပေါ်နေသော စိတ်ဆန္ဒတို့အပေါ် မချုပ်တည်းချင်၍ စိတ်ထဲ



သည့်အတိုင်း မပုတို တွေးမိသည်။ ညည်းညူမိသည်။ ငုံ့ဆုတာကို သူမသိလေရှာသလား။

မောင်သင်းနွယ်က သူ့အလုပ်ခွင်ပြီးလျှင် မပုတိုထံ ချောင်း ပေါက်မတတ်လာသည်။ သူနှင့်မဂွက်တို့ အဆင်ပြေဖို့အရေးအတွက် ားပူနားဆာလုပ်သည်။

"ဩော် . . . . သူနားပူနားဆာလုပ်တာ မိဂွက်ကို မဟုတ်ဘဲ ငါသာဆိုရင် ဘယ့်ကလောက်ကောင်းလေမလဲ နော် . . ."

သည်သို့ နေ့စဉ်ဝတ္တရားမပျက်တမ်း အပျိုကြီးအိမ် ဝင်ဝင် ာသဖြင့် အပျိုကြီးနှင့် မောင်သင်းနွယ်တို့ တိတ်တိတ်ပုန်း တူတူ ရ ဝါးကြလေသလားဟု ပတ်ဝန်းကျင်က ထင်မြင်သွားကြလေ ည်လားမသိ။ ထိုသို့ထင်မြင်ကြလျှင်လည်း မပုတိုကတော့ ချော်လဲ ရာထိုင်ပစ်လိုက်မည်သာတည်း။

"အေးပါ . . . သင်းနွယ်ရယ်၊ ငါ နင့်ကောင်မလေး မိဂွက်ဆီကို ရောက်ပါတယ်၊ နင့်စကားတွေကိုသယ်သွား ပြီး နားချပါတယ်"

"ဒီ . . . ဒီတော့ . . . သူ သူ မိ မိဂွက်က ဘာပြော သလဲဟင် . . . ဂလု . . ."

"ကနဦးတော့ ဘယ်လက်ခံပါ့မလဲဟယ်၊ ကောင်မ လေးက အပျိုဖော်ဝင်လာပြီးခါမှ ထူးထူးခြားခြားကို အလှ ပန်းပွင့်လာတာကလား၊ ပန်းပွင့်ရင် လိပ်ပြာဝိုင်းသလို မိဂွက်ရဲ့အလှလဲ ပေါ်လွင်လာရော၊ ချစ်ချင်ကြိုက်ချင်သူ

www.burmeseclassic.com

www.burmeseclassic.com



တွေက ပိုင်းပိုင်းလည်လာကြတာပေါ့၊ ဒီတော့ . . . နှင့်လို ပါမွှားတစ်ယောက်ကို ရုတ်တရက်တော့ ဘယ်လိုလုပ် စိတ်ကူးထဲထည့်မလဲဟယ် . . . နှင်ပဲစဉ်းစားကြည့်ပါဦး''

သည်စကားပြောလိုက်တော့ မောင်သင်းနွယ် ငိုင်သွားမှိုင်သွားသည်။ သည့်အတွက် မပုတိုရင်ထဲ ခံစားလိုက်ရသည်။

''ကြော် . . . သင်းနွယ်ရယ်၊ မင်းအဖြစ်ကို ငါခံစား လိုက်ရတာ၊ မင်းမျက်နှာလေညှိုးသွားရင် ငါ့မှာလဲ အလိုလို ညှိုးရတာပါပဲ၊ မင်းကလေးကိုလန်းသွားအောင် ငါ့ရဲ့မေတ္တာ ရေစင်နဲ့ ဖျန်းပေးချင်လိုက်တာ''

မပုတို၏ရင်ထဲ၌ လှိုင်းခတ်ပုံတင်နေသော အသံတိတ် စကားများ။

''အေးဗျာ . . . ကျွန်တော့်ဘဝကလဲ နုံချာပါတယ်၊ ကျွန်တော်သာ ပိုက်ဆံရှိသားသမီးက ပေါက်ဖွားလာတဲ့ သူဆိုရင် ဘယ့်ကလောက်ကောင်းမလဲ မသိဘူးနော်''

''စိတ်မပျက်ပါနဲ့ဟာ . . . နှင် ယောကျ်ားမဟုတ်ဘူး လား၊ 'ငုပ်မိသဲတိုင် တက်နိုင်ဖျားရောက်'တဲ့၊ 'ယောကျ်ား တို့လုံ့လ သေခါမှလျှော့'တဲ့၊ 'ယောကျ်ားတံခွန် လူရည် ချွန်က၊ ကောင်းကင်တစ်မှတ်၊ ကြယ်ကိုဆွတ်လဲ၊ မလွတ် စတမ်း ရမြဲလမ်းတည့်'တဲ့''

''ကျွန်တော်နားလည်ပါတယ် မပုတိုရယ်၊ ရုတ်တရက် မို့ အားငယ်စိတ်ဝင်သွားတာပါ''



''အားမငယ်နဲ့ . . . အားမငယ်နဲ့၊ သစ်ငုတ်တိုတောင် တိုက်ပါများရင် နှဲ့လာတတ်သေးတာပဲ၊ ငါနေ့တိုင်း မိဂွက် ကို နားဝင်အောင် စကားထည့်မှာပေါ့ဟဲ့၊ ဒီမှာ မှတ်ထား သင်းနွယ်၊ လောကမှာ 'လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေ့'ရသတဲ့၊ ဒီလိုကိစ္စမျိုးဆိုတာက စိတ်ရှည်သည်းခံဖို့လိုတယ်၊ အင်မတန်လဲ ညင်သာသိမ်မွေ့ ရတယ်''

''ဟုတ်ကဲ့ပါ . . . မပုတင်ရာ၊ မိဂွက်ရဲ့အချစ်ကိုသာ ရမယ်ဆိုလို့ကတော့ တစ်ကမ္ဘာတောင်မဟုတ်ပါဘူး၊ ဆယ် ကမ္ဘာထိတိုင် စိတ်ရှည်လက်ရှည်နဲ့ စောင့်စားနေမှာပါဗျ''

သည်လိုနှင့် ရက်တွေ တစ်ရက်ပြီးတစ်ရက် ကြာခဲ့သည်။ ထိုကာလတွေမှာလည်း မောင်သင်းနွယ်အဖို့ အပျိုကြီးမပုတိုထံ အခြေအနေ ထူး၊မထူး သတင်းမေးမပျက်ခဲ့။

''ဟော့ . . . သည်ကနေ့တော့ ထူးပြီဟေ့ . . .''

''ဟင် . . . ဟုတ်လား၊ ဘယ်လိုများထူးသလဲဆိုတာ လုပ်စမ်းပါဦး . . . မပုတင်ရာ''

''ငါကလေ နှင့်အကြောင်းတွေကို သနားစဖွယ်ကောင်း လောက်အောင် စီကာပတ်ကုံးပြောပြီး နေ့တိုင်းနားချခဲ့တာ ဒီကနေ့ကျတော့ ခေါင်းညိတ်သွားတယ်ဟဲ့ . . .''

''ဟာဗျာ . . . ဝမ်းသာလိုက်တာဗျာ၊ တကယ် . . . တကယ်ပဲ''

www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆိုနှင့် မောင်သင်းနွယ်တစ်ယောက် ဒိုင်းခနဲ ကျွမ်းထထိုးတော့၏။

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်တာလဲ .. ဘာဖြစ်တာလဲ၊ မထိတ်သာမလန့်သာဟယ် ..."

"ဟီး ဟီး ... ဝမ်းသာလွန်းလို့ပါ အစ်မပုတိုရာ၊ ဝမ်းသာလွန်းလို့ပါ"

အချစ်ကဲကဲနှင့် အဖြစ်တွေသဲလွန်းလှသော မောင်သင်းနွယ်ကိုကြည့်၍ ဩချရသည်။

"ဒါ ... ဒါဆိုရင် မိဂွက်နဲ့ကျွန်တော် ဘယ်တော့မှ တွေ့ရမှာလဲဟင်၊ သူနဲ့နှစ်ယောက်တည်း တွေ့ချင်လိုက်တာ မပုတိုရာ ..."

"နင်တို့ယောက်ျားလေးတွေ အဲဒါသိပ်ခက်တာပဲ .. ချစ်အဖြေမရခင်တုန်းကဆိုရင် ချစ်အဖြေကို သိပ်ကြားချင်ကြတာပဲ၊ အဖြေရပြီဆိုရင်ဖြင့် နှစ်ယောက်တည်းတွေ့ချင်ရတာတွေ၊ တွေ့ပြီးရင် ဟင်း ... ငါရှေ့ဆက်ပြောရ မကောင်းဘဲရှိတော့မယ်"

"ဒါကတော့ သဘာဝကိုးဗျ"

"ဟွန်း ... ဝ,ဝနိုင်လွန်းတယ်"

ဘာပဲဖြစ်ဖြစ် မပုတိုထံမှ သတင်းကောင်းကြားရသည့်အတွက် မောင်သင်းနွယ်အဖို့ ဝမ်းအသာကြီးသာခဲ့သည်။ သာခဲ့သည့်အတွက်လည်း ထိုနေ့က မပုတိုအိမ်အတွက် ထင်းတွေခွဲပေး ခဲ့သည်။ သောက်ရေသုံးရေသာမက အိမ်သာအိုးကိုပင် ရေဖြည့်ပေးခဲ့သည်။ ဒါတွေကိုကြည့်၍ မပုတိုအဖို့ ခုနေ သူသာ မိဂွက်ဖြစ်လျှင် ကောင်းလေစွဟု ကရော်ကမည်အတွေးတွေ ဝင်မိတော့၏။

မောင်သင်းနွယ်အဖို့ မပုတိုမှတစ်ဆင့် မိဂွက်ထံမှ သူ့ မေတ္တာကိုလက်ခံကြောင်း ကြားရသည့်အခါ အကြီးအကျယ ဝမ်းသာ၏။

သို့သော် ဝမ်းသာနေရုံနှင့်မပြီးသေး။

ရှေ့တစ်ဆင့်တက်ကာ တွေ့နှစ်ကိုယ်တွေ့ဆုံပြီး စကားလေ တွတ်ထိုးချင်သေး၏။ ချစ်သူတို့ဘာဝ ကယုကယင်ပြုချင်သေး၏ ပြီးတော့ တူတူရေဝါးဖို့ကိစ္စ။ ဒီအတွက် သူ့ကိုယ်တိုင် လက်ရှိအနေ အနေမှာ ဘာမျှမတတ်နိုင်။

တတ်နိုင်သူက မပုတို။

"ရှိကြီးခိုးပါရဲ့ ... အစ်မပုတိုရယ်၊ ကျွန်တော် မိဂွက် နဲ့တွေ့ချင်ပြီဗျာ၊ အဲဒါ ဖန်တီးပေးပါဦး"

"တစ်နေ့နေ့တော့ တွေ့ရမှာပေါ့ဟယ် ..."

"အဲဒါ ဘယ်နေ့လဲဗျ၊ ဒီမှာ အခံရခက်လှတယ်"

"နင်တို့အချစ်ဆိပ်တက်တာကလဲ အဆန်းသားနော်"

"ဒါတော့ အစ်မပုတိုက အပျိုကြီးပဲဥစ္စာ၊ ဘယ်သိမှာလဲ"

"ဟဲ့အကောင် ... နင်က ဘာလဲ၊ အလိုဆန္ဒပြည့် မယ်မှမရှိသေးဘူး၊ ငါ့ကိုပုန်ကန်ချင်ပြီလား"

www.burmeseclassic.com

www.burmeseclassic.com



"ဘွာ ... ဘွာ ... အဲသလိုမဟုတ်ရပါဘူးဗျာ ... ကျွန်တော် စကားလောသွားလို့ပါ။ စိတ်မဆိုးပါနဲ့ ... တောင်းပန်ပါတယ်"

သည်လိုမျိုး ပြုံးပြုံးဖျာဖျာဖြစ်သွားတော့လည်း သနား စရာပင်။

"အေးပါဟယ် ... ငါကြဲဖန်ပြီး စွမ်းဆောင်ကြည့် ပါဦးမယ်"

သည်စကားနှင့်ပင် မောင်သင်းနွယ်တစ်ယောက် အကျေ နပ်ကြီးကျေနပ်ခဲ့ရပြန်လေသတည်း။



မပုတိုထံမှ မမျှော်လင့်သောစကားကို ကြားလိုက်ရတော့ မောင်သင်းနွယ်တစ်ယောက် ထခုန်မိမတတ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားရသည်။

"ငါ့မှာ မနည်းမနော ကြိုးစားလိုက်ရတာ သင်းနွယ် ရယ်၊ ပထမတော့ အင်းမလှုပ်အဲမလှုပ်နဲ့၊ ဟုတ်မှာပေါ့ လေ ... ကောင်မလေးက အရိုင်းကလေးကိုး။ ဘယ် ယောကျ်ားသနာနဲ့မှ ခုလိုမျိုး နှစ်ကိုယ်ချင်းတွေ့စရာရှိခဲ့ တာမှမဟုတ်ဘဲ၊ ခုဟာက ... နင့်ကို သံယောဇဉ်ကြီးလို့ ငါ့ကိုလဲ အားနာလို့ အတွေ့ခံမှာ"

"ကျေးဇူးတင်လိုက်တာဗျာ ... အစ်မပုတိုအတွက် ဒီတစ်ခါမြို့တက်ရင် သရက်ထည်ပွင့်ရိုက် အထက်အောက် ဆင်တူ တစ်ဝတ်စာဝယ်ပေးမယ်ဗျာ၊ ကုန်ချင်သလောက် ကုန်သလေ့စေ"

www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟယ် ...အေးပါ ..."

"ဒါထက် ...ဘယ်နေ့တွေ့ရမှာလဲဟင်"

"ဒီည ငါ့ဆီ စောစောလာခဲ့မယ်တဲ့၊ ငါ့အခန်းထဲကပဲ မိတ်ကို စောင့်နေလိမ့်မယ်၊ ငါကတော့ အရိပ်အခြည်ကြည့်ပြီး ကြိုရှောင်ပေးထားမယ်၊ မှောင်ခြည်ပျိုးမှ လာခဲ့နော်၊ ရောက်တာနဲ့ အခန်းထဲကိုတန်းဝင်သွား ..."

"ဟုတ် ...ဟုတ် ...အဟိ အဟိ ..."

"ဟဲ့ ...ဘာဖြစ်တာလဲ"

"ဝမ်းသာလွန်းလို့ပါဗျာ၊ ဒါထက် ...မိတ်ကွက်နဲ့တွေ့ရင် ကျွန်တော် ဘာတွေပြောပြီး ဘာတွေလုပ်ရမှာလဲဟင်"

"အောင်မယ်လေးဟဲ့ ...သင်းနွယ်ရယ်၊ နင် တော်တော်တုံးလှချေလား"

"တုံးဆို ...ကျွန်တော်မှ ရည်းစားမထားဘူးပဲဗျာ၊ ချိန်းတွေ့ဖို့ဆိုတာ ဝေလာဝေး ..."

ဟုတ်ပေသည်။

'မချစ်ဘူးတော့ အရူးလို' ဆိုသည့်အတိုင်း ရည်းစားသနာ ထားခဲ့ဘူးသော လူပျိုသိုးလေးအဖို့ ချစ်သူနှင့် နဖူးတွေ့ဒူးတွေ့ ဘွဲ့ရတော့မည်ဆိုတော့ ဘာတွေဘယ်လို ပြောရဆိုရမှန်းမသိ။ ခြေမကိုင်မိ,လက်မကိုင်မိ ဖြစ်နေပေလိမ့်မည်။

"ဟဲ့ ...နင့်ကိုချစ်လို့ အတွေ့ခံတဲ့ဥစ္စာ၊ နင်က သူ့ကို အင်မတန်ချစ်တဲ့အကြောင်း၊ သူ့အတွက် အလုပ်တွေကြိုးကြိုးစားစားလုပ်နေတဲ့အကြောင်း၊ ငွေကြေးစုစွာ ပြည့်စုံ



မှုလုံတဲ့နေ့ကျရင် မိသားဖသားပီပီ တောင်းရမ်းယူမယ့်အကြောင်း၊ သူတစ်ယောက်ကလွဲပြီး အားလုံးကို ဖွဲဆန်ကွဲထင်တဲ့အကြောင်း။ ဘယ်တော့မှသစ္စာဖောက်သွားမှာ မဟုတ်ကြောင်း၊ စီကာပတ်ကုံး ပလီစီချောက်ချက်ပြောပေါ့ဟဲ့ ..."

"အဟီး ...ဟုတ်လိုက်လေဗျာ၊ နောက်တော့ကော ဟင် ..."

"နောက်တော့ လက်ကလေးကိုင်ပေါ့ဟဲ့ ...သူက မငြင်းဘူးဆိုရင် ပခုံးလေးဖက်ပေါ့ဟဲ့၊ အဲ ...တော်တော့ ဟာ၊ နင့်ကိုပြောရတာနဲ့ ငါ့မှာ သိက္ခာကိုမရှိတော့ဘူး။ ကိုင်း ...ပြန်တော့ ပြန်တော့၊ ဒီည မိုးချုပ်မှလာခဲ့၊ ဟုတ်ပလား ..."

"ဟုတ် ...ဟုတ်ကဲ့၊ ကျေးဇူးအများကြီးတင်ပါတယ် အစ်မပုတိုရယ်၊ သွားမယ်နော် ..."

မောင်သင်းနွယ်ပြန်သွားတော့ ...ရင်ဘတ်ကြီးတစ်ခုလုံး လှိုက်ဟာကျန်ရစ်ခဲ့သူမှာ အပျိုကြီးမပုတိုပါတည်း။



www.burmeseclassic.com

www.burmeseclassic.com

သုံးရက်သုံးညမျှ ခုံးမျက်စ လကလေးသည် တမာတော ရွာကလေး၏ ကောင်းကင်ထက်၌ မှုန်မှုန်စိပ်စိပ်ကလေး လင်းနေသည်။ သစ်ပင်ကြီးငယ်တို့ အုပ်ဆိုင်းနေသောရွာကလေးမှ ကွင်းပြင်ကျယ်တွေမှတစ်ပါး ရွာအတွင်းမှာတော့ လရောင်ငတ်သလိုဖြစ်နေလေသည်။

မောင်သင်းနွယ်သည် ကော့နေအောင်မီးပူထိုးထားသော အဝတ်အစားတို့ကို လဲလှယ်ဝတ်ဆင်လိုက်၏။ အမြင်တင့်တယ်စေဖို့ ၎င်း၏မျက်နှာကိုလည်း မျက်နှာချေကလေးများ လိမ်းကျံလိုက်၏။ ခေါင်းကိုလည်း အုန်းဆီရွှဲရွှဲလိမ်းကာ သေသေသပ်သပ်ဖြီးသင်လိုက်၏။ မှန်ကိုကြည့်ပြီးတော့ 'တယ်ချောတဲ့ခန္ဓာတဲ့ငါပါကလား' ဟူ၍လည်း မှတ်ချက်ချလိုက်ပြန်သေး၏။

အချိန်အခါကျပြီမို့လည်း ဘယ်သူဘယ်ဝါမှမရိပ်မိရအောင် ဟိုလိုလိုဒီလိုလိုနှင့် အသာလစ်ထွက်ခဲ့လေသည်။

BURMESE CLASSIC



အပျိုကြီးမပုတိုအိမ်ကိုလှမ်းဝင်တော့ ကြိုတင်ပြောထားသည့်အတိုင်း အပျိုကြီးကိုမတွေ့ရ။ အလိုက်တသိ ရှောင်ပေးသွားပြီထင့်။ 'အင်း ... ကျေးဇူးကြီးလှပါပေရဲ့ အစ်မပုတို' ဟုပင် အသံတိတ်ရွတ်ဆိုမိပါသေး၏။

"အင်း ... မိဂွက်နဲ့တွေ့ရင် အစ်မပုတိုသင်ပေးထားတဲ့အတိုင်း ပြောရမယ်၊ ပြီးရင် မဂွက်ရဲ့လက်ဖဝါးလေးကို ကိုင်မယ်၊ ပခုံးသားလေးကိုဖက်မယ်၊ ကိုယ့်ဘက်မျက်နှာဆွဲလှည့်ပြီး မိဂွက်ရဲ့မေးစေ့ကလေးကိုပင့်တင်လို့ မို့မို့ဖောင်းဖောင်းပါးကလေးကို ရွှတ်ခနဲ ပြွတ်ခနဲ နမ်းပစ်လိုက်မယ်၊ ဘာရမလဲ ...ငါကွ ... အဟီးဟီး"

သို့ကလိုအားတင်းရင်း ဘယ်ခြောက်ကာညာလှမ်းလို့ ပုံစံမျိုးဖြင့် အိမ်ပေါ်သို့ချွတ်နင်းပြီးသကာလ အပျိုကြီး၏အိပ်ခန်းထဲသို့ တန်းဝင်သွားလေသည်။ အခန်းက ပြတင်းတံခါးပိတ်ထားသည်မို့ မည်းမည်းမှောင်မှောင်။ ဒါလည်း ကောင်းတာပါလေ၊ မှောင်မိုက်မိုက်မှာ ချောင်ဆိုတာ ကြိုက်ဖို့အကောင်းဆုံးမဟုတ်ပါကလား။

အခန်းထောင့်ခုတင်စွန်းမှာတော့ လူရိပ်သဏ္ဌာန်။ ထိုင်နေသည်က တင်ပလ္လင်။

မောင်သင်းနွယ်လည်း မရဲတရဲဖြင့်ပင် ခုတင်အနား တိုးကပ်လိုက်သည်။ တစ်ခါမျှ ဤသို့မကြုံဘူးသဖြင့် ရင်ထဲမှာတော့ ဒိန်းခနဲ ဒိန်းခနဲ။

သည့်နောက် တံတွေးကို ဂွက်ခနဲမျိုချရင်း ...

"လာမှလာပါ့မလားလို့ စိုးရိမ်လိုက်ရတာမိဂွက်ရယ်"

www.burmeseclassic.com



ဟု တုန့်တုန့်ယင်ယင်ပြောဆိုရင်း ခုတင်ပေါ် တင်ပလ္လင်ထိုင်ချလိုက်သည်။

"စောင့်နေရတာ ကြာပြီလားဟင်"

စကားမရှိစကားရှာလိုက်သည်။

"ဟင့်အင်း ..."

တစ်ဖက်မှဖွင့်ဟလာသော အသံကလေး။ လေသံမျှသာဖြစ်သော်လည်း အချစ်ကြီးချစ်ရသူ၏ သဒ္ဒါအသံမို့ မောင်သင်းနွယ်အတွက် နားဝင်ချိုလှသည်။

"ငါ ငါလေ ... နင့်ကို နင့်ကို မြင်စတွေ့စကတည်းကိုက မနေနိုင်မထိုင်နိုင်လောက်အောင် ကြိုက်ခဲ့မိတာပါ မိဂွက်ရယ် ..."

"အင်း ..."

တိုးဖွသောလေသံကလေး။ သူ အားတက်သွားသည်။

"ငါလေ ... နင့်ကိုသိပ်ချစ်လွန်းတဲ့အတွက် နင့်ကို တင့်တောင်းတင့်တယ်ထားနိုင်အောင် အလုပ်တွေကြိုးစားပြီး လုပ်နေပါတယ်ဟာ၊ ဒီနှစ်နွေပေါက်ရင် စပါးတွေပေါ်တော့မယ်၊ ကောက်ကြီးစပါးတွေမို့ ဈေးကောင်းရမှာဟ၊ အဲဒီကျတော့ အဘတို့ကိုပြောပြီး နင့်ကို မိသားဖသားပီပီ လာတောင်းမှာ ... သိလား"

"အင်း ..."

မောင်သင်းနွယ်အဖို့ ပြောစရာစကားက ကုန်သလောက်ရှိနေပြီဖြစ်၏။ ရှေ့ဆက် ဘာပြောရမှန်းမသိ။ ဘာမျှပြောစရာမရှိ



လျှင် လက်ကလေးကိုကိုင်ဖို့၊ ပခုံးကလေးကိုဖက်ဖို့၊ ပါးကလေးကို နမ်းဖို့ ဒါတွေလုပ်ရတော့မည်။

"ဟာကောင် ... သင်းနွယ်ရာ၊ မိန်းမတွေကို ကောင်းကောင်းကြီးနမ်းပစ်လိုက်၊ အနမ်းကျွမ်းလို့ကတော့ တစ်ခါတည်းကို စွဲသွားတတ်တာကွ ..."

ကာလသားခေါင်းကိုကံဝင်း၏စကားကို ကြားယောင်လာသည်။ ဟုတ်ပြီ။ ဒါဆိုလျှင် မိဂွက်စွဲသွားအောင် သူနမ်းပစ်လိုက်မည်။

သို့သော် ... ဘယ်လိုပျိုး၍နမ်းရပါ့။

ဖြုန်းစားဒိုင်းစားကြီး မပြောမဆိုနှင့် ဖက်နမ်းလိုက်ပါက သူ့အား တွေ့တွေ့ချင်း ဆောက်နှင့်ထွင်းရမလားဟုဆိုကာ စိတ်ဆိုးသွားမှာလည်း စိုးရသေးသည်။ "အင်း ... မိဂွက်စိတ်ဆိုးသွားပြီးနောက်တစ်ခါ မတွေ့မခံရင် ငါတော့ 'ဖွတ်မရ တားမဆုံး' တဲ့ကိန်းဆိုက်တော့မှာပဲ"ဟူ၍လည်း တွေးတောပူပင်နေရသည်။ သူ့အနမ်းကို လက်မခံဘဲ ဖြန်းဆနဲ ပါးရိုက်လိုက်ပါက ခက်ရချည်ရဲ့ဟူ၍လည်း စိုးရိမ်နေပါသေး။ သို့ရာတွင် သည်အတိုင်းနေလို့က မဖြစ်တော့။ အခွင့်သာခိုက် မနမ်းလိုက်က အမိုက်နှင့်ပြင်ရှိပါဦးမလား။ သည်အတွက် မဝံ့မရဲနှင့်ပင် တောင်းခံရတော့၏။

"မိဂွက်ရယ် ... ခုလိုမျိုး နှစ်ယောက်ချင်းတွေ့တဲ့အခါ မိဂွက်ကိုနမ်းပါရစေလားဟင်၊ ဒီအိမ်မှာ ဘယ်သူမှ မရှိပါဘူး။ အပျိုကြီးလဲ ငါတို့ကိုရှောင်ပေးထားပါတယ်"

တစ်ဖက်မှ အင်းမလှုပ်အဲမလှုပ်၊ မည်သည့်စကားသံမှ မထွက်။

www.burmeseclassic.com

www.burmeseclassic.com



"မိဂ္ဂက်ရယ် ... ငါဟာ နင့်ကို ရင်ထဲအသည်းထဲ၊ ကလီစာထဲကကို ချစ်တာပါ၊ ငါ့အချစ်ကို လေမှာကြဲဖြန့်လိုက်ရင် ကောင်းကင်ပြင်ကြီးဖြစ်လိမ့်မယ်၊ ရေမှာ ကြဲဖြန့်လိုက်ရင် ပင်လယ်ပြင်ကြီးဖြစ်လိမ့်မယ်၊ ငါ နင့်ကိုချစ်တဲ့အချစ်က ရိုးမြေကျအချစ်မျိုးနဲ့ချစ်တာပါ၊ ဒါကြောင့် ... ငါ့အချစ်ကို သက်သေပြတဲ့အနေနဲ့ နမ်း နမ်း နမ်းပါရစေနော် ..."

သည်သို့ဆိုသည့်တိုင် တစ်ဖက်မှ စကားပြန်မရ၊ သည်အတွက် အားမလိုအားမရဖြစ်လာခဲ့သည်။ အချစ်သွေးခုန်နှုန်းကလည်း တဒုံးဒုံးတိုးလာသည်။

"မိဂ္ဂက်ရယ် ... ငါ တောင်းပန်ပါတယ်ဟာ၊ နင့်ကို နမ်းချင်လို့ နမ်းပါရစေနော်"

ဒါလည်း အဖြေတုံ့ပြန်မလာ။

ဒါဆို ... မိဂ္ဂက် နားများလေးနေသလား၊ ဒါလည်းမဖြစ်တန်ရာ။ ကနဦးတုန်းက သူပြောဆိုသမျှကို အင်းလိုက်သေး၏။ ခုကျတော့ နကမွတ်၊ မတုန်မလှုပ်နဲ့။

"မိဂ္ဂက်ရယ် ... ငါပြောနေတာတွေ ကြားပါတယ်နော်၊ ဘာဖြစ်လို့မတုံ့ပြန်ရတာလဲ၊ နားများပင်းနေသလား"

အားမလိုအားမရဖြင့် နှုတ်မှထွက်သွားသည်၊ ထိုအခိုက်တစ်ဖက်မှ စကားသံပေါ်ထွက်လာလေရာ မောင်သင်းနွယ်အဖို့ အံ့သြသွားရ၏။ တုန်လှုပ်သွားရ၏။ အကြီးအကျယ် ထိတ်လန့်သွားရ၏။ ပြီးတော့ ဆိုင်းမဆင့်ဗုံမဆင့်ဆိုသလို 'ပြေးနိုင်မှလွတ်ရာကျ



မယ်'ဆိုသည့်အတိုင်း အခန်းထဲမှ အတင်းပြေးထွက်ကာ အိမ်ပေါ်မှ ခုန်ချလျက် သုတ်ခြေတင်သွားပါတော့၏။

မပြေးဘဲကော နေမှာတဲ့လား။

တုံ့ပြန်လာသောအသံကား အောက်ကလီအာအသံကြီး။

"အ,လိုက်တာ သင်းနွယ်ရယ် ... ငါ ဒီလောက်ငြိမ်နေတာ သဘောမပေါက်ဘူးလားဟင်၊ ငါကြားဖူးတာက 'လူပျိုလက် ဝက်မြီး'တဲ့၊ နင် တော်တော်တုံးတဲ့အကောင်၊ မိဂ္ဂက်မလာလို့ မိဂ္ဂက်ကိုယ်စား အစားဝင်ပေးနေတာ၊ နင့်နှာခေါင်းတွေ လက်တွေက အကြောသေနေလို့လား မသာကောင်ရဲ့ ..."တဲ့။

အသံရှင်ကား အပျိုကြီးမပုတိုမှလွဲ၍ တခြားမည်သူမျှမဖြစ်နိုင်ကြောင်း စာရှုသူတို့ ရိပ်မိလောက်မည်ထင်ပါသတည်း။



www.burmeseclassic.com

www.burmeseclassic.com

# [illegible]

မိန်းမသားတွေ စုဝေးပိုင်းဖွဲ့ပြီး ဟိုအကြောင်း၊ သည်အကြောင်းတွေ ပြောကြဆိုကြသည်ကို 'အတင်း'ဟု ဆိုကြ၏။

အဲ . . . ယောကျ်ားသားတွေ စုဝေးဆိုင်းဖွဲ့ပြီး ပေါက်တတ်ကရ ပြောကြဆိုကြတာတွေကျတော့ မည်သို့ခေါ်ပါလိမ့်၊ ဤသူ ဘယ်ပညာရှိလဲတော့မသိ။ ၎င်းကိုယ်တိုင် ယောကျ်ားသားဖြစ်၍လော မဆိုသာ။ ယောကျ်ားသားတွေ စုဝေးပြောဆိုကြသည်ကို 'သတင်း'လို့ ခေါ်ပါသတဲ့။ အတင်းပဲဖြစ်ဖြစ် သတင်းပဲဖြစ်ဖြစ် စုဝေးဆိုင်းဖွဲ့ပြောဆိုကြသည်ကတော့ ပျော်စရာကောင်းလှပါဘိသည်.

တမာတောရွာမှ ချက်စုတစ်ယောက် ရွာကျောင်းဆရာလေးကိုကြည်သာ၏ကောင်းမှုဖြင့် ရန်ကုန်ရွှေမြို့တော်သို့ ရောက်ခွင့်ကြုံခဲ့သည်။ ဆရာလေးကိုကြည်သာက ရန်ကုန်မြို့သားစစ်စစ် ပြီးတော့ ဘွဲ့ရ,ခေတ်ပညာတတ်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ဆရာလေးက လူတစ်မျိုး။ ရန်ကုန်ရွှေမြို့တော်မှာ မပျော်ပိုက်။ သူနှစ်ခြိုက်ပျော်ပိုက်သည်က ကျေးလက်တောရွာဆိုပဲ။ သည့်အတွက် မိဘဆွေမျိုးတွေ အတန်တန်တားသည့်ကြားမှပင် ဘွဲ့ရပြီးသကာလ ကျောင်းဆရာအလုပ်ကို တန်းလျှောက်သည်။ မည်သည့်နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သည်ဟုဆိုခြင်းအတွက် ချက်ချင်းအလုပ်တန်းရသည်။ သို့ဖြင့် မြို့ပြရန်ကုန်နှင့် အတော်ကလေး အလှမ်းကွာလှသော ချက်စုတို့၏ တမာတောရွာကလေးသို့ မူလတန်းကျောင်းဆရာအဖြစ် ရောက်ရှိလာခဲ့ခြင်းဖြစ်ချေ၏။

မြို့ကြီးသားဖြစ်သော်လည်း မြို့ကြီးသားမဆန်။

ကျေးလက်စရိုက်နှင့်အညီ နေတတ်၊ ထိုင်တတ်၊ စားသောက်တတ်သည်မို့ မကြာခင်မှာပင် အသွင်တူ၍ အိမ်သူသဖွယ်ဖြစ်သွားကြကာ 'တမာတောနှင့် ဆရာလေး'၊ 'ဆရာလေးနှင့် တမာတော' သည် ခွဲမရလောက်အောင် ထပ်တူဖြစ်သွားခဲ့ကြသည်။ ဆရာလေးအား ကလေးသူငယ် စာသင်သားတွေသာမက ချက်စုတို့လို ကာလသားပေါက်တွေကလည်း ချစ်ခင်ကြသည်။ ရွာဦးဘုန်းတော်ကြီးအပါအဝင် ရွာသူရွာသား သက်ကြီးပိုင်းတွေကလည်း ခင်ခင်မင်မင်တလေးတစားရှိကြသည်။

ဆရာလေးအဖို့ တမာတောရွာ၌ ချက်စုတို့အိမ်သည် စားအိမ်သောက်အိမ် ဖြစ်သည်။ ချက်စု၏အဘနှင့် အမေကလည်း ဆရာလေးအား ချက်စုကို အပ်ထားကြသည်။



ဆရာလေးက စာပေလေ့လာဖတ်ရှုမှုများ၍ထင့် ဗဟုသုတကြွယ်ဝသလို စကားပြောကလည်း ကောင်းလှသည်။ ရွာထိပ်ရိပ်သာ၌ စကားဝိုင်းမဖွဲ့လိုက်နှင့်။ ဖွဲ့လိုက်သည်နှင့် ကာလသားကြီးကြီးရွယ်ရွယ်၊ ငယ်ငယ်လတ်လတ်အပေါင်းသည် ဆရာလေး၏အာဝဇ္ဇန်းကြားတွင် ငုတ်တုတ်မေ့သွားနိုင်လောက်သည်။ ထူးခြားအံ့ဩဖွယ်ရာတွေပြောရမလား။ ပါးစပ်အဟောင်းသားနှင့် ငေးသွားရလောက်သည်။ ရယ်စရာဟာသတွေ ပြောရမည်လား။ တဝါးဝါးတဟားဟားနှင့် ပတ်တုပ်၍မရနိုင်လောက်အောင် ညို့ယူဖမ်းစားသွားမည်။ ဝမ်းနည်းကြေကွဲစရာတွေ ပြောရမည်လား။ အပ်ကျသံကြားရလောက်အောင် တိတ်ဆိတ်ကာ အားလုံး၏မျက်ဝန်းအိမ်၌ မျက်ရည်ဥတွေခိုတွဲသွားမည်။ သည်ရွှေသည်မျှအထိ ဆရာလေး၏ စွမ်းအင်သတ္တိက ထူးခြားလှပါဘိ။

ခါတိုင်းနှစ် ကျောင်းပိတ်တုန်းက ဆရာလေးသည် သူ့မွေးရပ်ဇာတိ ရန်ကုန်သို့မပြန်ခဲ့။ တမာတောမှာပင် ပျော်မောနေခဲ့သည်။ သည်တစ်နှစ်ကျတော့ မိဘညီအစ်ကိုသားချင်းတွေက စာတစ်တန် ပေတစ်တန်ဖြင့် ပြန်လာခဲ့ဖို့ရာ မှာလေသည်မို့ နွေရာသီကျောင်းပိတ်သည့်အခိုက် ရန်ကုန်သို့ပြန်ခဲ့ရာ ဆရာလေး၏ တာဝန်ယူခေါ်ဆောင်မှုကြောင့် တမာတောရွာသားလေးချက်စုလည်း တစ်ခါဖူးမျှ မရောက်ဘူးလေသော ရန်ကုန်ရွှေမြို့တော်ကြီးသို့ ရောက်ခဲ့ရပါ၏။ ဘုန်းတန်ခိုးအလွန်ကြီးမားသော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကြီးအပြင် ဆူးလေစေတီ၊ ကျိုက်ခေါက်စေတီ၊ ဗိုလ်တထောင်စေတီ၊ ကျိုက်မှော်ဝန်းရေလယ်ဘုရား၊ ငါးထပ်ကြီးဘုရား

www.burmeseclassic.com



ခြောက်ထပ်ကြီးဘုရား၊ ကိုးထပ်ကြီးဘုရား၊ သဃ်နီးကျွန်းစေတီ၊ ရွှေနားပန်ဘုရား၊ ရွှေဘုန်းပွင့်စေတီ၊ ကမ္ဘာအေးစေတီ၊ စွယ်တော်မြတ်စေတီ၊ မင်းမဲ့ကုန်း၊ တိရစ္ဆာန်ဥယျာဉ် စသဖြင့် နေရာစုံ အဖုံဖုံသို့ ရောက်ရှိခဲ့သည်မှာ ဝမ်းမြောက်ကြည်နူးဖွယ်ကောင်းလှပါဘိတော့။

သည့်အတွက် ချက်စူအဖို့ ဆရာလေးကို လွန်စွာမှကျေးဇူးတင်နေမိသည်။

"မလိုပါဘူး . . . ချက်စူရယ်၊ မင်းနဲ့ငါဟာ တစိမ်းတွေမှမဟုတ်ကြတာပဲ၊ မင်းတို့ရွာမှာဆို ငါ ဘယ်လိုနေခဲ့ရသလဲ၊ အဲသလိုမျိုးသဘောထားစမ်းပါကွ . . ."

ဆရာလေး သဘောကောင်းသကဲ့သို့ပင် ဆရာလေး၏ အိမ်သူအိမ်သားတွေကလည်း သဘောသဏ္ဍာရကောင်းကြသည်။ မွန်မွန်ရည်ရည် ပျူပျူငှာငှာရှိလှသည်။ သည့်အတွက် ချက်စူအဖို့ အနေကျုံ့ခြင်းမဖြစ်တော့ဘဲ နေသာထိုင်သာရှိတော့သည်။

သည်ကနေ့လည်း ဆရာလေးက သူ၏ကျောင်းနေဘက် သူငယ်ချင်းအချို့နှင့် မိတ်ဆုံစားသောက်ကြရင်း စကားဝိုင်းဖွဲ့ကြရန်အတွက် စားသောက်ဆိုင်တစ်ဆိုင်၌ ချိန်းဆိုထားသည်။

"ဟော့ကောင် . . . ချက်စူ၊ မင်းမလိုက်လို့မရဘူး၊ လိုက်ကိုလိုက်ခဲ့ရမယ်၊ အားလုံးဟာ ငါနဲ့အလွန်မတန်ခင်မင်ကြတဲ့သူငယ်ချင်းတွေကွ . . . စားရင်းသောက်ရင်း ရှေးဟောင်းနှောင်းဖြစ်တွေ ပြောကြဆိုကြမှာ၊ ဒီတော့ မင်းအတွက် လေ့လာစရာ ဗဟုသုတတိုးတာပေါ့ကွာ"



သည်လိုမျိုး မဖြစ်မနေခေါ်တော့လည်း ချက်စူအဖို့ ဘယ်ငြင်းသာမှာတဲ့နည်း၊ ဆရာလေးနောက်လိုက်လျက် စားသောက်ဆိုင်သို့ ရောက်သွားရပါလေတော့၏။

သည်မှာတင် ဆရာလေး၏ကျောင်းနေဘက်သူငယ်ချင်းများကို တွေ့ဆုံရလေ၏။ အားလုံးသည် ပွင့်ပွင့်လင်းလင်းနှင့် ဟောဟောဒိုင်းဒိုင်း၊ ပြီးတော့ ပျော်ပျော်ရွှင်ရွှင်သမားတွေ။ ကျောင်းတုန်းက ဘယ်လောက်တောင် ခင်မင်ရင်းနှီးခဲ့ကြလေသည်မသိ၊ ယခုလို အလုပ်တွေအကိုင်တွေနှင့် လုပ်ငန်းခွင်ရှိရာ အသီးသီး ဝင်ရောက်သွားကြပြီဆိုသော်လည်း ငယ်စဉ်တုန်းဆီက စိတ်ထားတွေသည် ကွယ်ပျောက်မသွား။

ယခု ဆုံစည်းမိကြသည်က ခြောက်ယောက်။

အားလုံး ပြောမနာဆိုမနာတွေ။ ကုန်ကျသမျှ ဝိုင်းပြီးအချိုးကျ ထည့်ဝင်မည်ဆိုပြီး မှာလိုက်သည့်စားဖွယ်ရာတွေမှာလည်း မနည်း၊ ချက်စူအတွက်တော့ မကြားဘူး၊ မစားဘူးသည့် ထူးထူးဆန်းဆန်း စားသောက်ဖွယ်ရာတွေပင်။

ငါးကြင်းပြီးကြွပ်ကြော်တဲ့၊ ပုစွန်တုပ်ချိုချဉ်ကြော်တဲ့၊ ကြက်တောင်ပံအဆာသွတ်တဲ့၊ ငါးမန်းတောင်ဟင်းချိုတဲ့၊ ဆလပ်တဲ့။

စားဖွယ်တွေစုံသလို သောက်စရာကျတော့လည်း အာရှင်အောင်ဟုဆိုကာ ပုလင်းဘီယာတွေကို မှာကြပြန်သည်၊ ဆရာလေး၏ကောင်းမှုဖြင့် ချက်စူတောင်မှ ဘီယာဆိုတာကြီးကို သောက်ခွင့်ရလိုက်သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုကြီးမှန်းမသိ။ ကြရည်နံ့လိုလို ဘာလိုလို။ ပြီးတော့ ခါးသက်သက်ကြီး။ တမာတောရွာက ကိုစံခ၏ထန်းရည်လောက် တော့ ခံတွင်းမတွေ့သည်က အမှန်ပင်။

"ချက်စု ... စားကွာ၊ ဘာမှအားမနာနဲ့၊ ဒါ ... ငါ့ရဲ့ အချစ်ဆုံးသူငယ်ချင်းတွေ ... သူက ကုမ္ပဏီဒါရိုက်တာ ကိုကေလတ်တဲ့၊ ဒီဘက်ကို ကိုမြင့်ဦးမြင့်၊ သူက ဇီဒီယို ဓာတ်ညွှန်းရေးဆရာ၊ ဒါက စာတိုက်နဲ့ကြေးနန်းဌာနက ကိုထွေး၊ သူက အထက်တန်းရှေ့နေကြီး ကိုတင်ယု၊ သူက ဆေးရုံကြီးက ဆရာဝန် ဒေါက်တာအောင်သန်း၊ ဒီဘက်က ရွှေပန်းတောမဂ္ဂဇင်းအယ်ဒီတာ မောင်ငြိမ်းသူတဲ့ကွ။

သူငယ်ချင်းတို့ရေ ... ဟောဒါ ငါစားသွားသင်တဲ့ တမာတောရွာက ချက်စုတဲ့၊ သူတို့တစ်အိမ်သားလုံးက ငါ့ရဲ့မိသားစုပဲ"

အားလုံးကို ဆရာလေးက မိတ်ဆက်ပေးသည်။ သူတို့ အားလုံးကလည်း တကယ့်ကို နှစ်နှစ်ကာကာအပြုံးများဖြင့် အသိ အမှတ်ပြုကြသည့်အတွက် ချက်စု ပျော်သွားရပါသည်။

"ကိုင်း ... ညီလေးချက်စု၊ စိတ်ကြိုက်သာစားကွာ၊ အစ်ကိုတို့ကို ဘာမှအားနာစရာမရှိဘူး"

"ဟုတ်ကဲ့ခင်ဗျ ..."

ချက်စုအဖို့ ဆရာလေးသူငယ်ချင်းများ၏ဖော်ရွေမှုကြောင့် အနေရအထိုင်ရ မကြပ်တော့။ စားရဲသောက်ရဲရှိလာသည်။



"ဟော့ကောင်ကြီး မြင့်ဦးမြင့် ... မင်းမျက်နှာကြည့် ရတာ မရွှင်သလိုပဲ၊ ဘာလဲ ... မင်းနှမ ရှင်ထွေးကြည် လင်နောက်လိုက်သွားလို့လား"

"အိ ... သေပဟ"

ဆရာလေး၏ တုတ်ထိုးအိုးပေါက်အမေးကြောင့် ဓာတ်ညွှန်း ရေးဆရာ ကိုမြင့်ဦးမြင့်ခမျာ ဖက်ကလေးပုရွှဝင်သွားတော့သည်။

"အေးကွာ ... အဲဒါကြောင့်ပဲ ငါ့မှာ ခုတလော အကြီးအကျယ် မျက်နှာပူနေရတာ၊ ငါ့ညီမကလဲ မိုက်ပါ တယ်ကွာ၊ ငါလက်တိုလက်တောင်းခိုင်းနေတဲ့ ငါ့တပည့် မှုကြီးနဲ့မှ လိုက်ပြေးရတယ်လို့ ...

အဲသည်အတွက် လာလာမေးကြသူတွေကို ဖြေဖြေပြ နေရတာ အစ်ကိုတစ်ယောက်အတွက် ဘယ့်ကလောက် မျက်နှာပူစရာကောင်းလိုက်လေသလဲ"

"အဟေးဟေး ... ဒါဆိုရင် ဟိုစကားပုံလို ဖြစ် နေပြီ"

"ဘယ်စကားပုံလဲ ... ကိုထွေးရ"

"နှမလင်နေ မောင်ဖင်ကျိန်း ဆိုတာလေကွာ"

"ဟား ဟား ဟား ဟား ..."

တစ်ဝိုင်းလုံး ဟားတိုက်ရယ်မောမိကြ၍ ရွှင်ကြည်လတ် ဆတ်သွားကြသလိုပင်။

"မင်းမျက်နှာပူရတာက ဘာဟုတ်သေးလို့လဲကွ၊ ငါမျက်နှာပူရတာမှ ပိုထူးတာ"

www.burmeseclassic.com

www.burmeseclassic.com



"လုပ်စမ်းပါဦး ... ကုမ္ပဏီဒါရိုက်တာကြီးရယ်"

ကိုကေလတ်၏ ဟာလာသောစကားအပေါ်ဝယ် တစ်ဝိုင်းလုံး စိတ်ဝင်စားသွားကြသည်။

"မင်းတို့ငါတို့ မြန်မာမှုထုံးတမ်းဓလေ့မှာ မသိကျွမ်းသေးတဲ့တစ်စုံတစ်ဦးနဲ့ မိတ်ဆက်ပေးကြတဲ့အခါမျိုးမှာ ဘယ်လိုစကားမျိုးတွေ ပြောတတ်ကြသလဲ"

" 'ဟာ ... ခုလိုမျိုးတွေ့ရတာ ဝမ်းသာပါတယ်' လို့ ပြောကြတာပေါ့ကွ"

"အေး ... အဲဒီဝေါဟာရစကားလုံးကြောင့် ငါ့မှာ မျက်နှာပူစရာဖြစ်လာရတာပေါ့"

"ဆိုစမ်းပါဦးကွာ ... မင်းမျက်နှာပူရတဲ့ကိစ္စ ..."

"အေး ... တစ်မြန်နေ့ကပေါ့ကွာ၊ ငါ့မိတ်ဆွေတစ်ယောက်ရဲ့အမေ ရုတ်တရက် ရောဂါဖောက်ပြီး ကွယ်လွန်သွားလို့ အသုဘသတင်းမေး သွားခဲ့မိတယ်၊ ဟိုရောက်တော့ အလောင်းဘေးမှာ မိတ်ဆွေရဲ့မိသားစုတွေက သေတဲ့သူကို တ,တပြီး အော်ဟစ်ငိုကြွေးနေကြတယ်၊ ငါ့ကိုမြင်တော့ ငိုတာ ခဏရပ်သွားတယ်။

အဲဒီမှာ မိတ်ဆွေက သူ့စိမ်းညွှိသည်ဖြစ်တဲ့ ငါ့ကို ကြေကွဲပူဆွေးနေတဲ့ သူ့မိသားစုနဲ့ မိတ်ဆက်ပေးတယ်၊ အဲဒီမှာ မြန်မာဓလေ့ထုံးစံအတိုင်း ပါးစပ်ကနေ လွှတ်ခနဲ ဆိုသလို 'ခုလိုမျိုးတွေ့ရတာ သိပ်ကိုဝမ်းသာလိုက်တာဗျာ' လို့ ပြောလိုက်မိတယ်၊ မင်းတို့စဉ်းစားကြည့်ကြစမ်း ...



သူတစ်ပါး ပူဆွေးကြေကွဲနေကြတဲ့အခိုက်မှာ ငါက ဝမ်းသာလိုက်တာလို့ ပြောမိတော့ တောက် ... ငါ့ပါးစပ်ကိုငါ ပိတ်ရိုက်ပစ်ချင်လိုက်တာကွာ၊ တစ်ဖက်လူတွေကလဲ မျက်နှာတွေ မည်းတက်သွားကြတယ်၊ ငါလဲ မျက်နှာပူတာနဲ့ ချက်ချင်းဆိုသလို ထလစ်လာတာပဲဟေ့ ..."

"ဟား ဟား ဟား ... ဟုတ်ပေ့ကွာ၊ ဟုတ်ပေ့၊ မျက်နှာပူမယ်ဆို ပူလဲပူလောက်ပါပေတယ်"

"ဟာ ... ကေလတ်ရာ၊ မင်းမျက်နှာပူသလိုမျိုး ငါလဲ ပူခဲ့ရပါတယ်ကွ"

စာတိုက်နှင့်ကြေးနန်းဌာနမှ ရုံးအုပ်ကြီးဖြစ်သူ ကိုထွေးက သူမျက်နှာပူခြင်းကိစ္စကို အားကျမခံ စကားစလာသည်။

"ဘယ်လိုမျက်နှာပူရတာတုန်းကွ၊ လုပ်စမ်းပါဦး"

"ငါပူရတာ ကေလတ်ပူပုံမျိုးနဲ့တော့ မတူဘူး။ ငါ့လုပ်ငန်းကိုလဲ မင်းတို့သိကြသားပဲ၊ ကြေးနန်းဘက်မှာ တာဝန်ယူထားရတာ ...

"အဲဒီမှာကွာ ... ငါတို့လမ်းထဲရှိတဲ့ အိမ်တွေကို ကြေးနန်းစာပါလာရင် စာပို့လုလင်လေး သန့်ဇော်သစ်ကို ငဲ့ညှာတဲ့အနေနဲ့ ငါကပဲ သူ့ကိုယ်စား ကူညီပြီး ယူသွားလေ့ရှိတယ်"

"တော်စမ်းပါ ... ကိုထွေးရာ၊ ဘာငဲ့ညှာတဲ့အနေနဲ့ ကူညီတာလဲ၊ လက်ဖက်ရည်ဖိုးရလို့မဟုတ်လား ..."

www.burmeseclassic.com

www.burmeseclassic.com



"အဟီး ... ဒါလဲ တစ်ကြောင်းပေါ့ကွာ၊ ငါက အပင်ကိုလှုပ်ပြီး အသီးကိုခြွေမစားပါဘူး။ သူ့ဘာသာသူ အလိုလိုကြွေကျတဲ့အသီးကိုပဲ စားတာပါ။

တစ်နေ့တော့ကွာ ... လမ်းထဲက ဒေါ်ဖွားချစ်ဆိုတဲ့ အမေကြီးတစ်ယောက်ရဲ့အိမ်လိပ်စာနဲ့ ကြေးနန်းစာတစ်စောင် လာတယ်၊ ထုံးစံအတိုင်း ရုံးဆင်းတဲ့အခါ ငါပဲ ယူသွားပေးတာပေါ့။

ဒီလိုနဲ့ ... လက်ထဲရောက်တဲ့အခါ ဒေါ်ဖွားချစ်အိမ်ကို ရောက်သွားတယ်။ အိမ်မှာက ဒေါ်ဖွားချစ်က အလုပ်များနေတဲ့ သူ့သားကြီးက ဟုမ္မလင်းဘက်မှာ အလုပ်သွားလုပ်ရင်း မအေအိုကြီးကို လုပ်ကျွေးနေတာကွ။

အေး ... ငါလဲ 'ကြေးနန်းစာ အဘွားရေ'လို့ပြောပြီး စားပွဲပေါ်တင်လိုက်တဲ့အခါ 'လာပြီ ... လာပြီ .. ရုံးအုပ်ကြီးရေ'လို့ ပြောပြောဆိုဆိုနဲ့ လက်ဖက်ရည်ဖိုးပိုက်ဆံကို ယူလာပေးတယ်၊ ထုံးစံအတိုင်း သူ့စေတနာနဲ့သူပေးလာတာမို့ ငါလဲ အိတ်ထဲထည့်လိုက်တာပေါ့"

ခုထိ မျက်နှာပူသည့်ကိစ္စ မပါသေး။ သို့တိုင် အားလုံးသည်ကိုထွေးပြောဆိုနေသည့် အကြောင်းရပ်အပေါ်၌ စိတ်ဝင်စားနေမိကြသည်။

"အဲဒီမှာ မျက်နှာပူစရာဖြစ်လာတော့တာပဲဟေ့ ... အဘွားကြီးက မျက်စိက မှုန်မှုန်၊ မျက်မှန်ကလဲ အလွယ်တကူ ရှာမတွေ့ဆိုတော့ 'ရုံးအုပ်ကြီးပဲ ကြေးနန်းစာကို ဖတ်ပြပါ'တဲ့၊ အဲဒီမှာ ငါက ဖတ်ပြလိုက်တယ်။



'ဒေါ်ဖွားချစ်

ကိုခင်မောင်ချစ် ဆုံးပြီ။

အမြန်လာ'တဲ့။

ငါဖတ်ပြတာလဲဆုံးရော အဘွားကြီးခမျာ 'အမလေး သားလိမ္မာကြီးဆုံးပြီတော့ ...'ဆိုပြီး မျက်ဖြူလန်ပြီး ပစ်လဲကျသွားလို့ ပတ်ဝန်းကျင်ကို အော်ခေါ်ရတော့တယ်၊ မင်းတို့စဉ်းစားသာကြည့်ကြကွာ ... လက်ဖက်ရည်ဖိုးယူပြီး အ,မင်္ဂလာသတင်းကို ဖတ်ပြလိုက်ရတဲ့ ငါ့ရဲ့အဖြစ် ဘယ့်ကလောက်မျက်နှာပူစရာကောင်းလိုက်သလဲလို့"

"ဟား ဟား ဟား ဟား ..."

စားသောက်ဝိုင်းဖွဲ့ကြသော စကားဝိုင်းကလေးက စိုပြည်သည်ထက် စိုပြည်သွားလေတော့သည်။

"ကိုင်း ... လိုတာတွေ ထပ်ပြီးမှာကြဦးကွာ၊ ပြီးတော့မှ စကားဆက်ကြတာပေါ့"

"ချက်စူရေ ... စားကွာ"

"ဟုတ် ဟုတ်ကဲ့ ... အစ်ကိုတို့"

စားလိုက်ကြ၊ သောက်လိုက်ကြ စကားတွေဝိုင်းဖွဲ့လိုက်ကြနှင့် တကယ့်ကိုပျော်စရာကောင်းလှပြီး ဗဟုသုတွေ များစွာရလိုက်သည်ဟု ချက်စူ ထင်ပါသည်။

"မင်းတို့ မျက်နှာပူစရာကောင်းတဲ့အကြောင်း ပြောကြဆိုကြတာနဲ့ပတ်သက်လို့ ငါတို့ရှေ့နေတွေလဲ မျက်နှာပူစရာအကြောင်းတွေ ရှိကြတာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟ . . . လျှာအင်မတန်ရှည်တဲ့ ငိုစားရယ်စားကောင် မင်းက ဘာများမျက်နှာပူစရာကြုံရလို့လဲ"

အထက်တန်းရှေ့နေကြီး ကိုတင်ယု၏စကားကို အားလုံးက အစထောင်ပေးလိုက်ကြသည်။ ရှေ့နေကြီးကား လွန်စွာမှ ဘီယာကြိုက်သောသူဖြစ်ရှာ၏။ အခြားသူတွေ တစ်ပုလင်းမကုန်မီမှာပင် သူက သုံးပုလင်းတိတိကုန်အောင် တွယ်ခဲ့ပြီ။ နောက်တစ်လုံးကိုပင် ငုံ့နေပေပြီ။

"မျက်နှာမပူဘဲ ဘယ်နေလို့မတုန်းကွ . . . တို့များ ရှေ့နေဆိုတာ အမှုသည်ဆီက ရှေ့နေခနဲ့ ရပ်တည်နေကြရတာမဟုတ်လား။ တစ်လောက အမှုတစ်ခုကိုလက်ခံပြီး ရှေ့နေလိုက်တယ်၊ အမှုသည်က သူ့အမှုပြီးမှ တစ်လုံးတစ်ခဲတည်း ပေးပါရစေတဲ့၊ အဲ . . . အမှုက ပြီးသွားပါရဲ့ ရှေ့နေခကိုတောင်းဖို့ရာ မျက်နှာပူတာနဲ့ ရှေ့နေခ လုံးဝ မရလိုက်ဘူး"

"ဟင် . . . ဘာဖြစ်လို့"

"ဘာဖြစ်ရမှာလဲ၊ အမှုက ရှုံးသွားပြီး ငါ့အမှုသည် ထောင်တန်းကျသွားတယ်လေ၊ ဒီတော့ . . . ဘယ်လိုလုပ် ရှေ့နေခ တောင်းရဲမှာလဲ၊ မျက်နှာပူစရာကြီးမဟုတ်လား"

ဟုတ်တော့လည်းဟုတ်သည်။ ရှေ့နေကိုတင်ယုအတွက်တော့ မျက်နှာပူစရာပါပေ။

"အေး . . . မင်းပြောတာလဲ ဟုတ်ပါရဲ့၊ ဒါပေမယ့် ကွာ . . . ငါတို့ဆရာဝန်တွေအဖြစ်ကမှ မျက်နှာပူစရာပါ"



"ဟ . . . ဘာလို့မျက်နှာပူရမှာလဲ၊ မင်းတို့အလုပ်က ကုသိုလ်လဲရ ဝမ်းလဲဝနေတဲ့ဥစ္စာ"

"အဲဒါလဲတစ်ကြောင်းပေါ့ကွ . . . မျက်နှာပူတာလဲ ပူရတာပဲပေါ့၊ တစ်လောကဆို ငါ့ဆေးခန်းမှာ ပိုက်ဆံအတော်ချမ်းသာတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဆေးလာကုတယ်၊ ကံဆိုးချင်တော့ . . . ဆေးကုနေရင်းနဲ့ပဲ ရှော့ခ်ဖြစ်ပြီး ဆုံးသွားတယ်"

"ဒါတော့ . . . ဘယ်တတ်နိုင်မှာလဲကွ၊ သတ္တဝါတစ်ခုကံတစ်ခုပဲဥစ္စာ"

"အဲဒါတော့ အဲဒါပေါ့ကွာ၊ ကိုယ်တာဝန်ယူပြီး ကုသပေးရတဲ့လူနာတစ်ယောက် မမျှော်လင့်ဘဲ ဖိတ်စင်သွားတော့ ဘယ်ကောင်းမှာလဲကွာ"

"အေး . . . အဲဒါနဲ့ မျက်နှာပူတာ ဘာဆိုင်လို့လဲ"

"ဟ . . . မဆိုင်ဘဲနဲ့နေမလားကွ၊ အဲဒီပုဂ္ဂိုလ်ကြီးသေတော့ သူ့မိသားစုအသိုင်းအဝိုင်းက ငွေကြေးချမ်းသာပြီး မျက်နှာကြီးမျိုးမို့လားမသိဘူး သတင်းစာထဲမှာ အထူးကျေးဇူးတင်ရှိခြင်းဆိုပြီး ကြော်ငြာထည့်တယ်ကွ၊ ထည့်တာမှ 'ရောဂါဝေဒနာခံစားနေရစဉ်က အထူးကြပ်မတ်ကုသပေးခဲ့သော ဒေါက်တာအောင်သန်းနှင့်တကွ သူနာပြုဆရာ၊ ဆရာမတို့အား အထူးတလည် ကျေးဇူးတင်ရှိပါကြောင်း'တဲ့ကွာ၊ ကိုင်း . . . ကိုယ်ကုသပေးလို့ ရောဂါဝေဒနာမပျောက်တဲ့အပြင် ကိစ္စချောသွားရတာကို အထူး

www.burmeseclassic.com



ကျေးဇူးတင်ရှိခြင်း’ဆိုတော့ ဘယ်လိုမှမျက်နှာထားမရ. အောင် ပူတာပဲမဟုတ်ဘူးလား”

“အဟားဟား ...ဒါလဲဟုတ်သဟ၊ ပူမယ်ဆိုလဲ ပူစရာပေပဲ”

ထိုအချိန်၌ အမြည်းကိုအမြည်းလိုမစားဘဲ ဗိုက်ပေါက်ထွက်မတတ် လက်သွက်,ပါးစပ်သွက်လွန်းလှသော မဂ္ဂဇင်းအယ်ဒီတာ မောင်ငြိမ်းသူက တစ်စခန်းထလာသည်။

“မင်းတို့မျက်နှာပူတာက နည်းနည်း၊ ငါမျက်နှာပူတာက များများပါကွာ ...”

“အလို ...မင်းကလဲ မျက်နှာပူရသေးသကိုး ... လုပ်စမ်းပါဦး၊ ဘယ်လိုမျိုးမျက်နှာပူရတာတဲ့လဲ”

“ဒီလိုကွ ...ငါနေတဲ့တိုက်ခန်းဘေးက အခန်းမှာ အပျိုကြီးတစ်ယောက်ရှိတယ်၊ နာမည်က တင်တင်ကြီးတဲ့၊ နာမည်နဲ့လိုက်အောင် တကယ့်ကို တစ်လုံးတစ်ခဲကြီး၊ ဒါကြီးနဲ့များ ဖူးစာဖက်လိုက်ရရင် တစ်သက်လုံးစည်းစိမ်ပဲဆိုပြီး ငါက ကြိတ်ကြွနေတာကွ၊ အပျိုကြီးကလဲ ငါ့အပေါ် သဘောကျပုံရပါတယ်၊ လတိုင်း ငါ ရွှေပန်းတော မဂ္ဂဇင်းထွက်ပြီဆိုရင် လက်ဆောင်ပေးတဲ့အခါ ဝမ်းပန်းတသာယူရှာတယ်၊ ငါရေးတဲ့ ဝတ္ထုဆောင်းပါးတွေကိုလဲ အမြဲဖတ်တယ်”

“ဒါဆို ...အိုကေပြီပေါ့ကွာ၊ ဒါထက် ဘာကြောင့် မျက်နှာပူရတာတဲ့တုန်း”



“ဘာကြောင့်မျက်နှာပူရသလဲဆို ...တစ်နေ့တော့ မဂ္ဂဇင်းလဲထွက်တာနဲ့ မဂ္ဂဇင်းစာအုပ်ကို လက်ဆောင်ပေးမယ်ဆိုပြီး အပျိုကြီးရဲ့အခန်းကို သွားလည်တယ်၊ အဲသည်မှာ အပျိုကြီးက ရေချိုးခန်းထဲ ရေချိုးနေတုန်း ‘ဝုန်း’ဆိုတဲ့အသံကြားတာကြောင့် ငါလဲ စိတ်ပူပြီးဝင်သွားတာ ... ရေတိုင်ကီကြီးက သံချေးစားပြီး ပြုတ်ကျသွားတာကလား။

အဲ ...အပျိုကြီးက ရေချိုးခန်းတံခါးကို စေ့ရုံစေ့ပြီး ဂျပန်စတိုင်နဲ့ရေချိုးနေတော့ ဟာ ...ဘာပြောကောင်းမလဲကွာ၊ မျက်နှာပူလိုက်တာ၊ အောင်မယ် ...အဲဒါကြီးကိုမြင်မိတိုင်း ငါ့မှာ တံတွေးတွေ တဂွပ်ဂွပ်နဲ့မြိုလိုက်ရတာ ထမင်းတောင်မဆာတော့ဘူး၊ နည်းတာမဟုတ်ဘူးကွာ၊ တကယ့်ကို ရေဆင်းငါးကြီးအတိုင်းပဲ”

“အပေါးပေါး ...မျက်နှာပူရတဲ့အကြောင်းကိစ္စတွေထဲမှာတော့ အားလုံးကိုအပြတ်အသတ်နဲ့ ကျော်ဖြတ်သွားတာတော့ မောင်ငြိမ်းသူပါပဲလားဟရို့ ...ဒီတော့ ... ဒီကောင်ကြီးကို ဝိုင်းပြီးဂုဏ်ပြုကြရအောင်”

ဆရာလေးဇော်စကားဆုံးသည်နှင့် ချက်ချင်းမှလွဲ၍ ဆရာလေးအပါအဝင် သူ့သူငယ်ချင်းခြောက်ယောက်တို့မှာ ဘီယာခွက်ကိုယ်စီကိုင်ရင်း ‘ချီးယားစ်’လုပ်ကြလေတော့သတည်း။



www.burmeseclassic.com

# [illegible]

ဘာသပဲဖြစ်ဖြစ် ကံကောင်းထောက်မ,သဖြင့် မရောက်စဘူး အရောက်ထူးလေသော ဆရာလေးတို့ရန်ကုန်သို့ ရောက်ခွင့်ကြုံကာ ဆရာလေးတို့မိသားစုအိမ်၌ လိုလေသေးမရှိ ပြည့်ပြည့်စုံစုံ တည်းခိုနိုင်ခွင့်ရ တမာတောရွာသားလေး ချက်စုအဖို့ အတော်လေးကို ဝမ်းသာပျော်ရွှင်ရပါသည်။ လွန်စွာမှဖူးမြင်ချင်လှသော တန်ခိုးကြီးဘုရားစေတီ စုံသလောက်နီးပါးကိုလည်း ဆရာလေးလိုက်ပို့၍ ရောက်ခဲ့ဖူးပြီ။ တစ်ဖန် ကောင်းပေ့မွန်ပေ့ အရသာရှိလှပေ့ဆိုသည့် တန်ဖိုးကြီးစားသောက်ဖွယ်ရာများကိုလည်း ဆရာလေး၏စေတနာ ကောင်းမှုအပေါ် အကြောင်းပြုပြီးသကာလ အားရပါးရတွယ်ခဲ့ရပြီ။

ဆရာလေး၏အိမ်သားတွေကား ... ဆရာလေး၏ဧည့်သည်တော်ဖြစ်သော တမာတောရွာသားလေး ချက်စုအပေါ်၌ အိမ်သားတစ်ဦးသဖွယ် ဆက်ဆံကြသည့်အတွက် ချက်စုအဖို့ လွန်စွာမှပီတိဖြစ်ရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ဆရာလေးတို့အစ်မ အပျိုကြီးစာရင်းဝင် အစ်မမပြုံးကြည်နှင့်စပ်လျဉ်း၍ ရယ်စရာအဖြစ်အပျက်များနှင့်လည်း ကြုံရသည်။

အစ်မ မပြုံးကြည်ကား အချောအလှကြီးမဟုတ်သော်လည်း ဖြူဖြူဖွေးဖွေးနှင့် ကျက်သရေမင်္ဂလာရှိလှသည်။ ပြီးတော့ ဘွဲ့ရပညာတတ်။ ဝန်ထမ်းအလုပ်ကိုမလုပ်။ မိခင်ကြီးကို ကူဖော်လောင်ဘက်လုပ်ရင်း အသက်တွေ တစ်စတစ်စရလာကာ အပျိုကြီးစာရင်းဝင်လာခဲ့သည်။

သည်သို့ အပျိုကြီးစာရင်းဝင်လာခြင်း၌ အစ်မပြုံးကြည်အား ချစ်မည့်သူ၊ ကြိုက်မည့်သူ မရှိ၍လောဟု မေးစရာရှိသည်။

မဟုတ်ရေးချမဟုတ်။

မျိုးဂုဏ်ရိုးဂုဏ်ရှိခြင်း၊ အနေအထိုင် ဝိပြားကျစ်လျစ်ခြင်း၊ အိမ်ထောင်မှုထိန်းသိမ်းတတ်ခြင်း၊ ခေတ်ပညာတတ်တစ်ဦးဖြစ်ခြင်း၊ တည်ကြည်သောရုပ်လက္ခဏာရှိခြင်း အစရှိသောဂုဏ်ပုဒ်များကြောင့် ကမ်းလှမ်းကြသူတွေအစီအရီ။ သို့ပါသော်ငြား မပြုံးကြည်ကား ဘယ်အတိတ်ကာလဆီမှ အထုံပါလာလေသနည်းမသိ။

ဘယ်သူတွေ လာချဉ်းကပ်ချဉ်းကပ် ဆားကိုတွေ့သည့် တီပမာနှယ် တွန့်တွန့်လူးမျှ ငြင်းပယ်တတ်စမြဲ။ အချို့က လူကြီးမိဘများကို တိုင်ပင်ပြောဆို၍ လူကြီးမိဘချင်း ပြောဆိုစေ့စပ်စေသော် မိဘတွေအနေဖြင့် သမီးကညာ အခါမလင့်သာဆိုသကဲ့သို့ သမီးဖြစ်သူအား သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်စေဖို့ နားချကြည့်ပါသော်လည်း မပြုံးကြည်ကမူ ထုံးစံအတိုင်းဆိုသလို ခါးခါးသီးသီး ငြင်းပယ်တတ်စမြဲပင်။



"ကျွန်မ ယောကျ်ားမယူချင်ပါဘူး ....အမေရာ၊ ကျွန်မဘဝမှာ မိဘတွေရှိရင် ပြီးပြည့်စုံနေပြီပဲဟာ ... ယောကျ်ားယူတယ်ဆိုတာ အလကားပဲ၊ သူတို့ရဲ့ဝေယျာဝစ္စကို ကိုယ့်ဘဝအနစ်မွှမ်းခံပြီး လုပ်ပေးရတာမျိုး"

"ဟဲ့ ...ဒီလိုလဲ ဘယ်ဟုတ်ပါ့မလဲ ပြုံးကြည်ရယ်၊ အဖေတို့အမေတို့ မရှိကြတဲ့အခါ လောကကြီးအလယ်မှာ မျက်နှာငယ်ကျန်ရလိမ့်မယ်၊ လောကမှာ သမီးမိန်းကလေးတို့မည်သည် မောင်တစ်ကျိပ်ပင်ရှိလင့်ကစား လင်မရှိတဲ့အခါ အချည်းနှီးတဲ့ ...သမီးရဲ့" 107

"အို ...မယူချင်ပါဘူး။ အမေတို့မရှိရင် အမေ့သားကိုလဲ အားမကိုးဘူး။ ဘယ်သူ့ဆီမှလဲ အကူအညီမတောင်းဘူး။ ရာသက်ပန် သီလရှင်ဝတ်မှာ"

"အယ် ...ဒီကလေးမတော့ ခက်တော့တာပဲ"

ဘယ်လိုနည်းနှင့်မှ အိမ်ထောင်ချပေး၍မရလေတော့ ဘယ်လောက်ပြောပြော ဘယ်လောက်တိုက်တွန်းတွန်း၊ ပါးစပ်ညောင်းရုံသာ အဖတ်တင်လေမည့်မို့ မိဘတွေမှာ မပြုံးကြည်အိမ်ထောင်ပြုဖို့အရေး စကားပင်မဟကြတော့။ သူ့ပါရမီကိုက လင်ယူမည့်ပါရမီ ရှိမှမရှိတာပဲလေဟု သဘောပိုက်ထားလိုက်ရတော့သည်။

သို့ဖြင့် ဂင်္ဂါမြစ်ရေအလျဉ်ကို ကျူပင်နှင့်တား၍မရသည့်နှယ်၊ အချိန်ကာလတွေလည်း တရွေ့ရွေ့ကုန်လွန်လာခဲ့ပြီ။ အစ်မပြုံးကြည်ခမျာ အသက်ကိုတား၍မရလေရကား တစ်စတစ်စနှင့် ဟိုင်း၍လာခဲ့တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အတူ တစ်စထက်တစ်စ ဟိုင်း၍လာလေ၊ ဟိုမေ့ဒီမေ့နှင့် အမေ့ရောဂါက တိုး၍တိုး၍လာလေလေ ဖြစ်သည်။

မေ့ပုံလေးက သင်းသည်။

သည်မေ့တတ်ပုံ သာဓကလေးတစ်ခုကတော့ ချက်မှုလည်း အဲသည်နေ့က အိမ်တွင်ရှိနေသည်မို့ အမှတ်ထင်ထင်ရှိခဲ့သည်။ ဘယ်တော့မှလည်း မေ့၍ရနိုင်တော့မည်မထင်။

"သမီးရေ ... ပြုံးကြည် ..."

"ရှင် ... အမေ၊ ဘာခိုင်းမလို့လဲဟင် ..."

တစ်မနက်ခင်း ...

မီးဖိုခန်းဆီမှ အစ်မပြုံးကြည်တို့သားအမိ၏စကားသံ ထွက်ပေါ်လာသည်။

"နှင့်မောင်ကျောင်းဆရာနဲ့ သူ့တပည့်ချက်စုတို့ ရွာမပြန်ခင် ဆိတ်သားဟင်းကလေး ချက်ကျွေးချင်တယ်၊ အဲဒါ ... သမီးပဲ ဈေးကိုသွားလိုက်ပါ"

သွားရမည့်ဈေးက တောင်ဥက္ကလာပ၊ နန္ဒဝန်ဈေး။

ဆရာလေးတို့မိသားစုနေသည်က တောင်ဥက္ကလာပ၊ (၆) ရပ်ကွက်၊ အင်းဝလမ်းဆိုတော့ သိပ်မဝေးလှ။ လမ်းလျှောက်သွားလည်း ရသည်။ ကားစီး၍လည်း ရသည်။ ထို့အတူ အိမ်မှာရှိသော စက်ဘီးကို စီးသွား၍လည်းရသည်။

"တအုပ်ဆိုင်မှာ ငှားထားတဲ့စာအုပ်၊ တစ်ခါတည်း ဝင်အပ်မှာမို့ လမ်းလျှောက်သွားတော့မယ် အမေရာ၊ ဘာမှလဲမကြာပါဘူး။ ကိုင်း ... အမေ၊ ဘာတွေမှာဦးမလဲ"



"ဆိတ်သားကောင်းကောင်း ငါးဆယ်သားလောက်ပေါ့အေ၊ ပြီးတော့ ... မဆလာကောင်းကောင်း မမေ့နဲ့၊ ပရဆေးဆိုင်က ဇီယာရယ်၊ ကရဝေးရွက်ရယ်လဲ ဝယ်ခဲ့၊ ပြီးတော့ ဆားတစ်ထုပ်၊ ကြက်သွန်ဖြူ၊နီ အစိတ်သားစီလောက်၊ ငရုတ်သီးစိမ်းရယ်၊ သခွားသီးရယ်၊ ပူဒီနာရယ်ကို ချဉ်တန်းလုပ်မှာမို့ သံပရာသီးလဲ ဝယ်ခဲ့ဦး။ ဟိုမေ့ဒီမေ့လဲ မဖြစ်စေနဲ့"

"စိတ်ချ ... အမေမှာတာတွေ တစ်ခုမှမမေ့စေရဘူး။ အကုန်ပါရင် ပြီးရောမဟုတ်လား"

ပြောပြောဆိုဆိုဖြင့် ဆံခြင်းတောင်းကလေးဆွဲကာ ဈေးရှိရာ ထွက်လာခဲ့သည်။ လမ်းတွင်ရှိသော စာအုပ်အငှားဆိုင်လေးထံဝင်လျက် မနေ့နေ့လယ်ကငှားခဲ့သော ဝတ္ထုစာအုပ်ကို ပြန်အပ်ခဲ့၏။

သို့ဖြင့် ဈေးသို့ရောက်လာသည်။

ဈေးအပြင်တန်းတွင် ခေါင်းရွက်ဗျပ်ထိုးရောင်းသည်တွေက အစီအရီ။ အထူးသဖြင့် ဟင်းသီးဟင်းရွက်သည်က များသည်။ ဝယ်ရခြမ်းရသည်မှာလည်း အဆင်ပြေလှသည်။ အမေမှာလိုက်သည့် ဆား၊ ကြက်သွန်ဖြူ၊နီ၊ ငရုတ်သီးစိမ်း၊ သခွားသီး၊ ပူဒီနာ၊ သံပရာသီး စုံပြီ၊ အဲ ... ကျန်သေးသည်က မဆလာ၊ ဇီယာ၊ ကရဝေး။ သည့်အတွက် ဝယ်နေကျဆိုင်ဖြစ်သော ကိုကျော်သန်း ပရဆေးဆိုင်သို့ဝင်ကာ လိုအပ်သလောက်ဝယ်လိုက်သည်။

ဘာကျန်သေးသနည်း ...

www.burmeseclassic.com

www.burmeseclassic.com



မေ့သွား၍မဖြစ်။ မေ့သွားပါက အမေ၏ တတွတ်တွတ် မြည်တွန်တောက်တီးမှုကို မပြုံးကြည် ခံစားနေရမည်။

"ဟင်း ဟင်း ဟင်း ... မေ့တယ်ဆိုတာမျိုးဟာ ပြုံးကြည်ရဲ့ရာဇဝင်မှာ မရှိစေရဘူး။ ငါဝယ်ဖို့နောက်ဆုံး တစ်ခုပဲ ကျန်တယ်၊ အဲဒါက ဆိတ်သား ... ဆိတ်သား"

သည့်အတွက် ပရဆေးဆိုင်မှ အမဲသား၊ ဆိတ်သားတန်းသို့ လျှောက်လာခဲ့ချေသည်။ ဝယ်နေကျဆိတ်သားသည်ဆိုင်မှို မျက်မှန်းတန်းမိနေကြသည်။ မပြုံးကြည်လည်း တစ်အောင့်တစ်နား သက်သာရ မနည်းလှဟုအောက်မေ့ကာ ဆွဲလာသောခြင်းအား ဆိုင်ခုံနံဘေးရှိ လွတ်နေသောခွေးခြေတစ်လုံးပေါ် တင်ထားလိုက်သည်။

"အစ်မလေး ... ဆိတ်သားတွေ အသားကောင်း တယ်နော်၊ ကလီစာလဲ အစုံရှိတယ်၊ ဖိုက်တင်ဘောလဲ ရှိတယ်"

"ဘာလဲဟဲ့ ... ဖိုင်တင်ဘော ... ငါက ဘောလုံး ဝါသနာပါတဲ့သူမဟုတ်ဘူး"

"အဲ ... ဆောရီးနော်၊ ဆောရီး၊ ကိုင်း ... ဘာယူ မလဲ"

"အသားကောင်းကောင်းထဲက ငါးဆယ်သားလောက် ယူချင်တယ်"

"စိတ်ချ ..."



မျက်မှန်းတန်းနေမိပြီဖြစ်သော ဆိတ်သားသည်က ဝယ်နေကျဖောက်သည်ဖြစ်လေသည့်အတွက် အသားကောင်းကို ရွေးချယ်လှီးဖြတ်၍ သာသာထိုးထိုးဆိုသလို ချိန်တွယ်ပေးလိုက်သည်။ ပြီးတော့ ကျွတ်ကျွတ်အိတ်ကလေးထဲထည့်ကာ ကမ်းလိုက်သည်။ မပြုံးကြည်လည်း ကျသင့်ငွေကိုပေးလျက် ဆိတ်သားအိတ်ကလေးကို ဆွဲထွက်ခဲ့သည်။

အိမ်ရောက်တော့ ဧရာတ်တစ်ဆုံထောင်းပြီး၍ အသားကိုင်ရန်အတွက် အမေသည် မပြုံးကြည်အား စောင့်မျှော်နေလေသည်။

"အသားတွေကတော့ တကယ့်ကိုရှယ်ပဲ အမေရေ၊ ဝယ်နေကျဖောက်သည်မို့ ပိုပိုသာသာထည့်ပေးလိုက်တယ်"

သို့ကလိုပြောဆိုရင် ဆိတ်သားထုပ်ကို မိခင်အား လှမ်းပေးလိုက်သည်။

"ဟဲ့ ... သားတို့၊ ဧရာတ်သီးတို့၊ ကြက်သွန်တို့ကော"

"အယ် ... ဟုတ်ပါရဲ့၊ ဆိတ်သားဆိုင်မှာ မေ့ကျန်ခဲ့ပြီ ... အမေရေ"

"ဟွန်း ... မပြောလိုက်ချင်တော့ဘူးနော် ပြုံးကြည်"

"ဟာ ... မပူပါနဲ့အမေရာ၊ သမီး ခုချက်ချင်းစက်ဘီးနင်းပြီး သွားယူလာခဲ့ပါမယ်"

ပြောပြောဆိုဆိုနှင့် အိမ်နံဘေးတွင် ဒေါက်ထောက်ထားသော စက်ဘီးကို အပြင်ဆွဲထုတ်ကာ ဈေးရှိရာသို့ သွက်သွက်ကလေး နင်းချသွားတော့သည်။ ဈေးရောက်တော့ ဈေးဆိုင်တွင်း စက်ဘီးဝင်၍မရလေသည်မို့ ဈေးအပြင်ဘက်မျက်နှာစာ၌ စက်ဘီး

www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ကယ်အပ်နှံရာနေရာ၌ သူမ၏စက်ဘီးကိုအပ်ပြီး ဈေးထဲသို့ ဝင်သည်။ ဆိတ်သားတန်းသို့လျှောက်သည်။

"ဟား . . . တော်ပါသေးရဲ့၊ ငါ့ဆွဲခြင်းတောင်းကလေး ခွေးခြေပေါ်မှာ သူ့နှိုက်မူလအတိုင်း ရှိနေပေလို့"

ဆွဲခြင်းတောင်းလေးက သူမထားသွားသည့်အတိုင်းပင်။

"ဟော . . . ပြန်လာပြီလား။ ကျုပ်တော်က အစ်မကြီး ကိစ္စအရေးကြီးလို့ ခြင်းတောင်းခဏထားပြီး အတော်ကြာမှ ပြန်လာမယ်မှတ်တာ၊ လက်စသတ်တော့ . . . မေ့သွားလို့ ကို။ ဟဲ ဟဲ ဟဲ . . . ယူသွားပါခင်ဗျာ . . . ယူသွားပါ၊ အားလုံး ခြေရာလက်ရာမပျက်ပါပဲ . . ဟဲ ဟဲ ဟဲ . . ."

ဆိတ်သားသည်၏ ရယ်ကြဲကြဲလုပ်မှုကြောင့် အပျိုကြီး မပြုံးကြည်လည်း၊ တွန့်ခနဲဖြစ်ကာ ဆွဲခြင်းတောင်းကို သုတ်ခနဲဆွဲ၍ ကမူးရှူးတိုးထွက်သွားလေ၏။ နောက်ကွယ်မှာတော့ သူမအကြောင်း ကို ဖောက်သည်ချနေကြသည်ထင့်။ တဟီးဟီးတဟားဟားရယ်သံ များ ထွက်ပေါ်လာကြသည်။ သည်အသံတွေကြားလေ၊ အိမ်သို့ မြန်မြန်ပြန်ရောက်ချင်လေ။ ထို့ကြောင့်ပင် ဈေးထဲမှအထွက် အသင့် ရပ်ထားသောဘတ်စ်ကားပေါ် ဖွေ့ခနဲတက်လိုက်လေသည်။ ကားထ နှစ်မှတ်တိုင်လောက် စီးရမည်။ တက်တက်ချင်းနေရာရသည့်မို့ ဆွဲခြင်းတောင်းကို ဘတ်စ်ကားကြမ်းပြင်ပေါ် ချလိုက်သည်။ ကားထ ပထမမှတ်တိုင်တွင် ရပ်ဖို့ရာ အရှိန်လျှော့လိုက်စဉ်မှာပင် ခေါင်းထဲ လက်ခနဲဖြစ်သွားလေသည်။



"ဟာ . . . ပြဿနာပဲ၊ ငါ့စက်ဘီး စက်ဘီးအပ်တဲ့ နေရာမှာ ကျန်ခဲ့ပြီ၊ မြန်မြန်ပြန်ယူမှပဲ"

ပြောပြောဆိုဆိုနှင့် ဘတ်စ်ကားအရပ်ဝယ် ကားပေါ်မှပြန် ဆင်း၊ ပြီးတော့ ဈေးဘက်သွားမည့်ကားကို ပြန်စီးနှင့် နည်းနည်း တော့ အလုပ်ရှုပ်သွားလေသည်။ ဈေးမှတ်တိုင်ရောက်တော့ ကား ပေါ်မှဆင်းပြီး စက်ဘီးကို ပြန်ထုတ်ယူလာခဲ့သည်။ ပြီးနောက် အေးအေးလူလူဖြင့်ပင် အိမ်သို့နင်းလာခဲ့သည်။

အိမ်ရောက်တော့ အမေ့အသံက ဆီးကြိုပေါ်ထွက်လာ သည်။

"ဟဲ့ . . . သတိမေ့မ ပြုံးကြည်၊ ဆွဲခြင်းယူခဲ့လေ၊ မြန်မြန်ပေး။ ဆွမ်းလောင်းချိန်မမီဘဲနေလိမ့်မယ်ဟဲ့ . . ."

"အယ် . . . သွားပြီအမေရေ . . . သွားပြီ"

"ဟဲ့ . . . ဘာသွားတာလဲ"

"အဟီး . . . ဘာသွားရမလဲ အမေရယ်၊ ဆွဲခြင်းလေ ဆွဲခြင်း။ ဘတ်စ်ကားပေါ် မေ့ပြီးပါသွားပြီ . . . အမေရဲ့"

"သေလိုက်ပါတော့ . . . ပြုံးကြည်ရယ်၊ နင်ဟာ မေ့ မေ့တတ်နိုင်လွန်း၊ လင်သာရရင် အမြဲတမ်းဖနောင့်စာ မိမယ့်ဟာမ . . ."

"သွားစမ်းပါ . . . အဲဒါကြောင့်ကို လင်မယူတာပေါ့ အမေရ"

ချက်စူအဖို့ . . . ဆရာလေး၏အစ်မ အပျိုကြီးမပြုံးကြည် အကြောင်းကို တွေးမိလျှင်ဖြင့် ဝါးလုံးကွဲမရယ်မိတောင်မှ ပြုံးမိစေ တော့ ဖြစ်ရပါလေသတည်း။

www.burmeseclassic.com

www.burmeseclassic.com

[illegible]



တမာတောရွာကလေးသို့ ချက်စုနှင့် ဆရာလေးတို့ ပြန်လည်ရောက်ရှိခဲ့ကြပေပြီ။ မရောက်၍လည်း မဖြစ်။ မကြာခင် ကျောင်းတွေပြန်၍ဖွင့်မည်ကိုး။

ထိုအခါ၀ယ် ကျောင်းအပ်လက်ခံခြင်း၊ ကျောင်းသားသစ်များ လက်ခံခြင်း၊ ကျောင်းထွက်လက်မှတ်များ လုပ်ပေးရခြင်း၊ သင်ခန်းစာပြဋ္ဌာန်းချက်များကို ပြန်လည်လေ့လာရခြင်း၊ ကျောင်းအဆောက်အအုံနှင့်တကွ ကျောင်းတွင်းပရိဘောဂများကို ဆောက်လုပ်တိုးချဲ့ရခြင်းဖြင့် အလုပ်တွေက ဂျင်ခြေလည်ပေရော့မည်။

ထိုအချိန်မှာပင် ချက်စုတို့တစ်ရွာလုံး ဆရာလေးနှင့်ပတ်သက်ပြီး ဝမ်းသာဝမ်းနည်းစရာကိစ္စရပ်များ ကြုံလာရတော့သည်။

ဝမ်းသာရသည်က ဆရာလေးသည် လက်ရှိမူလတန်းပြဆရာထူးမှ အလယ်တန်းပြအဖြစ်သို့ ရာထူးတိုးသွားသည့်အတွက်။

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းရသည်က တစ်ရွာလုံးက လေးစားချစ်ခင်ရသော ဆရာလေးတစ်ယောက် တမာတောရွာကလေးကို ခွဲခွာရတော့မည် ဆိုသည့်အတွက်။

ဖြစ်နိုင်လျှင်ဖြင့် မသွားစေချင်။

သို့ပါသော်ငြား ဆရာလေး၏ ဘဝတိုးတက်ကောင်းစားမှုကိုတော့ဖြင့် စိတ်ပင်ရှုံမရကောင်းသည်မို့ မလွဲသာခွဲခွာရခြင်းအပေါ် ခွင့်လွှတ်နှစ်သိမ့်ရမည်သာ ဖြစ်ပါသည်။

ဆရာလေးပြောင်းရွှေ့သွားရသည့်နယ်မြေက မြို့ကြီးပြကြီးတော့ မဟုတ်။

စီးပွားရေးအတန်အသင့်ဖွံ့ဖြိုးသော တိုက်နယ်ဒေသကလေးဖြစ်သည်။ အထက်တန်းကျောင်းရှိသည်။ ဆေးရုံဆေးပေးခန်းရှိသည်။ စာကြည့်တိုက်ရှိသည်။ စာတိုက်ရှိသည်။ သည်တော့ တမာတောလို ဖနပုဒ်တောရွာကလေးနှင့် ဘာဆိုင်မှာတဲ့နည်း။

ဆရာလေးအဖို့ သူ့ အင်မတန်သံယောဇဉ်တင်းရသော တမာတောရွာကလေးကို မခွဲခွာချင်သော်ငြား သက်ဆိုင်ရာဌာနက တာဝန်ပေးလာသည်ဆိုတော့လည်း မငြင်းသာ။ လူဆိုသည်မှာ ပျော်ရာမှာမနေရ တော်ရာမှာနေရသည်ပင် မဟုတ်ပါကလား။

"ချက်စုရာ ... မင်း ဆရာလေးနဲ့လိုက်နေပါလား။ ဟိုရောက်တဲ့အခါ မင်းနဲ့သင့်လျော်တဲ့အလုပ်တစ်ခုခုကို စီစဉ်ပေးမှာပေါ့"



"လိုက်ချင်တာပေါ့ ဆရာလေးရာ၊ ခုလို ကျွန်တော့်ကို ခေါ်သွားမယ်ဆိုတော့ သိပ်ကိုဝမ်းသာတာပဲ ... ကျွန်တော်လဲ ဆရာလေးနဲ့ ခွဲမနေချင်ဘူး။ ကျွန်တော်က လယ်သမားသားသမီးသာဆိုတယ်၊ လယ်အလုပ်,ယာအလုပ်ကို လုပ်ရကိုင်ရမှာ ဝါသနာမပါဘူး၊ ဆရာလေးရဲ့ လယ်ယာအလုပ်ကလွဲပြီး တခြား ဘာပဲလုပ်ရလုပ်ရ လုပ်ချင်တာ"

"ဖြစ်သွားမှာပေါ့ ... ချက်စုရာ၊ ကိုယ်လုပ်မယ့်အလုပ်ကို စိတ်ပါဝင်စားပြီး တားမဦးချလုပ်ရင်ဖြင့် အချိန်တန်တာနဲ့ ကြီးပွားချမ်းသာတဲ့ဘဝရောက်မှာပါ"

"စိတ်ချ ... ဆရာလေး၊ အလုပ်တစ်ခုကိုလုပ်ပြီဆိုရင် စိတ်လိုက်မာန်ပါနဲ့ ဇောက်ချပြီးတော့လုပ်မှာပါ။ ဆရာလေးနဲ့လိုက်နေဖို့ရာ အဘနဲ့အမေတို့ကို ပြောပေးနော် ... ဆရာလေးနဲ့ဆိုရင် အဘတို့က စိတ်ချပြီးသားပါ ဆရာလေးရယ် ..."

"အေးပါကွာ ... ငါ ရအောင်ပြောပေးမှာပါ"

ချက်စု တကယ့်ကိုဝမ်းသာသွားတော့သည်။

တကယ်လည်း ဆရာလေးက ချက်စုမိဘတွေကို ပြောကြည့်တော့ အားလုံးကပင် လိုလိုလားလားနှင့် ခွင့်ပြုကြသည်။

"ခွင့်ပြုပါတယ် ... ဆရာလေးရယ်၊ ချက်စုကို ဆရာလေးလက်ထဲ စိတ်ချလက်ချ အပ်ပါတယ်၊ မယ်မိုး,

www.burmeseclassic.com

www.burmeseclassic.com



မလိမ္မာတာများရှိရင် ကိုယ့်ညီရင်းလိုသဘောထားပြီး ဆုံးမနိုင်ပါတယ် ...ဆရာလေး"

"စိတ်ချပါ ...အဘတို့ရယ်၊ ချက်စုဟာ ကျွန်တော်မထင်မှတ်ဘဲ ရရှိလိုက်တဲ့ ညီလေးပါ။ ကိုယ့်ညီလေးရဲ့ဘ၀ တိုးတက်ကောင်းစားရေးအတွက် အစစအရာရာ ကျွန်တော် တာဝန်ယူပါတယ်"

သို့ဖြင့် ချက်စုတစ်ယောက် ဆရာလေးနှင့် ရေစက်ပြတ်တောက်သွားခြင်း မရှိလေသည့်အတွက် အကြီးအကျယ် မြူးတူးသွားရလေတော့သတည်း။



သည်မြို့နယ်ကလေးကိုရောက်တော့ ဆရာလေးနှင့်ချက်စုတို့ ဆရာတပည့်နှစ်ယောက် နေရေးစားရေးအတွက်ကို ကျောင်းအုပ်ဆရာကြီးက စီစဉ်ပေးခဲ့သည်။

"အဲသည်အတွက်တော့ ဘာမှမပူနဲ့ ဆရာ။ ကျောင်းနဲ့ ခပ်လှမ်းလှမ်းမှာ သားအမိသားအဖနှစ်ယောက်တည်းနေတဲ့ အိမ်ကြီးတစ်လုံးရှိတယ်၊ အိမ်က သုံးပင်နှစ်ခန်း။ သူတို့က တစ်ခန်းငှားချင်တယ်လို့ ကျွန်တော့်ကိုပြောထားတာရှိတယ်၊ ကျွန်တော်ပဲ လိုက်ပြောပေးမယ်။

ကိုယ်တိုင်ချက်ပြုတ်မစားချင်ရင်လဲ ထမင်းလခ ပေးစားပေါ့၊ အဘိုးကြီးရဲ့သမီးက အချက်အပြုတ်တော်တော်လေးကောင်းတယ်၊ ကျောင်းမှာ ချက်ဖို့ပြုတ်ဖို့လိုတဲ့အခါအဘိုးကြီးရဲ့သမီး မအိတုံကိုပဲ ချက်ပြုတ်ပေးဖို့ အကူအညီတောင်းရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုလဲ ကောင်းတာပေါ့ . . . ဆရာကြီးရယ်"

ကျောင်းအုပ်ဆရာကြီး၏ စောင်မကူညီမှုဖြင့် ဆရာလေးနှင့် ချက်စူတို့ဆရာတပည့်နှစ်ယောက် စာသင်ကျောင်းနှင့်မနီးမဝေးရှိ အိမ်ကြီးတစ်အိမ်မှ ခြေရင်းခန်းကိုငှားဖြစ်ကြသည်။ အဘိုးကြီးကာ သဘောသဘာဝ ကောင်းမွန်သည်။ ငွေစကားကြေးစကားမပြောဘဲ ဆရာကြီးက ကြားမှအကန့်ဖြတ်ပေးရသည်။

အိမ်မျက်နှာစာခေါင်းရင်းတွင် ဦးရှင်ကြီးတင်သည့် ကျောင်းဆောင်နှစ်ခုကို တွေ့ရသည်။ အဘိုးကြီး၏အလုပ်ကား အန္တရာယ်ကင်းဆွမ်းတင်ခြင်း၊ ဘုရားကိုးဆူ ပင့်ဖိတ်ပူဇော်ခြင်းနှင့် ဗေဒင်မေးမြန်းသူရှိပါက တွက်ချက်ပေးခြင်း၊ ထိုအလုပ်များ ပါးပါးတဆန့်ကောဆန့်ကာရက်ခြင်းတို့ပဲဖြစ်သည်။ အရွယ်ဟိုင်းနေပြီဖြစ်သော တစ်ဦးတည်းသောသမီး မအိတုံနှင့် အဖေတစ်ခု၊ သမီးတစ်ခု စားမည့်သောက်မည့်ပါးစပ်ပေါက်က နှစ်ပေါက်တည်းဆိုတော့ သိပ်ပူပင်စရာမလို။ ခုလိုမျိုး အိမ်ခန်းလည်းငှားရ၊ လပေးဖြင့် ထမင်းကျွေးရသည့်အလုပ်လည်းရဆိုတော့ အေးဆေးမှအေးဆေးပါပဲလား။

ဆရာလေးက ချက်စူ၏အနာဂတ်အတွက်ဆိုကာ သူနှင့်သိကျွမ်းသော ပန်းတိမ်ဖိုတစ်ခု၌ လိုက်လံအပ်ပေးသည်။ ပညာသင်အဖြစ်နှင့် နေ့စဉ် ပန်းတိမ်ဖိုသို့သွားရသည်။ ဆရာလေးကတော့ ကျောင်းစာသင်ချိန်နီးလျှင် ကျောင်းသို့သွားသည်။ ညနေကျတော့ ဆရာတပည့်နှစ်ယောက် ပြန်ဆုံသည်။ အပျိုကြီးက သူတို့ဆရာတပည့်နှစ်ယောက် စားဖို့သောက်ဖို့အတွက် စီစဉ်ထားပေးသည်။

အားလုံးသည် စိတ်ချမ်းသာဖွယ်တွေချည်း။

ရက်တွေ၊ လတွေ ကြာမြင့်လာသည်နှင့်အမျှ ဆရာလေးကိုကြည့်သာတော့ မသိ။ ချက်စူပင်လျှင် သည်မြို့နယ်ကလေးမှာ နေရထိုင်ရတာ ပျော်လာသလိုရှိသည်။

ပန်းတိမ်ပညာကို အတော်အတန် တတ်မြောက်လာတော့ ပိုင်ရှင်က လက်ခပေးသည်။ သည်တော့ သူ့ခွန်သူ့အားနှင့် ရရှိလာသည့်ငွေကြေးအတွက် ချက်စူ ပျော်ပါသည်။ သူလခထုတ်သောနေ့တွင် ဆရာလေးအတွက်ရည်စူးကာ လုံချည်တစ်ထည်ဝယ်၍ ကန်တော့လိုက်သည်။

"ဟာ . . . ဟော့ကောင်၊ မလုပ်နဲ့ မလုပ်နဲ့၊ ငါ့မှာ ဝတ်စရာရှိတယ် ချက်စူရာ၊ ငါ့ကို ကန်တော့မယ့်အစား မင်းအဘနဲ့ အမေတို့ကို ကန်တော့လိုက်ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးရယ် . . . ကျွန်တော် အဘနဲ့အမေတို့ကိုလဲ ကန်တော့မှာပါ၊ ဆရာလေးဟာလဲ ကျွန်တော့်ရဲ့မိဘနဲ့မခြား ကျေးဇူးရှိတာမို့ ကန်တော့ရတာပါ"

ထိုသို့ ဆရာတပည့်နှစ်ယောက် စကားအချီအချ ပြောဆိုနေစဉ် ခေါင်းရင်းခန်းဘက်ဆီမှ အပျိုကြီးမအိတုံက သူတို့ဆီ ကူးလာသည်။

"ဆရာတပည့်နှစ်ယောက် ဘယ်လိုဖြစ်နေကြတာလဲ"

အပျိုကြီးပီပီ စပ်စပ်စုစုနိုင်လှပါဘိ။

"ကျွန်တော်က ဆရာလေးကို ပထမဦးဆုံးရလာတဲ့လခထဲက လုံချည်ဝယ်ပြီးကန်တော့တာ လက်မခံဘူးလုပ်နေတယ် အပျိုကြီးရေ၊ ကျွန်တော့်ကျေးဇူးရှင်မို့ ကန်တော့တာပဲဟာ၊ အဲဒါ ဝင်ပြောပေးပါဦး အပျိုကြီးရယ်"

"ဟုတ်သားပဲ . . . ဆရာလေးရယ်၊ ဆရာလေးရဲ့မေတ္တာစေတနာတွေက ချက်စူအပေါ်မှာ အများကြီးကျရောက်နေတယ်မဟုတ်လား၊ ဒီတော့ . . . သည်ကလေးရဲ့သိတတ်မှု၊ ကျေးဇူးတရားအပေါ် နားလည်မှုအတွက် အသိအမှတ်ပြုတဲ့အနေနဲ့ လက်သင့်ခံလိုက်ပါ ဆရာလေးရယ် . . ."

အပျိုကြီးမအိတုံ၏ အကျိုးသင့်,အကြောင်းသင့် ပြောဆိုနိုင်မှုကြောင့်လားတော့ မသိ။

"ဒီတစ်ခါတော့ လက်ခံလိုက်မယ် . . . ချက်စူ နောက်အဲသလိုမလုပ်ရဘူး၊ မင်းရတဲ့ငွေကြေးတွေကို စု၊ ပြီးတော့ မိဘတွေကို ကန်တော့၊ ဟုတ်ပလား . . ."



"ဟုတ်ကဲ့ပါ . . . ဆရာလေးရယ်"

သည်တော့မှ ချက်စူ ဘဝင်ကျသွားသည်။ အပျိုကြီးအပေါ်၌ ကျေးဇူးတင်မိသွား၏။

"ကိုင်း . . . ဆရာတပည့်နှစ်ယောက် မနက်ဖြန် ဘာဟင်းတွေစားချင်ကြသလဲ"

ပြောတော့သာ ဆရာတပည့်နှစ်ယောက်။ တကယ့်,တကယ်ကျတော့ အပျိုကြီး၏မျက်လုံးများက ရုပ်ရည်ခံ့ညားတည်ကြည်လှစွာသော ဆရာလေးအပေါ် လွှမ်းခြုံကျရောက်နေသည်ကို ချက်စူ မသိဘဲနေမှာတဲ့လား။ ဟော . . . ကြည့်၊ ပြောရင်း,ပြောရင်းက အမှုပိုလာသလိုရှိသည်။

"ပြောလေ . . . ဆရာလေး။ ဆရာလေး ဘာစားချင်သလဲ"

"ချက်ချင်တာသာချက်ပါ . . . မအိတုံရယ်၊ မအိတုံရဲ့လက်ရာက ဘာပဲချက်ချက် စားလို့ကောင်းပါတယ်"

"ကောင်းတာလဲကောင်းတာပေါ့၊ အိတုံက ဆရာလေးကို အထူးစပါယ်ရှယ် ချက်ကျွေးချင်လို့ပါ၊ ဟုတ်တယ်မဟုတ်လား ချက်စူ၊ ကိုင်း . . . မင်းတုန်းက အစ်မကြီးကူပြောပေးရတယ်၊ ခု အစ်မကြီးကျတော့လဲ မင်း ကူပြောပေးဦး"

စကားကြောကလည်း ခပ်ရှည်ရှည်။

မြားဦးက ချက်စူထံ လှည့်လာသည်။ သည်တော့လည်း ချက်စူ လက်ခနဲ ခေါင်းထဲဝင်လာသည့်အတိုင်း ပြောချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးကြိုက်တာကို အပျိုကြီးက စီစဉ်ပေးမှာလား"

"ဟဲ့ ... စီစဉ်ပေးမှာပေါ့ဟဲ့ တကယ်ကို စေတနာအပြည့်နဲ့ပေါ့"

"ဒါဆို ... ဆရာလေးကြိုက်တာကို မနက်ဖြန်လုပ်ပေးပေတော့ ..."

"ဘာများလဲ ... ချက်စု"

"ဖားကင်"

"ဟယ် ... သေနာလေးချက်စု"

အပျိုကြီးမျက်နှာ ရဲတက်သွားပြီး ခပ်ရှက်ရှက်နှင့်တစ်ဖက်ခန်းသို့ ပြန်ကူးသွားလေ၏။ အပျိုကြီးရှက်သွားသလို ဆရာလေးမှာလည်း မျက်နှာခပ်ပူပူအနေအထား။

"ဟာကွာ ... ချက်စုကလဲ"

"လုပ်မနေနဲ့ ... ဆရာလေး။ အပျိုကြီးရဲ့အရိပ်အကဲကိုကြည့်ရတာ ဆရာလေးအပေါ် ကျနေတဲ့ပုံခင်ဗျ။ ဆရာလေးလဲ သာခွေယိုင်ဖြစ်တော့မယ်ထင်တယ်နော်"

"မဟုတ်တာကွာ ... ငါ့စိတ်ထဲ ဘယ်လိုမှမရှိပါဘူး သွေးရိုးသားရိုးလိုပါတဲ့"

"ဆရာလေးက ရိုးပေမယ့် အပျိုကြီးစိတ်ထဲတော့ မရိုးဘူးဆိုတာ ကျွန်တော်တောင် အကဲခတ်တတ်တယ်"

"ကိုင်း ... သွားကွာ ... သွား။ မင်းလုပ်စရာရှိတာလုပ်၊ ငါလဲ အိမ်စာတွေ အမှတ်ခြစ်စရာရှိသေးတယ်"



"ဟား ဟား ဟား ဟား ..."

ဆရာလေးက ပညာရှိဆန်ဆန် နှင်ထုတ်သည်။

သည်တော့လည်း ပြုံးဖြဲဖြဲဖြင့် တိုင်ကီထဲရေဖြည့်ရန် ချက်စု အိမ်ပေါ်မှဆင်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်မှာတော့ တန်ဆောင်မုန်းလပြည့်နေ့ ညမို့ လမင်းကြီးက ထိန်ထိန်သာနေသည်။

တန်ဆောင်မုန်းလမှာ ဆရာလေးတို့ကျောင်းက သုံးရက်တိတိ ဆက်ပိတ်သည်။ သည်တော့ ဆရာတပည့်နှစ်ယောက် အိမ်မှာပဲ မြဲနေကြလေသည်။

"ဆရာလေးတို့ကို ဒီညမှာ မဲဇလီဖူးသုပ်ကျွေးမယ်၊ စောစောစီးစီး အိပ်ရာမဝင်ကြနဲ့ဦးနော် ..."

လာပြန်ပြီကော ...စကားကြောရှည်သည့် အပျိုကြီး။

သို့ပေမယ့် အစားကောင်းအသောက်ကောင်း စားရဦးမည်မို့ ချက်စုအဖို့တော့ ခပ်ကြိုက်ကြိုက်။

"အသုပ်သုပ်ဖို့ ပစ္စည်းတွေ၊ အဆာပလာတွေက မနက်ကတည်းက ဝယ်ခြမ်းပြီးသား။ ဒီည ဆယ့်နှစ်နာရီ



တီတိမှ မဲဇလီပင်က မဲဇလီဖူးတွေ ဆေးပေါင်းခမှာ၊ အဲဒီအချိန် အပင်ပေါ်တက်ခူးပေးဦးနော် ...ချက်စု"

"စိတ်ချပါ ...အပျိုကြီးရာ"

အဲသည်ညက အပျိုကြီး၏ဖခင် အဘိုးကြီးမှာ ဝတ်အသင်းတစ်ဖွဲ့က လာရောက်ခေါ်ငင်သဖြင့် ဝတ်တက်ရန် အဖွဲ့နှင့်လိုက်ပါသွားသည်။ သည်တော့ သည်အိမ်ကြီးမှာ ဆရာလေးကိုကြည်သာ၊ အပျိုကြီးမအိတုံနှင့် ချက်စုတို့သာ ကျန်ရစ်သည်။

ချက်စုက ဆရာလေး စာကြည့်တိုက်မှယူလာသည့် ဂျာနယ်တွေကို လှန်လှောဖတ်ရှုနေစဉ် အပျိုကြီးနှင့် ဆရာလေးတို့ စကားတွေ ဖောင်ဖွဲ့နေကြသည်။

အမှန်မတော့ 'မြင်းကမလှုပ် ခုံကလှုပ်'ဆိုသည့်သဘောအတိုင်းပင် အပျိုကြီးကပဲ စကားမရှိစကားရှာကာ အမေးအမြန်းတွေပြုနေသည်။ ပြီးတော့လည်း ရယ်စရာမဟုတ်သည်ကို ရယ်စရာလုပ်ရင်း ခိုးခိုးခစ်ခစ်နှင့်။ သည်ကတည်းက မအိတုံအပေါ် အပျိုကြီးနောက်ပိုးအဖြစ် ချက်စု သဘောပေါက်ထားလိုက်တော့သည်။ အတင်းကာရော ဆရာလေးအပေါ် ရင်းနှီးမှုရယူလျက် သူမ၏နှလုံးသားကန်အတွင်းသို့ ဆရာလေး၏ မေတ္တာရေစင်များ မဝင်ဝင်အောင် ခပ်ထည့်နေသည့်အလား။ ဆရာလေးကတော့ အပျိုကြီးလောက် အကဲမပါ။ ချက်စုရှိနေသည့်အတွက် သမာဓိတွေ ထိန်းထားလေသလား။ သို့မဟုတ်ဘဲ ဝက်မြီးသဖွယ် ခြေမြန်လက်မြန်ရှိပါက အပျိုကြီးအဖို့ မရှုနိုင်မကယ်နိုင် ဇာက်ပိုးတွေနှင့်ပေဆူမည်ဟူ၍လည်း ပေါက်ပေါက်ရှာရှာ စဉ်းစားမိသေးသည်။

www.burmeseclassic.com

www.burmeseclassic.com



လက်ရှိအနေအထားမှာတော့ ဆရာလေးနှင့် အပျိုကြီးတို့သည် ပြေးသူနှင့်လိုက်သူသဖွယ် ဖြစ်နေသည်။ ဆရာလေးက ပြေး၍ အပျိုကြီးက လိုက်သည်။ ဆရာလေးအဖို့ အပြေးကောင်းကောင်း ပြေးတတ်ပါမှ။ သို့မဟုတ်ဘဲ ပြေးလမ်းပေါ် ခေါက်အုံ ခြေချော်ကျပါက လိုက်သူအပျိုကြီးက ဇွေ့ခနဲဖမ်းပွေ့လိုက်မှာ အသေအချာ။

'ပုပ်လျှင်ပေါ် ဟုတ်လျှင်ကျော်' ဆိုသည့်စကားရှိသည်။

ခုတစ်လော ချက်စူနှင့်ပေါင်းဖက်တွေ့လေသည့် အပေါင်းအသင်း သူငယ်ချင်းအချို့ထံမှ အပျိုကြီးနှင့် ဆရာလေးတို့ ချည်သီးနှင့်ဆား၊ ဖျားရည်နှင့်ထောပတ်၊ ပဒတ်စာနှင့် ငါးပိရည်၊ သရေသီးမှည့်နှင့် ဝါဆိုသဖွယ် ဘာဂလိုလိုဖြစ်နေကြရှေ့သလားဆိုသည့် တီးတိုးတီးတိုး သဖန်းဆိုးစကားတွေ ကြားရလာသည်။ သည့်အတွက် သူလေးစားခင်တွယ်ရသည့် ဆရာလေးအား မမေးမဖြစ် မေးရတော့မည်။

"မဟုတ်တာဘဲ ... ချက်စူရာ၊ မင်းထင်တားတာတွေ၊ မင်းကြားလာရတာတွေဆိုတာ တစ်ခုမှမဟုတ်ပါဘူး။ ဒီအိမ်ထဲမှာ မင်းနဲ့ငါ မခွဲမခွာရှိနေကြတဲ့ဥစ္စာ၊ ငါ တစ်ခုခု လုပ်မယ်ဆိုရင် မင်းကိုပြောမှာပေါ့၊ ငါ့ညီအရင်းလိုဖြစ်နေတဲ့မင်းကို တိုင်ပင်မှာပေါ့။



ငါ မင်းကိုမလိမ်ပါဘူး။ ငါ့စိတ်ထဲ အပျိုကြီးအပေါ် ဘယ်လိုမှစိတ်မယိုင်ပါဘူး။ ရန်ကုန်မှာရှိတဲ့ ငါ့အစ်မအပျိုကြီး မပြုံးကြည်လိုပဲ သဘောထားပါတယ်၊ အေး ... မအီတုံက ငါ့ကို တစ်ဖက်သတ်ကြိုက်နေတယ်ဆိုရင်ဖြင့် ငါ ဘယ်လိုမှမတတ်နိုင်ဘူး။ သူ့စိတ်နဲ့သူ့ကိုယ်ပဲ မဟုတ်လား။ သူ့ဘာသာသူ အနေအထိုင်မဟုတ်လို့ ပတ်ဝန်းကျင်က သို့လောသို့လော ဖြစ်နေကြတယ်ဆိုရင်ဖြင့် ဖြစ်နေတဲ့သူပဲ နောက်ဆုံးအမောဆို့သွားကြမှာ"

သည်လိုဆိုပြန်တော့လည်း ကိုယ့်ဆရာလေးအပေါ် ကိုယ်အမှတ်ပေးမိရပြန်သည်။ ဆရာလေးကသာ စကားစလိုက်၊ အပျိုကြီးတွေသာမဟုတ်၊ အပျိုလေးတွေ၊ တကယ့်အချောအလှပဂေးတွေကပါ ဆရာလေးကို ပြန်ကြိုက်ကြမှာ သေချာသည်။ သည်တော့ ကိုယ့်ဆရာလေး၏စကားကိုပဲ ချက်စူ ယုံစားထားလိုက်ပါတော့သည်။

တကယ်တော့ ဆရာလေးအပေါ် တစ်ဖက်သတ်စိတ်ယိုင်နေသော အပျိုကြီးမအီတုံသည် ပတ်ဝန်းကျင်က သူမနှင့်ဆရာလေးတို့ ဘာညာသာရကာဖြစ်နေပြီဟူ၍ ထင်ယောင်ထင်မှားဖြစ်ရလေအောင် ပုံမှားရိုက်နေခြင်းသာ ဖြစ်ရပေလိမ့်မည်။ တစ်ဝန်းအပျိုကြီးမအီတုံနှင့် ကိုယ့်ဆရာလေး၏ ရုပ်နိသင်ကို နှိုင်းယှဉ်ကြည့်လေတော့ 'ဥဒေါင်းငှက်နှင့် လင်းတ' 'ရွှေသမင်နှင့် ခွေးအိုလူး' 'သျှောင်ပေစူနှင့် ခေါင်းတုံးပြောင်'လို အကွာကြီးကွာခြားနေသည်။

www.burmeseclassic.com

www.burmeseclassic.com



အပျိုကြီးမအိတုံက ဆင်ခံနွာဝက်ကိုယ်လုံး မျက်ပေါက် ကျဉ်းကျဉ်း အရွယ်က ရင့်ရင့်။ သည်လိုအနေအထားမျိုးမို့ သီးချိန် တန်လို့လည်း မသီးခဲ့ရ၊ ပွင့်ချိန်တန်လို့လဲ မပွင့်ခဲ့ရသည့် သက်တမ်း ရင့် သစ်တစ်ပင်သာ ဖြစ်လိမ့်မည်။

သည်သို့ ပုံနှိုင်းပုံနှိုင်းပြီးမှသာလျှင် ချက်ရှုအဖို့ သူ့ဆရာ လေးအတွက် ရင်အေးသွားရတော့သည်။



နတ်တော်ချမ်းပြင်း၊ ဆီးနှင်းရောယှက်၊ နှမ်းပုံပျက် ဟူ၍ မိုးလက်ခံမှတ်စုတွင် ဖော်ပြထားသည့်အတိုင်း ဆောင်းပဟောမာန် အခါဆန်းလေတော့ အချမ်းဒဏ်က ပြင်းလာသည်။ ဆောင်း ကာလမို့ ညတာကလည်း ရှည်လျားလှပါဘိ။

အချိန်က ညဉ့်နက်နေပေပြီ။

သည်အချိန်မှပဲ ချက်ရှု အိမ်ပြန်လာဖြစ်တော့သည်။

အကြောင်းက . . . ပန်းတိမ်ဖိုမှာ အော်ဒါတွေကျနေသည့် အတွက် အချိန်ပိုအလုပ်ဆင်းနေရသောကြောင့် ဖြစ်သည်။ သည့် အတွက် ပန်းတိမ်ဖိုမှာပင် ထမင်းစားဖြစ်ခဲ့သည်။ အိမ်ရောက်တော့ ဆရာလေးကို မတွေ့။ အိပ်ကလည်းအိပ်ချင်နေပြီမို့ ဆရာလေး ပြန်အလာကို ထိုင်စောင့်မနေတော့ဘဲ အိပ်ရာထဲသို့ တန်းဝင်လိုက် သည်။ အိမ်ရှေ့တံခါးကိုတော့ စေ့ရုံသာစေ့ထားလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရာထဲဝင်တော့ ရှတ်တရက် အိပ်မပျော်သေး။

အိပ်မပျော်သေးသည့်အတွက် စိတ်ကူးတွေက တောင်ရောက်,မြောက်ရောက်။

"ဟင် ... ဘာသံပါလိမ့်"

ရှတ်တရက် အသံအချို့က ချက်စူနားထဲဝင်လာသည်။ အသံက ဘယ်ကမှလာသည်မဟုတ်။ ထရံခြားနေသော တစ်ဖက်ခန်းမှ အသံ၊ အသံရှင်ကား အပျိုကြီးမအိတုံပါတည်း။

"အို ... လွှတ်ပါဦး ဆရာလေးရယ် ...

တကတည်း အများတကာရှေ့မှာကျတော့ တကယ့်ကို ဝါတော်ရပုဂ္ဂိုလ်ကြီးကျနေတာပဲ၊ ဟွန်း ... ခုကျတော့လဲ နွားသိုးကြိုးပြတ်၊ အို ... အမေ့၊ အဲလို အတင်းကာရောတော့မလုပ်နဲ့ ... ဆရာလေးရာ၊ အိတုံ မနေတတ်တော့ဘူး ... ဘူး ... အမေ့ ..."

ချက်စူ ခေါင်းနပန်းကြီးသွားရသည်။

ရင်တွေ တဒိန်းဒိန်းခုန်လာရသည်။

တစ်ဖက်ခန်းမှစကားသံက ချက်စူအတွက် မယုံနိုင်လောက်စရာ၊ အံ့အားသင့်စရာကောင်းလောက်သည့် အနေအထားတွေဖြစ်နေသည်။ အိပ်ချင်နေသောစိတ်တို့ ဘယ်ကိုများလွင့်ပျောက်ထွက်ပြေးသွားလေသည်မသိ။

မျက်လုံးတွေ ကျယ်သည်ထက်ကျယ်လာတော့သည်။

အိပ်မရသော စိတ္တဇောကဖြင့် ချက်စူ၏အတွေးထဲ၌ သို့လောသို့လော ဖြစ်ရပြန်တော့သည်။ ဆရာလေးကား ... အပြောတစ်မျိုး အလုပ်တစ်မျိုးပုဂ္ဂိုလ်ပါကလား။ ပါးစပ်က ဘုရား,ဘုရား။ လက်ကတော့ ကားရားကားရား ဆိုသလိုမျိုးပါကလား။ ထိပ်တိုက်တွေ့ဆုံပြီး မေးမြန်းကြည့်တော့ ...



"မဟုတ်တာဘဲ ... ချက်စူရယ်၊ မင်းထင်ထားတာတွေ၊ မင်းကြားလာရတာတွေဆိုတာ တစ်ခုမှမဟုတ်ပါဘူး" တဲ့။

"ငါ့စိတ်ထဲ အပျိုကြီးအပေါ် ဘယ်လိုမှစိတ်မယိုင်ပါဘူး" တဲ့။

"အေး ... မအိတုံက ငါ့ကို တစ်ဖက်သတ်ကြိုက်နေတယ်ဆိုရင်ဖြင့် ငါ ဘယ်လိုမှမတတ်နိုင်တော့ဘူး ... သူ့စိတ်နဲ့သူ့ကိုယ်ပဲမဟုတ်လား။ သူ့ဘာသာသူ အနေအထိုင်မဟုတ်လို့ ပတ်ဝန်းကျင်က သို့လော,သို့လော ဖြစ်နေကြတယ်ဆိုရင်ဖြင့် ... ဖြစ်နေတဲ့သူပဲ နောက်ဆုံးအမောဆို့သွားကြမှာ" တဲ့။

ခုတော့ဖြင့် 'ရယ်ချင်လိုက်တာ' ဖတ်ဖတ်မော၊ ရင်ဘတ်နောက်က ကျော' ဆိုသလို ဖြစ်နေပါပေါ့လား။ သည်လိုမျိုး အပြောတစ်မျိုး အလုပ်တစ်မျိုးဖြစ်သည့် ဆရာလေးအပေါ်၌ ချက်စူ နည်းနည်းတော့တင်းသွားရသည်လေ။

ထိုအခိုက် အိမ်ရှေ့ခန်းဆီမှ ကျွီခနဲ တံခါးတွန်းဖွင့်သံနှင့်အတူ အိမ်ထဲလှမ်းဝင်လာသည့်ခြေသံကို ကြားရသည်။ ဒါ ... ဆရာလေးခြေသံပဲဖြစ်မည်။ တစ်ဖက်ခန်းမှာ နှစ်ပါးသွားလေးကခဲ့ပြီး ပြန်လာခဲ့ခြင်းသာဖြစ်မည်။

www.burmeseclassic.com

www.burmeseclassic.com



ကိုင်း ...ဘာငြင်းချင်သေးသတုန်း။

"ဟောကောင် ...ချက်စု၊ အိပ်ပြီလားကွ၊ အရေးပေါ် အစည်းအဝေးခေါ်လို့ စည်းဝေးနေလိုက်တာ ကြာသွား တယ်ကွာ"

ဟွန်း ဟွန်း ...ချော်လဲရောထိုင်လုပ်တာများ ချက်စု မသိဘဲနေမှာတဲ့လား။ ဆင်သေကို ဘယ်မှာလာ၍ ဆိတ်ရေဖြင့် ဖုံးလွှမ်းနိုင်မှာတဲ့နည်း။

ဟောဗျာ ...ဘယ်လိုဖြစ်ရပြန်တာတဲ့တုန်း။

တစ်ဖက်ခန်းမှအသံ။

"အိုး ...ဆရာလေးရယ်၊ ကြမ်းလိုက်တာ၊ လွှတ် ပါဦး ...အိတ့်အသက်ထွက်တော့မယ်၊ အသက်တောင် ဘယ်လိုရှူရမယ်မှန်းမသိတော့ဘူး။ ချစ်မယ်ချစ်တော့လဲ ဆရာလေးဟာက ကြောက်စရာကြီး ...အဟီး ..."

ဘယ်လိုတွေးကြည့်ရမှန်းမသိတော့။

ချက်စု အိပ်ရာမှအလူးအလဲထလိုက်သည်။ ဆရာလေးက အနားရောက်လာသည်။ အခြေအနေတွေက ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေသေးသည်မို့ ဆရာလေးအား ဘာမျှမပြောရန် အရိပ်အကဲ ပြလိုက်ရသည်။ ဆရာလေးမှာလည်း ဘာကိုဘယ်လိုနားလည် ရမှန်းမသိ၍ထင့်။ တကယ့်ကို ကြောင်စီစီ။

ထို့နောက် ဆရာလေးကိုလက်ကုတ်ကာ အပျိုကြီးအိပ်ခန်း နံဘေးမှ ထရံသားအပေါက်ကို အသာချကာ နှစ်ယောက်သား ချောင်းကြည့်လိုက်ကြသည်။



"အဲဒီလောက်ကြီး ဖိမထားနဲ့လေ ...ဆရာလေးရဲ့၊ အိတ့်အရိုးတွေ ကျိုးကြေသွားလိမ့်မယ်၊ အလဲ့လယ် ... အယ် ...သူ တော်တော်ကဲလာပြီနော်၊ အဟွန့် ... အိတ့် မနေတတ်တော့ဘူး။ ရှီး ...အယ် ...အယ်"

ချောင်းကြည့်မိသည့် ချက်စုနှင့် ဆရာလေးတို့နှစ်ဦးသား မျက်လုံးမျက်ဆန်များပြူးသွားကြကာ ရင်တွေလည်း တဒိန်းဒိန်း ခုန်လာကြသည်။

ချက်စုအဖို့ စောစောက အတွေးဝင်လာမိသည့်အပေါ် အမှားကြီးမှားသွားပြီဖြစ်၏။ အပျိုကြီး၏အဖြစ်က အိပ်ရာခုတင် ပေါ်ဝယ် ကိုယ့်ဖိုးကားယား။ အဝတ်အစားတွေကလည်း ဖိုရိုဖားရား။ ခွေါင်းအုံးကြီးက ပက်လက်ဖြစ်နေသော သူမ၏ခန္ဓာကိုယ်ပေါ်တွင် ရောက်နေ၏။ ထိုခွေါင်းအုံးကြီးကိုပင် အပျိုကြီးသည် လက်နှစ်ဖက် ဖြင့် ဖက်ထားရုံမက ခြေနှစ်ချောင်းပါ ချိတ်ထားလိုက်ပြန်သေး။

အမှန်တကယ် ကေန်စင်စစ် လက်တွေ့အဖြစ်ကား ...

အပျိုကြီးသည် ခွေါင်းအုံးကြီးအား ဆရာလေးအမှတ်ဖြင့် ဖက်ထားချိတ်ထားပြီး သူမစိတ်ထဲရှိသမျှစကားလုံးတို့ကို အိပ်မက် မက်ရင်း ယောင်ယမ်းပြောဆိုနေခြင်းဖြစ်၏။

ဩော် ...အပျိုကြီးအိတ့်၏ဝေဒနာကား ကုရာနတ္ထိ ဆေး မရှိတော့ပါကလားဟရို့ ...

ကျွတ် ကျွတ် ကျွတ် ...။



www.burmeseclassic.com

www.burmeseclassic.com

## [illegible]

တကယ်တော့ သည်အရွယ်ရောက်ပါလျက် အမြီးမပေါက်သေးဟုဆိုလျှင် ဆရာလေးကိုကြည်သာအတွက်တော့ ထူးမပွဆန်းမပွ မျောက်တစ်ကောင်ဟု ဝိသေသပြုရပေလိမ့်မည်။

စင်စစ် ...လိုတာမရ ရတာမလို ဖြစ်နေရခြင်းပင်။

အပျိုကြီးမအိတုံက ဆရာလေးကို နှစ်သက်မြတ်နိုး၏။

သို့ရာတွင် အပျိုကြီးမအိတုံ၏ မသိမသာ သိသိသာသာ မေတ္တာတွေပေးဝေနေမှုအပေါ် ဆရာလေးက မခံယူချင်။

ဆရာလေးကိုကြည်သာ၊ ရင်ခုန်နေသည်က အပျိုကြီးမအိတုံတို့ မျက်စောင်းထိုးအိမ်သို့ မကြာမတင်ကမှ ရောက်ရှိလာသော ဆယ်တန်းကျောင်းသူလေး ရှင်လဲ့ရည်ဆိုသည့် ဆယ့်ခြောက်နှစ်အရွယ် အလှသူငယ်မလေးအပေါ်ပဲ ဖြစ်သည်။ ရှင်လဲ့ရည်က ရန်ကုန်တွင် ကျောင်းတက်ပြီး ဆယ်တန်းစာမေးပွဲဖြေဖို့ရာအတွက်

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တွင်မဖြေဘဲ နယ်တွင် လာရောက်ဖြေဖို့ အချိန်မီပြောင်းရွှေ့လာခြင်း ဖြစ်သည်။

ရှင်လဲ့ရည်က ဆရာလေးတာဝန်ထမ်းဆောင်နေသည့်ကျောင်းမှ ကျောင်းအုပ်ဆရာကြီး၏ တူမရင်းဖြစ်သည်။ တစ်နေ့ကျောင်းလွှတ်ချိန်မှာ ဆရာကြီးက စကားဆိုသည်။

"ဆရာကိုကြည်သာကို အကူအညီတောင်းစရာရှိတယ်"

"ဘာများတုန်းဆရာကြီးရယ်၊ ကျွန်တော် ကူညီနိုင်တာရှိရင် ကူညီဖို့အဆင်သင့်ပါ"

"ကျေးဇူးပါပဲ ... ဆရာရယ်၊ ကျွန်တော်တောင်းတဲ့အကူအညီဆိုတာကလဲ ဆရာပေးနိုင်တဲ့အကူအညီပါ၊ ကိစ္စက ဆရာတို့ထမင်းလခပေးစားပြီး ငှားနေတဲ့အိမ်ရဲ့မျက်စောင်းထိုးအိမ်ဟာ ကျွန်တော့်အစ်ကိုကြီး ဦးဝင်းမောင်ရဲ့အိမ်ပါ"

"ဩော် ... သိပြီ၊ 'ရတနာကြမ်းခင်း သစ်ရောင်းဝယ်ရေး'လုပ်နေတဲ့ ဦးလေးကြီးမဟုတ်လား"

"သေချာတာပေါ့ ဆရာကိုကြည်သာရယ်၊ အစ်ကိုကြီးရဲ့သမီး ရှင်လဲ့ရည်ဆိုတာ ကျွန်တော့်တူမလေးပေါ့၊ တူမလေးက ဒီနှစ် ဆယ်တန်းဖြေရမယ်လေ၊ ရန်ကုန်မှာကျောင်းတက်တာ၊ ရန်ကုန်မှာလဲ ကျွန်တော့်အမျိုးတွေရှိနေတယ်မဟုတ်လား၊ အဲသည်မှာနေပြီးတက်တာ၊ အဲ-စာမေးပွဲဖြေတဲ့အခါကျရင် ရန်ကုန်မှာဖြေတာထက် နယ်မှာဖြေတာက ပိုပြီးအခွင့်အရေးရတယ်ထင်နေသလား မသိပါဘူး၊ ဒီနယ်မြေက စာစစ်ဌာနမှာ ပြန်လာပြီးဖြေမယ်တဲ့ဗျာ ... ဒါကတော့ သူတို့အပိုင်းပေါ့လေ။



ကျွန်တော့်အနေနဲ့ကတော့ စာမေးပွဲဖြေဆိုဖို့ လိုတဲ့အချိန်ကလေးတွေမှာ ကျွန်တော့်တူမလေး အားနည်းတဲ့အင်္ဂလိပ်စာဘာသာကို ကူညီသင်ပြပေးစေချင်ပါတယ်၊ သည့်အတွက် ... ဆရာလေးဘက်က လိုအပ်တာတွေကို ပြောပါ"

"ဟာ ... ဘယ့်နှယ်ပြောပါလိမ့် ဆရာကြီးရယ်၊ ဆရာကြီးတို့ ကျွန်တော်တို့က တစ်ဦးကိစ္စကိုတစ်ဦး ကူညီရမယ့်သူတွေပါ"

"ကျေးဇူးတင်လိုက်တာ ... ဆရာကိုကြည်သာရယ်၊ ဆရာလေးက အီးမေဂျာနဲ့ဘွဲ့ရလာတဲ့ပုဂ္ဂိုလ်၊ (၁၀)တန်းတုန်းကလဲ အင်္ဂလိပ်စာဂုဏ်ထူးထွက်ခဲ့တယ်ဆိုတာ ကျွန်တော် သိထားပါတယ်၊ အစ်ကိုကြီးကိုဝင်းမောင်ကလဲ ဆရာ့ကို အကူအညီတောင်းနိုင်းပါတယ်"

သည်ရွှေ့သည်မျှ ပြောဆိုလာတော့လည်း နဂိုစာတ်ခံကိုက သနားတတ်သော ဆရာလေးကိုကြည်သာအဖို့ ဆရာကြီးတောင်းဆိုသော အကူအညီအတွက် ပုတ်သင်ညိုကလေး ဖြစ်ရသည်သာတည်း။

သည်မှာတင် ဖျိုမျစ်နုနယ် လှသွေးကြွယ်၍ ရင်ဝယ်ရွှေရှားချင်စရာကောင်းလှသော ရှင်လဲ့ရည်အမည်ရှိသည့် အလှနတ်မိမယ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးကို ဆရာလေး တွေ့ဆုံပြီးသည့်သမယ တည်ငြိမ်လျက်ရှိသော ကန်ရေပြင်သည် သဲယောဇဉ်တည်းဟူသော ခဲလုံးကလေးတစ်လုံးကျလေရာ ဝိုင်းစက်နုတွေးစွာဖြင့် လှိုင်းဂယက်အစုအဝေးကလေးတွေ ဖြစ်ရပြန်လေတော့သတည်း။

သည်တော့ အပျိုကြီးမအိတုံက ဆရာလေးကို ကြိုက်၏။ ဆရာလေးက ဟင့်အင်း၊ ဆရာလေးက တပည့်မကလေး ရှင်လွဲ့ရည်အပေါ် နှလုံးသားလှုပ်ရှား၏။ ဤသို့ ကလေးကို မုန့်ပေးကြိုက်သလိုဖြစ်မည်စိုး၍ သမာဓိပိုး,ပိုး၏။

ဆရာလေးကိုကြည်သာ အမြီးပေါက်ပါပြီ။

သူ့နှလုံးသား၌ လှုပ်ရှားစပြုနေသောအချစ်အား ရှင်လွဲ့ရည်ရိပ်စားမိစေချင်သည်။ သည်အရွယ်ကြီးနှင့် စာပေးရအောင်ကလည်း မဖြစ်။ ခက်သည်က သည်ကလေးမကို စာသင်ပေးရသော ဆရာတစ်ဦး။ ဆရာနှင့် တပည့်မလေး၏ဆက်ဆံရေးသည် သမားရိုးကျ မဟုတ်ဘဲ ဆန်းဆန်းပြားပြား၊ စခန်းသွားခဲ့လျှင် ပတ်ဝန်းကျင်မှကဲ့ရဲ့စရာတွေ ဖြစ်လာလိမ့်မည်။ သည်တော့လည်း သူမသိ ငါပိုးလုပ်ရပေသည်သာ။

ခါတိုင်း သီချင်းဆိုခဲ့သော ဆရာလေးတစ်ယောက် ခုတစ်လော သီခ၊င်းလေးတအေးအေးနှင့်ဆိုတော့ ဆရာလေး၏အရိပ်အကဲအား အမြဲလိုအကဲခတ်နေသည့် ချက်စူအဖို့ ‘ငါ့ဆရာလေးတော့ ရိုးမှရိုးရဲ့လားမသိဘူး’ဟု အတွေးဝင်နေမိလေ၏။

“သူ့ကိုမှချစ်မိနေပါတယ် ××× တွေ့နေမြင်နေကျမို့
ပြေဖျောက်ဖို့လဲ မလွယ် ××× မျက်စိထဲ တဝဲလည် လည်



သူ့အလှ ××× ပင့်ကူမြွေးသဖွယ် ရစ်ပတ်ဖွဲ့နှောင်ထားလို့
ကိုယ့်ကိုကွယ် ××× စိုးမိုးနိုင်လွန်းတယ် ×××
ချစ်တဲ့စိတ်ကို ××× မြို့သိဝ်ကာ ထားဖန်များ ×××
စိတ်အားက ငယ်ငယ် ××× ဖော်ရွေလွန်းတဲ့ ချစ်စရာ
ကောင်းတဲ့ ချစ်သူရယ် ××× မောင် ××× ချစ်တဲ့အကြောင်း
ပြောတဲ့အခါမယ် ××× ငြိုငြင်မှာလားလို့ ××× စိုး ×××
စိုးထိတ်မိတယ် ×××”

သီချင်းက ရိုးရိုးမဟုတ်။

အံ့ပုန်းချစ်ဖြင့် စိတ်ထဲခံစားနေရသည့် တကယ့်ခံစားချက်အပြည့်ရှိသည့် သီချင်း။

သည်တော့ ဆရာလေးတစ်ယောက် ရှေးရှေးကလိုမဟုတ်တော့ဘဲ အချစ်ဝေဒနာ ခံစားနေရလေပြီလား။

“ဆရာလေးတော့ မရိုးတော့ဘူးထင်တယ်နော်”

“ဟာ ... ချက်စူကလဲ၊ ငါက ဘာများဆန်းပြားနေလို့လဲ”

“တစ်ခါမှသီချင်းမညည်းဘူးတဲ့သူက သီချင်းတွေဘာတွေညည်းလို့၊ ကြေနွ ... အပျိုကြီးမအိတုံကို မျက်စိကျနေပြီနဲ့တူတယ်”

“ဟာကွာ ... မဟုတ်ကဟုတ်က ပြောရော့မယ်”

“ဒါဆိုရင်တော့ ဟုတ်နေပြီ၊ အပျိုကြီးကလဲ ဆရာလေးကို မေတ္တာရှိတာ အသေအချာ၊ ဒါကြောင့် ည,ည အိပ်တာတောင် အိပ်မက်တွေဘာတွေမက်ပြီး ယောင်,ယောင်နေတာ ဆရာလေးလဲ အကြားပဲမဟုတ်လား”

www.burmeseclassic.com

www.burmeseclassic.com



"အေး ... အဲဒါကြောင့်ခက်နေတာပေါ့ကွ ချက်စုရ"

"မခက်ပါဘူး ... ဆရာလေးရယ်၊ ဆရာလေး ဖွင့်ပြောရမှာခက်နေရင် ဆရာလေးကိုယ်စား အပျိုကြီးကို ကျွန်တော် ပြောပေးမှာပေါ့"

"ဟာ ... ဟေ့ကောင်၊ တော်တော့ ... 'စကားနောက် တရားပါ' ဖြစ်နေလိမ့်မယ်၊ အပျိုကြီးက သူ့ဘာသာသူ ငေးငေးတက်နေတာ၊ ငါ့စိတ်ထဲမှာ ဘာမှမရှိဘူး၊ ကြာရှည် အဲဒီအိမ်မှာနေလို့ မဖြစ်တော့ဘူးထင်တယ်ကွ ..."

"ဆရာလေးကလဲဗျာ ... ကိုယ်မကြိုက်ရင်လဲ အနေသာကြီးပါ၊ ခုဟာ ... ကျွန်တော်တို့ဆရာတပည့် နေရေးစားရေးက ဒီမှာပဲအဆင်ပြေနေတာမဟုတ်လား"

"ပြေတာတော့ပြေတာပေါ့ကွာ ... ဒါပေမယ့် အပျိုကြီးရန်က ရှိတယ်ကွ၊ ဒါကြောင့် ပြောင်းဖို့ရွှေ့ဖို့ စဉ်းစားနေတာ၊ ကြာရင် သူ့စက်ကွင်းက မလွတ်ဘဲ ကွိခနဲဖြစ်သွားမှ အခက်ဖြစ်သွားမယ်"

"ဆရာလေးရယ် ... ကျွန်တော်ကြားဖူးတာပြောရရင် လောကမှာ ကိုယ်ချစ်ရှာရင် ဒုက္ခတွေ့ရသတဲ့၊ သူချစ်ကို ရရင် သုခနဲ့မွေ့ရသတဲ့၊ ခုကိစ္စမှာ ဆရာလေးအဖို့ သုခနဲ့တွေ့ရတယ်လို့ မှတ်ထားလိုက်ပါ"

"သွားစမ်းပါကွာ ... မင်းကလဲ၊ ငါ့ကို အချွန်နဲ့မ,နေပြန်ပါပြီ၊ မင်းနဲ့ငါက ဆရာတပည့်ဆိုလဲ ဟုတ်တယ်၊



ညီအစ်ကိုရင်းလိုလဲ ခင်မင်ကြတယ်ဆိုတော့ ဘာမှလျှို့ဝှက်ထားမနေတော့ပါဘူး၊ ငါ့စိတ်ဝင်စားနေတဲ့သူက တခြားမဟုတ်ဘူး၊ ငါ့ အင်္ဂလိပ်စာ သွားသွားပြပေးနေတဲ့ ရှင်လှဲ့ရည်ဆိုတဲ့ ကလေးမကိုပဲ"

"ဩော် ... ကျွန်တော်တို့ငှားနေတဲ့အိမ်နဲ့ မျက်စောင်းထိုးအိမ်က မိန်းကလေးမဟုတ်လား"

"အေး ... ဟုတ်တယ်"

"ဟာ ... ဆရာလေးကလဲ၊ ကျွန်တော့်အရွယ်ဆိုရင် ခပ်ဟုတ်ဟုတ်၊ ခုတော့ နံ့ပြီစုတ်ကို အမြောက်နဲ့ချိန်သလို ဖြစ်မနေဘူးလား၊ အဟားဟား ..."

"တော်ကွာ ... တော် ... အချစ်မှာ အသက်အရွယ်ဆိုတာ အရေးမပါပါဘူးကွ၊ ရန်ခုန်သံချင်းတူဖို့ပဲ လိုတယ်၊ ဒါတွေ မင်းနားမလည်သေးပါဘူး ... ချက်စုရယ်"

"ထားပါ ... ဆရာလေးရယ်၊ ထားလိုက်ပါတော့၊ ဆရာလေး စိတ်ချမ်းသာဖို့ရာ ဖြစ်လာပါစေလို့ ဆုတောင်းပါတယ်"

"ပြည့်ပါစေကွာ ... ပြည့်ပါစေ ... ကလေးမလေးက တကယ့်ကျောက်ရိုင်းတုံးကလေးပဲကွ၊ ငါ့နှလုံးသားအထဲမှာလဲ သူမှသူဖြစ်နေပြီ"

ဆရာလေးကို မြင်တွေ့ရသည်မှာ ဒိန်းဒလိန်းနတ် ဖမ်းစားခံနေရသည့်အတိုင်း၊ အင်းလေ ... မချစ်ဘူးတော့ အရူးလိုပါပဲလား

www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ... ကျွန်တော် ရှေ့တစ်ပတ်မှာ ရွာကိုခဏ ပြန်ဦးမယ် ... ဆရာလေးရေ့ယ်၊ မရောက်တာကလဲ ကြာ၊ အဘနဲ့ အမေတို့ကို ကန်တော့ချင်တာလဲပါဆိုတော့ ခဏ ပြန်ဦးမယ်နော် ..."

"ပြန်ပေါ့ကွာ ... အဘတို့အနေနဲ့ မင်းကို လွမ်းနေ အောက်မေ့နေကြမှာ အမှန်ပဲ၊ ခုဆို မင်းလဲ အသက်မွေးမှု အတတ်ပညာ တတ်နေပြီပဲ၊ ကိုယ့်ချွေးနဲ့စာနဲ့ရလာတဲ့ ငွေကြေးကို ကျေးဇူးဆပ်တဲ့အနေနဲ့ ပြန်ကန်တော့ပေါ့ကွာ"

"ဟုတ်ကဲ့ ... ဆရာလေး"

သို့ဖြင့် နောက်တစ်ပတ်အရောက်၌ ချက်ရှုတစ်ယောက် တမာတောရွာကလေးသို့ အလည်ပြန်သွားလေသတည်း။



တမာတောရွာကလေးမှာ တစ်ပတ်နှစ်ပတ်လောက်သာ နေမည်ဆိုသော်လည်း တကယ့်တကယ်ကျ တစ်လနီးပါးခန့် ကြာမြင့်သွားခဲ့၏။

ဒါကလည်း၊ အမေက ဆွဲထား၍ဖြစ်သည်။

သည်တော့ အမေတို့စိတ်ချမ်းသာဖို့အတွက် တစ်လခန့် နေဖြစ်သွားခဲ့၏။ အမေတို့က အလုပ်နှင့်အကိုင်နှင့်ဖြစ်လာသော ချက်ရှုအတွက် ဝမ်းသာနေကြသလို၊ မကောင်းမြစ်တာ ကောင်းရာ ညွှန်လတ်သည့် ဆရာလေးကိုကြည်သာကိုလည်း ကျေးဇူးတင်နေကြသည်။

"ဟဲ့ ... ချက်ရှု"

"ဘာလဲ ... အမေရဲ့"

www.burmeseclassic.com

"ဒီတစ်ခါ ကျောင်းပိတ်ရက်ရောက်ရင် တို့တမာတော ရွာကို ပြန်လာလည်ပါဦးလို့ ပြောလိုက်ပါဦး"

"ဟုတ်ကဲ့ . . . ပြောလိုက်ပါ့မယ် အမေ၊ အင်း . . . ပြောမယ့်သာပြောရ ဆရာလေး ပြန်လာလည်တောင်မှ လာဖြစ်မယ်မထင်ဘူး"

"ဟဲ့ . . . ဘာဖြစ်လို့လဲ"

"ဆရာလေးက မိန်းမလိုချင်နေပြီ အမေရဲ့"

"ဟယ် . . . ဟုတ်လား၊ တို့တမာတောမှာ အပျိုရွယ်၊ အပျိုလတ်၊ အပျိုကြီးတွေ ပေါ်မှပေါ၊ ဘယ်သူ့ကိုကြိုက်သလဲ၊ အမေတို့ကိုယ်တိုင် တောင်းရမ်းပေးမှာပေါ့ . . . နင့်ဆရာလေးကို ပြောလိုက်စမ်း"

"အမေတို့ပြောလဲ ဆရာလေးက ကျွန်တော်တို့တမာတောက မိန်းကလေးတွေကို ကြိုက်ဖို့ဝေးသေး၊ ဆရာလေးကြိုက်နေတာက (၁၀)တန်းဖြေမယ့်ကောင်မလေး တစ်ယောက် . . . အမေရဲ့"

"အင်းလေ . . . မှူးစာဖက်ဆိုတာကလဲ အဆန်းသား ကလား"

အဘတို့ အမေတို့ကို ကန်တော့ပြီးလေတော့ တမာတောရွာကလေးကို ချက်စု ကျောခိုင်းခဲ့သည်။

ဆရာလေးရှိရာ၊ သူ့လုပ်ငန်းဆွင်ဝင်ရမည့် ပန်းတိမ်ဖိုတည်ရှိရာ မြို့နယ်ကလေးကို ပြန်ရောက်အသွားမှာတော့ ချက်စုအဖို့ အံ့ဩကုန်နိုင်ဖွယ်ရာနှင့် တွေ့ကြုံရတော့၏။ ဘာကြောင့်ဆို . . .



ဆရာလေးကိုကြည့်သာနှင့် အပျိုကြီးမအိတုံတို့ အာဝါဟဝိဝါဟ ပြုကြတော့မည်ဆိုပါကလား။

ဘာတွေဘယ်လိုဖြစ်ကုန်ကြပါလိမ့် . . .

မှန်းထားတုန်းကတော့ အခြားတစ်ယောက်။ အမြောက်နှင့်ချိန်ရွယ်ထားမိလေသည့် နံ့ပြိုစုတ်။ ဟော . . . ပစ်ကွင်းထဲဝင်လာပြီး ခလုတ်ဖြုတ်လိုက်သည်က ဘယ်လိုမှထင်မှတ်မထားသည့် ဆရာလေးကိုယ်တိုင်ကပင် မလွဲလွဲအောင် ရှောင်နေရသည့် အပျိုကြီး။ ခုတော့ . . . ဆရာလေးနှင့် အပျိုကြီးတို့ ကျိန်းသေညားကြမည့် သတင်းစကားကြောင့် ချက်စု အံ့အားသင့်ရသည်။ သူ ပြန်မရောက်လာခင် လေးငါးရက်လောက်အလိုကပင် ရပ်ကွက်ရှိ လူကြီးသူမတွေနှင့်နားဖောက်ပြီး လက်ဖက်ရည်ပွဲကလေးကို ကျင်းပသေးသတဲ့။ သည်တော့ ဆရာလေး၏မင်္ဂလာသတင်းမှာ အသေချာကြီးသေချာနေပါပကော။

"ဘာတွေဘယ်လိုဖြစ်ကုန်တာလဲ . . . ဆရာလေးရာ၊ ကျွန်တော်တော့ ရှင်းကိုမရှင်းတော့ဘူး။ ထင်ထားတာက တခြား၊ လက်တွေ့ဖြစ်လာတာက တစ်မျိုး။ ကိုင်း . . . ပြောစမ်းပါဦး ဆရာလေးရယ် . . ."

"ဟာကွာ . . . ပြောမပြောချင်တော့ပါဘူး"

ချက်စု၏အမေးစကားကြောင့် ဆရာလေး ရယ်ကျဲကျဲပြုံးနေသည်။ ကာယကံရှင်က မပြောချင်ပါဘူးဆိုလေ တစ်ဖက်သားမှာ ပို၍သာ၍ သိချင်လေပင်။

www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေးရယ် … ကျွန်တော်နဲ့ ဆရာလေးတို့ အကြားမှာ ဘယ်လိုမျိုးအကာန့်တွေခြားနေလို့ မပြောချင်ရတာလဲ၊ ပြောစမ်းပါ … ဆရာလေးရဲ့"

"အေးကွာ … ဒီလိုဆိုတော့လဲ မင်းသိအောင် ပြောရသေးတာပေါ့၊ ဒါပေမယ်လို့ ငါပြောတာတွေကိုတော့ ဘယ်သူမှမသိစေချင်ဘူး၊ လူတွေသိသွားရင် ငါတော့ ရှက်လွန်းလို့ လဲသေမိမှာ အမှန်ပဲ"

"ဆရာလေး မသိစေချင်ရင် ဖုံးကွယ်ထားမှာပေါ့၊ ပြောမှာသာပြောပါ … ဆရာလေးရယ်"

"အေးကွာ … အမှန်မတော့ အပျိုကြီးမအိတုံကို နည်းနည်းလေးမှ ငါ့ဘက်က စိတ်မဝင်စားမိတာ အမှန်ပဲ …"

"အဲဒါ … ကျွန်တော်လဲသိတယ်လေ"

"အေး … မင်းသိတာက တစ်ပိုင်းပေါ့၊ လူ့စိတ်ဆိုတာမျိုးဟာ တစ်ခါတစ်ခါကျတော့လဲ အဆန်းသားကလား၊ အရင်တုန်းက လုံးဝစိတ်ကူးထဲမရှိပေမယ့် အပျိုကြီးရဲ့ ကျေးဇူးတရားကြောင့် ငါ့နှလုံးသားတွေ အကုန်လုံးစုပြုံပြီး အပျိုကြီးကို ပေးအပ်ဖြစ်သွားတယ်ဆိုပါတော့ …"

"ဘယ်လို … ဘယ်လို … အပျိုကြီးရဲ့ကျေးဇူးတရားကြောင့် … ဟုတ်လား"

"သေချာတာပေါ့ကွာ … သိပ်သေချာတာပေါ့။



တစ်နေ့ … မင်းကလဲ မင်းရဲ့တမာတောရွာကို ပြန်သွားတဲ့အချိန်ပေါ့၊ အဲသည်နေ့က ကျောင်းပိတ်တယ်ကွ၊ ငါလဲ ပျင်းပျင်းရှိတာနဲ့ မနက်စာ စားသောက်အပြီး ပက်လက်ကုလားထိုင်မှာ ခါးဆန့်ရင်း ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေတယ်။

အဲ … ခေါင်းရင်းခန်းမှာ အပျိုကြီးမအိတုံက စက်ချုပ်နေတယ်၊ သူ့အဖေကြီး ရပ်ကွက်မွှာရုံဆောက်လုပ်ရေးအတွက်လာခေါ်လို့ လိုက်သွားတော့ ခေါင်းရင်းခန်းမှာ အပျိုကြီးတစ်ဦးတည်း၊ ငါ့အခန်းမှာလဲ မင်းမရှိတော့ ငါတစ်ယောက်တည်း …

အဲ … အဲသလိုဖြစ်နေတုန်း … စစ်ခနဲဆို ငါ့ချက်အောက်တစ်နေရာက မခံမရပ်နိုင်အောင် ကိုက်ခဲလာတယ်၊ တစ်ခါမှလဲ ဒီလိုမဖြစ်ဘူးတော့ အတော်ကြီးကို အထိတ်တလန့်ဖြစ်သွားတယ်၊ ဆိုကြပါစို့ကွာ … ချက်အောက်ကညစ္စာဟာ ဝမ်းဗိုက်ထဲ အတင်းတိုးဝင်သလိုမျိုး၊ ငါလဲ တအီးအီးတအားအားနဲ့ ကုလားထိုင်ပေါ်က ဆင်းပြီး ကြမ်းပြင်မှာ လိမ့်နေတော့တာပဲ၊ ချွေးသီးချွေးပေါက်တွေ ကျလို့ပေါ့ …

ငါ့အသံကြားလို့ထင်ပ မအိတုံကြီးဟာ အူယားဖားယားဆိုသလို ငါ့အခန်းပြေးလာတယ်၊ ငါ့လက်နှစ်ဖက်ရဲ့ ပကာတိအနေအထားကို မြင်သွားတယ်၊ အဲဒီတော့ … 'မပူနဲ့ ဆရာလေး … ဆရာလေး ဘာမှမဖြစ်တော့ဘူး၊

www.burmeseclassic.com

အိတုံ ကဲဒီရောဂါအကြောင်း နားလည်တယ်၊ ချက်ချင်း ပျောက်သွားစေရမယ်' လို့ပြောပြီး သူ့အခန်းဘက် ပြန်ကူး သွားတယ်၊ ငါ့မှာတော့ကွာ အသက်ဘယ်တော့ထွက်မလဲ လို့ အထိတ်ထိတ်အလန့်လန့်နဲ့ ...

သိပ်မကြာဘူး။ မအိတုံ ပြန်ရောက်လာပြီး ဘာအမွှေး တွေမှန်းမသိပါဘူးကွာ၊ မီးမြှိုက်ပြီး ငါ့ကိုရှူခိုင်းတယ်၊ ငါလဲ ဖြစ်ချင်ရာဖြစ်ဆိုပြီး ရှူလိုက်တဲ့အခါ သေမတတ် ခံစားနေရတဲ့ဝေဒနာက ပြုန်းစားဆိုင်းစားကြီးဆိုသလို ပြန် ကောင်းသွားတယ်ကွာ ...

တကယ်တော့ ငါ့အသက်ကို အရှက်နဲ့လဲပြီး မအိတုံ က ကယ်တင်ခဲ့တာမဟုတ်လား။ တကယ်လဲ ငါ့အပေါ် ချစ်လို့ သူမို့လို့ကုပေးနိုင်ခဲ့တာ၊ သည်ကျေးဇူးတရားက နည်းနည်းနောနောဟုတ်မှာတဲ့လား။ ဒီကျေးဇူးတရားကို ငါ့အနေနဲ့ ပြန်ဆပ်ဖို့ရာ နည်းတစ်နည်းပဲရှိတယ်၊ အဲဒါက တော့ မအိတုံနဲ့ လက်ထပ်ဖို့ပဲ၊ ဒါဆို သူဖြစ်စေချင်တဲ့ ဆန္ဒတွေ ပြည့်ဝသွားပြီ၊ ငါနဲ့မင်းလဲ ထမင်းလခတို့၊ အိမ်လခတို့ လွတ်ငြိမ်းချမ်းသာခွင့်ရသွားပြီ၊ ကဲ ... ဟုတ်တယ်မလား''

''ဒါဆို ဆရာလေးကြိုတ်ပိုးနေတဲ့ ကောင်မလေးကို ကော ...''

''လက်လျှော့လိုက်ပါပြီကွာ ... အသက်အရွယ်က ကွာလွန်းတယ်၊ ပြီးတော့ ကိုယ်ချစ်ဖြစ်တဲ့အတွက် တစ်



သက်လုံး အလိုလိုက် အကြိုက်ဆောင်နေရမှာကွ၊ ခုတော့ သူချစ်ဖြစ်တဲ့ အပျိုကြီးမအိတုံကိုပဲ ငါ့ဘဝတစ်ခုလုံး ပုံအပ် လိုက်ပါပြီ''

ဆရာလေး၏အဖြစ်ကိုကြည့်လျက် ချက်စူအဖို့ ဘာပြန် ပြောရမှန်းမသိအောင် ဖြစ်သွားရချေ၏။

သြော် ....အပျိုကြီးတို့ထားရှိသော မေတ္တာကလည်း အဆန်းမှအဆန်းပါပဲကလား။ 'အချစ်ရေးအတွက်ဖြင့် အမွှေးတွေ ကုန်ကုန်'ဟု ဆိုရပါချိမ့်။



www.burmeseclassic.com

[illegible]

သည်နေ့ကား . . . ဆရာလေးကိုကြည်သာနှင့် အပျိုကြီး မအိတုံတို့ ရှေးပရိပရက မနေးကြဆခဲ့သည့်အတိုင်း နှစ်ပြားဂပေ ဆက်ကာ စုလျှားရစ်ပတ် လက်ထပ်ကြသောနေ့ပေတည်း။

သည့်အတွက် ကာယကံရှင် ဆရာလေးနှင့် မအိတုံတို့ တော့ မည်သို့နေကြလိမ့်မည်မသိ။ ချက်စူကတော့ အပျော်ကြီး ပျော်နေသည်။ မနက်ဘက် ညှော်ပရိသတ်တွေကိုညှော်ခံတော့ ချက်စူ ခမျာ သူ့ဆရာလေးကိုစွအတွက် လိုက်လံညှော်ခံရသည်မှာ ချွေး တလုံးလုံးနှင့်၊ စားသောက်ဖို့ ကျွေးမွေးရေးအဖွဲ့နှင့်လည်း တရှုံ့ရှုံ့၊

ချက်စူတို့ဆရာတပည့် သည်မြို့သည်ဒေသကလေးမှာ အနေကြာလာတော့လည်း ဒေသခံတွေနှင့် ရပ်ဆွေရပ်မျိုးတွေလို ဖြစ်လာကြသည်မှာ မဆန်းတော့။ ချက်စူအဖို့ သူနှင့်သက်တူရွယ်တူ ကာလသားတွေနှင့်လည်း တကယ့်ငယ်ပေါင်းကြီးဘက်သဖွယ် ရင်းနှီး

www.burmeseclassic.com

www.burmeseclassic.com



ခင်မင်နေကြပြီပင်။ ပန်းတိမ်ဖိုပိုင်ရှင် တရုတ်ကျင်ငွေကဆိုလျှင် ချက်စုကို အင်မတန်သဘောကျလျက်ရှိနေသည်။

"ချက်စုရေ . . . မင်းဆရာလေးလဲ သူ့အိမ်ထောင်နဲ့သူ ဖြစ်သွားပြီ၊ မင်းက လူပျိုလူလွတ်၊ သည်တော့ . . သည်ရက်တွေမှာ အဲသည်အိမ်မှာ သွားမအိပ်နဲ့၊ ငါ့အိမ်မှာပဲ အိပ်၊ ငါ့အိမ်မှာပဲ စား၊ ဟုတ်ပလား၊ ဘာကြောင့်လဲဆိုတာ မင်းသဘောပေါက်မှာပါ"

သည်လောက်တော့လည်း ချက်စု နားလည်သဘောပေါက်ပါသည်။ ချစ်ခင်စဖနီးမောင်နှံအဖို့ သည်အချိန်သည်ကာလဆိုသည် ပတ်ဝန်းကျင်ဘေးပယောဂ . . . အနှောင့်အယှက်တွေကင်းလေ၊ အကောင်းဆုံးဖြစ်လေပင်။ သည်တော့လည်း မင်္ဂလာဆောင်သို့ လာရောက်ချီးမြှင့်သော သူ့အလုပ်ပိုင်ရှင် ပန်းတိမ်ဖိုဆရာကြီး ဦးကျင်ငွေစီစဉ်သည်ကို ဝမ်းမြောက်ဝမ်းသာ လိုက်နာပါမည့်အကြောင်း အဖြေပေးခဲ့သည်။ ဆရာလေးကတော့ ဘွင်းဘွင်းရှင်းရှင်း။

"ကိစ္စမရှိပါဘူး . . . ချက်စုရယ်၊ မင်းနဲ့ငါနဲ့က ဘာမှအားနာနေရမယ့်လူ မဟုတ်ပါဘူး။ ကံတရားရဲ့အလှည့်အပြောင်းကြောင့် ငါ့မှာ တစ်အိုးတစ်အိမ် ဖြစ်သွားပေမယ့် ငါတို့နဲ့အတူနေလို့လဲ ရပါတယ်၊ ကြည်လဲကြည်ဖြူပါတယ်၊ စားလဲစားပါ၊ နေလဲနေပါကွာ . . . ဘာမှမဖြစ်ပါဘူး"

"ဆရာလေးဆီက ဒီစကားကြားရတာ အတိုင်းထက်အလွန် ဝမ်းသာပါတယ် ဆရာလေးရယ်၊ ဒါပေမယ့် . . .



ဒီတစ်ပတ်နှစ်ပတ်တော့ ကျွန်တော် ဦးကျင်ငွေတို့ပန်းတိမ်ဖိုမှာ စတည်းချဦးမယ်၊ ဟိုကလဲ လိုလိုလားလား ခေါ်နေလို့ပါနော် . . . ဆရာလေး"

"ဒါဆိုလဲ ရပါတယ် ချက်စုရယ်၊ တစ်ဆက်တည်းဆိုသလို ဒီကာလသားတွေကိုပြုစုဖို့ မင်းပဲ တာဝန်ပေးလိုက်မယ်၊ လိုအပ်တာတွေ ကျေနပ်အောင်ဖြည့်ဆည်းပေးလိုက်ပါ"

"စိတ်ချ . . . ဆရာလေး၊ ဒီကောင်တွေ ဒီည ပျော်သွားကြမှာ မြင်ယောင်သေး . . ."

ဆရာလေးက ကာလသားအဖွဲ့ ပျော်ပျော်ပါးပါးချက်ပြုတ်စားသောက်ကြဖို့ ချက်စုလက်ထဲ ငွေထည့်ကာ တာဝန်ပေးလိုက်သည်။ သည်တော့လည်း၊ ချက်စုအပါအဝင် ကာလသားတစ်သိုက်တို့အညာသား၏ ချက်အရက်ဆိုင်သို့သွားကာ ကြွက်သားဘူးသီး ကာလသားယာဂုနှင့် တပျော်တပါး ချက်ပြုတ်စားသောက်ကြသည်။ စားလို့လည်းကောင်း၊ သောက်လို့ကလည်း ကောင်းလေသည်နှင့် အမျှ အားလုံးပင် ခပ်ထွေထွေဖြစ်နေကြတော့သည်။

"ဗျို့ . . . ကိုချက်စုကြီး"

"ဘာများတုန်း . . . မိုးကြိုးရဲ့ ထပ်သောက်ချင်သေးလို့လား၊ လိုရင်ထပ်မှာလေကွာ . . . ဆရာလေးက အပြည့်အစုံ လုပ်ပေးထားတာကွ"

"အဲဒါပြောမလို့မဟုတ်ဘူးဗျ၊ ဒီည ကျွန်တော်တို့ ဆရာလေးအိမ်ကို တိတ်တိတ်ကလေး သွားချောင်းရရင် ကောင်းမလားလို့"

www.burmeseclassic.com

www.burmeseclassic.com



"ဟာကွာ ... မကောင်းပါဘူး၊ သူတစ်ပါးကိုအနှောင့်အယှက်ပေးသလို ဖြစ်နေပါ့မယ်"

"အဲဒါခက်တာပေါ့ ... ကိုချက်စ္စရဲ့ အရသာတွေ အမျိုးမျိုးရှိကြတဲ့အထဲမှာ ဒီလိုမျိုး ညှားခါစလင်မယား အတွဲကို ချောင်းကြည့်ရတဲ့အရသာဟာ ဘယ်အရာနဲ့မှ မတူဘူးဗျာ၊ ဟုတ်တယ်နော် ... မောင်ထိုက်"

"သေချာတာပေါ့ ... မိုးကြိုးရာ၊ တစ်လောကမင်္ဂလာဆောင်သွားတဲ့ ကြက်ကုလားဘိုင်ကြီးနဲ့ အမိနာတို့ကို ချောင်းကြည့်ရတာများ ... အားလား ... မပြောပါနဲ့တော့ကွာ ..."

"မင်းတို့ဘာသာမင်းတို့ ချောင်းချင်ချောင်းပေါ့ကွာ၊ ငါတော့ မလိုက်တော့ဘူး ... တစ်နေ့လုံးပင်ပန်းနေလို့ ပန်းတိမ်ဖိုကို ပြန်ပြီးအိပ်တော့မယ်"

"သဘောပါပဲဗျာ ... သဘောပါပဲ"

ကာလသားမိုးကြိုးတို့၏အဖွဲ့၌ ချက်စ္စမလိုက်ပါတော့ဘဲ စောစောစီးစီး ကိုအညာသားဆိုင်မှ ထွက်ခဲ့သည်။ လိုရမည်ရ မိုးကြိုးတို့သောက်ချင်သောက်နိုင်အောင် ချက်အရက်နှစ်လုံးဖိုး ပိုက်ဆံကိုပင် ပေးထားခဲ့သေး၏။

ချက်စ္စပြန်သွားတော့ မိုးကြိုး၊ မောင်ထိုက်၊ ပေါက်ကြီးနှင့် ကြက်တောတို့ထပ်ဖြိုကြပြီး ယနေ့ညအစီအစဉ်တို့ကို တီးတိုးတီးတိုး တိုင်ပင်နေကြသည်။



သို့ဖြင့် ရဲစခန်းမှ သံချောင်းခေါက်သံ (၁၁)ချက်တိတိ ထွက်ပေါ်လာခဲ့သည်။ ကောင်းကင်မှာတော့ (၁၀)ရက်လကလေးသည် လရောင်အတန်အသင့်ကို သွန်းလောင်းလျက်ရှိသည်။

"ကိုင်းဟေ့ ... အခါတော်ကျပြီ၊ သွားကြစို့ ... ဟိုရောက်ရင် ခြေသံတွေလုံပလေ့စေနော်"

"မိကျောင်းမင်း ရေခင်းပြမနေစမ်းပါနဲ့ မိုးကြိုးရာ၊ လင်းတာလောက်ကတော့ ငှက်တိုင်းလုပါတယ်၊ မင်းလိုပဲ အတွေ့အကြုံရှိကြတဲ့သူချည်းပါ"

အားလုံး တညီတညွတ်တည်းဆိုသလို ချက်အရက်ဆိုင်မှ ထလိုက်ကြသည်။ မိုးကြိုးတို့လေးယောက်သား အမှောင်ရိပ်ကို အားပြုလျက် သည်မနက်ကတင် မင်္ဂလာဆောင်အခမ်းအနားကျင်းပသွားခဲ့ရာ ဆရာလေးတို့အိမ်ဂေဟာသို့ ဦးတည်လိုက်ကြသည်။

"မင်းတို့ကို သတိပေးရဦးမယ်"

"ဘာများတုန်း ... မိုးကြိုးရ"

"ဟိုရောက်ရင် တို့များအထူးသတိပြုရမှာက အမျိုးကြီး၊ အဲ ... ဒီညတော့ အဲဒီရာထူးကို စွန့်လွှတ်ရတော့မယ့် မအိတုံရဲ့အဖေကြီးကိုပဲ၊ အဘိုးကြီးက လူကသာ ခပ်ပိန်ပိန်နဲ့၊ စိတ်ဓာတ်ကတော့ မာမှမာပဲကွာ ... မင်းတို့ ငါတို့ ပုံစံမကျရင် ထွက်လိုက်ချင်လိုက်နေမှာ၊ ပြောလို့ရတာမဟုတ်ဘူး"

"မပူစမ်းပါနဲ့ကွာ ... သည့်အတွက် ပညာသည်တို့ရာ နည်းလမ်းတွေရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြက်တောက သူ့အကြံအစည်နှင့်သူမို့ ဘာမျှမပူပင်ဘဲ အရေး ပြောလိုက်သည်။ အဘိုးကြီးတို့အိမ်ကား . . . သုံးပင်နှစ်ခန်း ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးဖြစ်ပြီး အိမ်မြင့်ကလေးဖြစ်သည်။ အနည်းငယ်မြင့်သည်မို့ အဆင်းအတက်ပြုနိုင်ရန် သုံးထစ်ရှိသောသစ်သားလှေကားထစ်အား အရှင်လုပ်ထားသည်။

မိုးကြိုး၊ မောင်ထိုက်၊ ပေါက်ကြီးတို့ အိမ်ခြေရင်းခန်းရှိ ထရံနံဘေးသို့ ခြေသံလုံလုံဖြင့် ချဉ်းကပ်လိုက်ကြချိန်ဝယ် ကြက်တောသည် အိမ်ရှေ့အဆင်းအတက်လှေကားကို မ,ယူ၍နေရာရွှေ့ထားလိုက်သည်။

“ရှူး . . .”

မိုးကြိုးတို့အားလုံး နေရာကောင်းကို ရွေးချယ်လိုက်ကြ၏။ သို့ရာတွင် သူတို့အတွက် ကံကြမ္မာက မျက်နှာသာမပေးခဲ့။ ဘာ့ကြောင့်ဆို ဆရာလေးကိုကြည်သာနှင့် မအိတုံတို့ ရွေးလည်တွဲကြသည့် ခြေရင်းခန်းသည် မှောင်မည်းလျက်ရှိ၏။ အိမ်ခေါင်းရင်းခန်း၏ ဝါးပက်လက်ကုလားထိုင်မှာတော့ ဆရာလေး၏ယောက္ခမ အဘိုးကြီးသည် အိပ်မနေဘဲ မီးမှုန်အိမ်အောက်၌ ဆေးပြင်းလိပ်ကို ခဲကာ မှိန်းနေလေသည်။

ပွဲကြီးပွဲကောင်းကြည့်ရမည်အထင်နှင့် မိုးကြိုးတို့ အားခဲထားလေသမျှ မုန်ချက်နှင့် နှမ်းထွက်ကား မကိုက်လေပြီ။

ခြေရင်းခန်းမှာတော့ မည်သည့်လှုပ်ရှားသံမှ မကြားရဘဲ တိတ်ဆိတ်ငြိမ်သက်လျက်ရှိ၏။ သည့်အတွက် ငြိမ်သက်ခြင်းဖြင့် မကြုံကြိုက်လိုသော ကာလသားရှုပ်အဖွဲ့သည် တစ် နှစ် သုံး ဟု ရေရွတ်လျက် . . .



“ဟား ဟား ဟား . . . ဟီး ဟီး ဟီး . . .”

ဟု အသံပေးပြီး ရှုံ့နိမ့်စွာထွက်လာသည့်အခိုက်ဝယ် အိပ်မပျော်သေးသော အဘိုးကြီးလည်း ကုလားထိုင်မှဝေါက်ခနဲထလျက်

“ဟေ့ . . . ဘယ်က တေလေဂျပိုးတွေလဲဟေ့ . . .
အချိန်မတော် သူများခြံထဲ ကျူးကျူးကျော်ကျော် . . .”

ဟူ၍ ကြိမ်းဝါးလိုက်သည်။

ဤတွင် မိုးကြိုးတို့အုပ်စုထံမှ အသံများထွက်ပေါ်လာ၏။

“ဘိုင်စကုတ်လာကြည့်တာဗျို့ . . .”

“ဟုတ်တယ် . . . ဟုတ်တယ်၊ ဇာတ်ကားပြီးသွားတာ မကျေနပ်ဘူးဗျို့ . . .”

“ဟီးဟီး . . . ဟားဟား . . .”

အဘိုးကြီး ဓာတ်ပေါက်သွားသည်ထင့်၊ ခေါင်းရင်း၌ထောင်ထားသော ဝါးဆစ်တုတ်ကို ဆွဲကိုင်ကာ . . .

“ကာလနာတွေ . . . သေပေတော့”

ဟုကြုံးဝါးကာ အိမ်ပေါ်မှအဆင်း ‘ဝုန်း’ ခနဲအသံနှင့်အတူ

“ေမာင်မယ်ခလေးဗျ . . .”

ဟူသည့် အသံကြီးပေါ်ထွက်လာသည့်သကာလ၊ မိုးကြိုးတို့အုပ်စု၏ ပြေးလွှားသံများမှာ တဖုတ်ဖုတ်ပေါ်ထွက်လာပါလေတော့သတည်း။

ပျော်ရွှင်ကြည်နူးနိုင်ကြပါစေ
မြို့မေတ္တာခံယူမယ့်
ကိုရွှေတောသား

www.burmeseclassic.com

www.burmeseclassic.com

အချစ်ရေး … အချစ်ရာ
ဝဲရှေးက ကကျိုကကြောင်မို့
ကျမ်းမာခေါင် ငြိကာချို့လျှင်မြင့်
ရယ်ရောကွယ် ကောင်းသကို။

အရွယ်မတန် ပညာမာန်
အလှမာန် ဝနမာန်နဲ့
ဟန်ရှုပ်ကာ မူရာများတယ်
ရှားတဲ့ မယ်ပျို။

သက်တမ်းဆို ထိုဘဝမှာတော့
ထန်းလျက်ဆမ်းသလို ချိုမမြဲနိုင်ဘူး
ရတာလည်း သူ မလို
လိုတာကို သူမရ
(တကယ်ပါ …)
ပျိုကညာလို အမူမလှ။

အရွယ်ပိုင်းလေမှ
စိတ်သွားတိုင်း ကိုယ်မပါတော့
ပင်စိတ်ဆာ သောကကြီးလေရဲ့
ထပြီးရင်း ထသေး
ရှူပြီးရင်း ရှူသဟာ
(အဲ … ဟုတ်ပေါင်)
နွတ်းနွကျူ။

မြို့လေဗျာခံယူမယ့်
ကိုရွှေတောသား

BURMESE CLASSIC
www.burmeseclassic.com